ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်၊ တနင်္ဂနွေနေ့၊ (18-10-2015) (၈၃၅၇)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လှိုင်ကော် ပြည်နယ်ပြည်သူ့ဆေးရုံကြီးနှင့် ဘီလူးချောင်းအမှတ်(၃) ရေအားလျှပ်စစ်စက်ရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၇

ကယားပြည်နယ် လွိုင်ကော်မြို့၌ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွိုင်ကော် ပြည်နယ်ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမ၌ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လွိုင်ကော် ပြည်နယ်ပြည်သူ့ဆေးရုံရှိ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)



## ကြေးမုံစာတည်းရှုထောင့် ၁၈-၁၀-၂၀၁၅၊ တနင်္ဂနွေနေ့

# တည်ငြိမ်မျှတ ဖွံ့ဖြိုးရေး

မျက်မှောက်ကာလတွင် လူတန်းစားမရွေး ပြည်သူများအားလုံး နေထိုင်မှုစိတ်အေးစေရန် နိုင်ငံတော်က အိမ်ရာစီမံကိန်းများကို ဒေသအနှံ့ အပြားတွင် အကောင်အထည်ဖော်ပေးနေသည်ကို မြင်တွေ့ရပါသည်။ တန်ဖိုးနည်း အိမ်ရာ၊ တန်ဖိုးမျှတအိမ်ရာ၊ တန်ဖိုးရှိအိမ်ရာ၊ ဝန်ထမ်းအိမ်ရာ စသည်ဖြင့် အကောင်အထည်ဖော်ပေးနေသည်မှာ အားရဖွယ်ဖြစ်သည်။

စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် နောက်ဆက်တွဲအကျိုးဆက်များကြောင့် စီမံကိန်း၏ရည်ရွယ်ချက် မပျောက်ပျက်အောင်လည်း အထူးသတိထားရသည်။ မြန်မာနိုင်ငံတွင် ဖြစ်လေ့ဖြစ်ထရှိတတ်သည်မှာ ငွေကြေးတတ်နိုင်သူ၊ အခွင့်အလမ်းရှိသူများက အများပြည်သူအကျိုးစီးပွားကို မငဲ့ကွက်ဘဲ မိမိကိုယ်ကျိုးစီးပွားတစ်ခုတည်းအတွက် ဝင်ရောက်ဈေးကစားခြင်း၊ ရေရှည်အကျိုးစီးပွားအတွက် ရင်းနှီးမြှုပ်နှံမှုပြုကြခြင်းကြောင့် မူရင်း ရည်ရွယ်ချက်များမှ သွေဖည်သွားတတ်မှု အစဉ်အမြဲဖြစ်တတ်သည်။

နိုင်ငံတော်၏စေတနာမှာ နေအိမ်မရရှိသေးသူများ နေအိမ်ရရှိရေး၊ အိုးပိုင်အိမ်ပိုင် မတတ်နိုင်သူများ အိုးပိုင်အိမ်ပိုင်ရရှိရေး၊ တဲပေါ်မှလူ တိုက်ပေါ် ရောက်ရှိရေး စသည့် မွန်မြတ်သောရည်ရွယ်ချက်များဖြင့် ဖော်ဆောင်ပေးနေသည်မှာ ကောင်းမွန်လှပါသည်။ သို့ရာတွင် ငွေကြေးတတ်နိုင်သူများအနက် တရားမဝင်စီးဝင်သည့်ငွေကြေးများဖြင့် အိမ်ခြံမြေဈေးကွက်သို့ ဝင်ရောက်လာခြင်းသည် မူလရည်ရွယ်ချက်ကို ပျောက်ပျက်သွားစေပါသည်။

ဖန်တီးဖော်ဆောင်ပေးထားသော အိမ်ရာမြေများကိုကြည့်မည်ဆိုလျှင် အမှန်တကယ်နေထိုင်ရန်လိုအပ်သောသူများ နေထိုင်ကြမှုများအပြင် မိမိတို့တွင် နေထိုင်ရန်ရှိပြီးဖြစ်သော်လည်း အနာဂတ်အတွက် ကြိုတင်မျှော်မှန်းပြီး ဝယ်ယူထားကြသူများ၊ တရားမဝင်ငွေကြေးများဖြင့် ရင်းနှီးမြှုပ်နှံထားကြသူများ၊ အချိန်အခါကိုစောင့်ပြီး အမြတ်အစွန်းအတွက် ဝယ်ယူထားကြသူများကိုလည်း တွေ့ရသည်။

အမှန်တကယ်တွင် မိမိတို့လိုအပ်ချက်အလိုက် လိုအပ်သလောက် နေထိုင်ရန်အတွက်သာ ဝယ်ယူထားကြမည်ဆိုလျှင် သတ်မှတ်ထားသောနှုန်းထားများအတိုင်း အိမ်ခြံမြေဈေးကွက် တည်ငြိမ်နေမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ငွေကြေးဖောင်းပွမှု ဖြစ်လေ့ရှိသောကြောင့် လူတို့အနေဖြင့် ငွေကြေးများကို ကိုင်တွယ်ထားလေ့မရှိဘဲ တန်ဖိုးတက်ပြီး ခိုင်မာသော ရွှေနှင့်အိမ်ခြံမြေများကို ဝယ်ယူထားကြလေ့ရှိသည်။ ထိုအခါ အမှန်တကယ်နေထိုင်လိုသူများအတွက် အခက်တွေ့စေသည်။

မြန်မာနိုင်ငံတွင် တရားမဝင်ငွေကြေးများ၊ တရားမဝင်နိုင်ငံခြားငွေများ အိမ်ခြံမြေဈေးကွက်သို့ စီးဝင်လေ့ရှိသည်။ ရွေးကောက်ပွဲအပြီးတွင် အိမ်ခြံမြေဈေးကွက်တည်ငြိမ်ပြီး အများပြည်သူဝယ်ယူနိုင်စွမ်းရှိသည့် အနေအထားသို့ ရောက်ရှိနိုင်ရန်အတွက် တရားမဝင် စီးဝင်နေသည့် ငွေမည်းများကို ပိတ်ဆို့ထားရန် လိုအပ်သည်ဟု အိမ်ခြံမြေကျွမ်းကျင်သူတို့က အများပြည်သူအတွက် စေတနာအရင်းခံဖြင့် အကြံပြုထားသည်။

လက်ရှိအချိန်တွင် အိမ်ခြံမြေဈေးကွက် ကျဆင်းမှုများရှိနေပြီး အရောင်းအဝယ်မရှိသလောက်ဖြစ်နေသော်လည်း ဈေးနှုန်းမှာ ကျဆင်းခြင်းမရှိချေ။ ထူးခြားသည့်အခြေအနေတစ်ရပ်ကို စောင့်ဆိုင်းနေပြီး အရောင်းအဝယ်အတွက် ခေတ္တစောင့်မျှော်နေခြင်းဖြစ်သည်။ အိမ်ခြံမြေဈေးကွက် အရောင်းအဝယ်ဖြစ်သည့်အခါတွင်လည်း အမှန်တကယ်နေထိုင်လိုသူများ ဝယ်ယူခြင်းမှာ နည်းပါးလှပြီး ဈေးကွက်ကိုလက်ဝါးကြီးအုပ်ကာ ဈေးကစားရန် ဝယ်ယူသူများသာ လှုပ်ရှားကြသည်။

မြို့ပြများဖွံ့ဖြိုးခြင်းနှင့် ပြည်သူများအခြေချနေထိုင်ခြင်းအတွက် တည်ငြိမ်မှန်ကန်သော အိမ်ခြံမြေဈေးနှုန်းများဖြင့် အမှန်ကယ်နေထိုင်လိုသူများ အလုပ်ဖြစ်ဖို့အရေးကြီးပေသည်။ လက်တွေ့တွင် အကောင်အထည်ဖော်ပြီးသား အိမ်ခြံမြေများကို ကြည့်မည်ဆိုလျှင် လူနေထိုင်ခြင်းမရှိသည့် အပိုဝယ်ယူထားသော အိမ်ခြံမြေများကို များသောအားဖြင့် တွေ့ရှိနိုင်သည်။

သို့ဖြစ်ရာ နေထိုင်ရန်လိုအပ်သော နေထိုင်စရာမရှိသော ပြည်သူများအား နိုင်ငံတော်က အိမ်ရာစီမံကိန်းများ ဆောင်ရွက်ပေးနေချိန်တွင် အိမ်ခြံမြေဈေးကစားခြင်းများအား ရှောင်ရှားနိုင်ရန်အတွက် အဘက်ဘက်က အသိတရားဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးမှ အောင်မြင်မည်ဟု ထင်မြင်ပါသည်။ ။

# နိုင်ငံတကာပညာရေးစနစ်နှင့်ကိုက်ညီသော အစိုးရနည်းပညာအထက်တန်းကျောင်းဖွင့်လှစ်ရန် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၁၇**


နည်းပညာနှင့်သက်မွေးပညာရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်စေရန် နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနနှင့် ဂျပန်နိုင်ငံ KAKE Educational Institution တို့အကြား နည်းပညာ အထက်တန်းကျောင်း တည်ထောင် ဖွင့်လှစ်နိုင်ရေးနှင့် စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို အောက်တိုဘာ ၁၄ ရက်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ၌ ဂျပန်နိုင်ငံ KAKE Educational Institution နှင့် ပူးပေါင်း၍ နည်းပညာအထက်တန်းကျောင်းတစ်ကျောင်းအား နိုင်ငံတကာ ပညာရေးစနစ်နှင့် ကိုက်ညီသော ပညာရေး ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတကာစံနှင့်အညီ မြန်မာလူငယ်များကို နည်းပညာနှင့်သက်မွေးပညာရပ်များ လေ့ကျင့်သင်ကြားပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက အဆိုပါ အခမ်းအနားတွင် ပြောကြားခဲ့သည်။

အဆိုပါ စီမံကိန်းအရ နိုင်ငံတကာ ပညာရေးစနစ်နှင့်ကိုက်ညီသော နိုင်ငံတကာအဆင့်မီ အစိုးရနည်းပညာ အထက်တန်းကျောင်းအား ရန်ကုန်တိုင်းဒေသကြီးတွင် တည်ထောင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အကောင်အထည်ဖော် ဆောင်ရွက်နေသော ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများတွင် လိုအပ်သည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ဂျပန်နိုင်ငံ KAKE Educational Institution မှ President Mr. Seishiro Murata နှင့် Secretary General Mr. Yoshito Watanabe တို့က နည်းပညာအထက်တန်းကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရေးနှင့် စပ်လျဉ်း၍ ပြောကြားပြီး နားလည်မှုစာချွန်လွှာကို နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုင်းကျော်နိုင်ဦးနှင့် Mr. Seishiro Murata တို့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**







# ဖားဆောင်းမြို့နယ် မော်ချီးဒေသမှ နေရပ်ပြန်သူများ လွိုင်ကော်မြို့သို့ ထပ်မံရောက်ရှိ

**လွိုင်ကော် အောက်တိုဘာ ၁၇**

ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးဒေသရှိ ခဲတွင်းများတွင် လာရောက်လုပ်ကိုင်နေသော လုပ်သားများနှင့် မိသားစုဝင်များ နေရပ်ပြန်နိုင်ရေး ပြည်နယ်အစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၁၄ ရက် ညပိုင်းအထိ လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး နှစ်ထပ်ဆွမ်းစားဆောင်တွင် ဖွင့်လှစ်ထားသော ယာယီကယ်ဆယ်ရေးစခန်းသို့ လူဦးရေစုစုပေါင်း ၄၇၅ ဦး ထပ်မံရောက်ရှိလာသည်။

ရောက်ရှိလာသူများအား ကျန်းမာရေးဌာနမှ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ညစာစားသောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊ ယာယီတည်းခိုနေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊ လွိုင်ကော်မြို့ပေါ်နေသူများအတွက် အိမ်အရောက်ပို့ဆောင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဖားဆောင်းမြို့နယ် မော်ချီးဒေသရှိ ကယ်ဆယ်ရေးစခန်းများသို့ အောက်တိုဘာ ၁၄ ရက်က ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ငရုတ်၊ အာလူး၊ ရေသန့်နှင့် ငွေကျပ် ၁၀ သိန်းအပါအဝင် စုစုပေါင်းတန်ဖိုး ငွေကျပ် ၃၅၉၅၉၀၀ အား ကယားပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

❑

# တောင်ဥက္ကလာပမြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ လုပ်ငန်းဆောင်ရွက်ပုံ သင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ရမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ ဆရာ ဆရာမများအား လုပ်ငန်းဆောင်ရွက်ပုံ သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၇ ရက်က အထက (၁) သီရိရတနာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးချစ်ဆွေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးမြင့်သန်းက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ရွေးကောက်ပွဲနေ့တွင် ဆောင်ရွက်ရမည့်မဲရုံဆိုင်ရာ လုပ်ငန်းကိစ္စ၊ နည်းစနစ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်ကော်မရှင်အဖွဲ့ဝင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်ကော်မရှင်ဥက္ကဋ္ဌများ၊ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူး တာဝန်ထမ်းဆောင်ကြမည့်ဆရာ ဆရာမ ၂၄၂ ဦး တက်ရောက်ကြပြီး သင်တန်းကို အောက်တိုဘာ ၁၇ ရက်မှ ၁၈ ရက်အထိ နှစ်ရက်ကြာ ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝင်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(မိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ၊ သီရိ

## ပြည်တွင်းရေးရာ

☆ **ရွှေဖုံးမှ**

တွေ့ဆုံပွဲတွင် ဆေးရုံအုပ်ကြီးက ဆေးရုံဆိုင်ရာအချက်အလက်၊ ဆရာဝန်နှင့် သူနာပြုအင်အား၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့်လုပ်ငန်းများ၊ ကျောက်ကပ်သန့်စင်စက်နှင့် ဆေးရုံသုံးပစ္စည်းများရရှိမှု၊ JICA အကူအညီဖြင့် တိုးချဲ့ဆေးရုံဆောက်လုပ်နေမှုနှင့် ဆေးရုံအတွက် လိုအပ်ချက်များကိုလည်းကောင်း၊ JICA မှ ကိုယ်စားလှယ် ဦးစည်သူဟိန်းက တိုးချဲ့ဆေးရုံအဆောက်အအုံပြီးစီးမှုရာခိုင်နှုန်း၊ အကျယ်အဝန်း၊ ပါဝင်မည့်ဌာနများ၊ စက်ပစ္စည်းများ တပ်ဆင်ပေးမည့်အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက လိုအပ်သည်များကိုလမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဆေးရုံ၌ ဆေးကုသမှုခံယူနေသည့် လူနာများအားရင်းရင်းနှီးနှီးနှုတ်ဆက်ကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကိုပေးအပ်သည်။ ထို့နောက်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး JICA အကူအညီဖြင့် ဆောက်လုပ်နေသည့် တိုးချဲ့ဆေးရုံတည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုသည်။

လွိုင်ကော်မြို့ ပြည်သူ့ဆေးရုံကြီးကို ၁၉၄၈ ခုနှစ်က (၂၅)ခုတင်ဆံ့ဖြင့် စတင်ဆောက်လုပ်ခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် ခုတင်(၆၀)ဆံ့၊ ၁၉၆၃ ခုနှစ်တွင် ခုတင်(၁၀၀)ဆံ့၊ ၁၉၆၈ ခုနှစ်တွင် ခုတင် (၁၅၀)ဆံ့နှင့် ၁၉၉၆ ခုနှစ်တွင် ခုတင် (၂၀၀)ဆံ့ဆေးရုံကြီးအဖြစ် အဆင့်ဆင့်တိုးမြှင့်ခဲ့ရာ ယခုအခါ ခုတင် (၅၀၀)ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဆေးရုံကြီးသည် ကျန်းမာရေးဝန်ဆောင်မှုကောင်းခြင်းနှင့် အခမဲ့ကုသပေးမှုများကြောင့် ဆေးကုသမှုခံယူသည့် လူနာများမှာ ၂၀၁၁ ခုနှစ်တွင် ၁၄၉၈၆ ဦး၊ ၂၀၁၂ ခုနှစ်တွင် ၂၀၇၀၆ ဦး၊၂၀၁၃ ခုနှစ်တွင် ၂၄၁၀၄ဦး၊ ၂၀၁၄ ခုနှစ်တွင် ၂၇၄၄၈ ဦးနှင့်၂၀၁၅ ခုနှစ် အောက်တိုဘာလအထိ ၂၄၀၅၄ ဦးအား ကုသပေးနိုင်ခဲ့သည်။

အဆိုပါဆေးရုံကြီးအတွက် ဆေးဝယ်ယူရန် ဘဏ္ဍာနှစ်အလိုက်တိုးတက်ခွင့်ပြုခဲ့ရာ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၆၀၀၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀၀ နှင့်၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ်သိန်း ၅၆၈၀ အထိ နိုင်ငံတော်မှ တိုးမြှင့်ခွင့်ပြုပေးခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ဘီလူးချောင်း အမှတ်(၃)ရေအားလျှပ်စစ်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်းကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဘီလူးချောင်း အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ အထက်ဘီလူးချောင်းပေါ်တွင် ရေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်နေမှု၊ ဘီလူးချောင်းမှ ရေသွယ်ယူမှု အခြေအနေ၊ မိုးပြဲရေလှောင်ကန်ဆိုင်ရာ အချက်အလက်များနှင့် ရေဝင်ရောက်မှုအခြေအနေ၊ ဘီလူးချောင်းစက်ရုံသုံးခုမှ ဓာတ်အားထုတ်လုပ်နိုင်မှုအခြေအနေ၊ ဘီလူးချောင်းအမှတ်(၂)စက်ရုံ ပြုပြင်ပြီးစီးမှုနှင့်လာမည့်နွေရာသီတွင် လျှပ်စစ်ဓာတ်အားတိုးတက်ဖြန့်ဝေနိုင်မည့် အခြေအနေ၊ ဝန်ကြီးဌာနနှင့် အများပိုင်ကုမ္ပဏီများပူးပေါင်းပြီး ပွန်ချောင်းပေါ်၌ တည်ဆောက်မည့် ရေအားလျှပ်စစ် စီမံကိန်း(၅)ခု၏အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဘီလူးချောင်းပေါ်တွင် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရန် အမေရိကန်နိုင်ငံ KTA ကုမ္ပဏီက ၁၉၅၃ ခုနှစ်တွင် စတင်လေ့လာအစီရင်ခံတင်ပြခဲ့ရာ ယင်းအစီရင်ခံစာကို အခြေခံ၍ ၁၉၅၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဂျပန်နိုင်ငံ Nippon Koei ကုမ္ပဏီမှ ဘီလူးချောင်းဒေသကို ကွင်းဆင်းလေ့လာပြီး ဘီလူးချောင်းပေါ်တွင် ဓာတ်အားပေးစက်ရုံ သုံးရုံတည်ဆောက်လျှင်(၁၂၄)မဂ္ဂါဝပ်ရရှိနိုင်ကြောင်းနှင့် အင်းလေးကန်မှရေကို ရေလှောင်ကန်တစ်ခုပြုလုပ်ထိန်းသိမ်းပေးခြင်းဖြင့် (၂၄၀) မဂ္ဂါဝပ်ခန့်ရရှိနိုင်ကြောင်း တင်ပြခဲ့သည်။



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လွိုင်ကော် ပြည်နယ်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသည့် လူနာကလေးငယ်အား လှည့်လည်ကြည့်ရှုစဉ်။**
(သတင်းစဉ်)

၁၉၅၄ ခုနှစ်တွင် ဘီလူးချောင်းအမှတ်(၂)ဓာတ်အားပေးစက်ရုံ၏ ပထမအဆင့်စက်သုံးလုံးကို တည်ဆောက်ခဲ့ရာ ၁၉၆၀ ပြည့်နှစ်တွင် ပြီးစီး၍ (၈၄) မဂ္ဂါဝပ်အား စတင်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ဘီလူးချောင်းအမှတ်(၂)စက်ရုံမှ ဒုတိယစက်သုံးလုံးအား ထပ်မံတပ်ဆင်၍ ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် တစ်နှစ်ပတ်လုံး ပုံမှန်ရေသွယ်ယူရရှိနိုင်ရန် မိုးပြဲရေလှောင်တမံကို ၁၉၆၇ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ရာ ၁၉၇၀ ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

မိုးပြဲရေလှောင်ကန်တည်ဆောက်ပြီးနောက် ဘီလူးချောင်း အမှတ်(၂) စက်ရုံ၏ ဒုတိယအဆင့်(၂၈)မဂ္ဂါဝပ် စက်သုံးလုံးကို ၁၉၇၀ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၇၄ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

ဘီလူးချောင်း အမှတ်(၁) ဓာတ်အားပေးစက်ရုံ (၂၈)မဂ္ဂါဝပ်ကို ၁၉၈၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၉၂ ခုနှစ်တွင်လည်းကောင်း၊ ဘီလူးချောင်း အမှတ်(၃)စက်ရုံကို ၂၀၀၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၁၄ ခုနှစ်တွင်လည်းကောင်း တည်ဆောက်ပြီးစီးခဲ့သဖြင့် ဘီလူးချောင်းဓာတ်အားပေးစက်ရုံ (၃)ခု၏ စုစုပေါင်းတပ်ဆင်စက်အင်အားမှာ(၂၄၈)မဂ္ဂါဝပ်ဖြစ်သည်။

အထက်ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်းကို ညောင်ရွှေမြို့၏ အနောက်တောင်ဘက်(၁၄)မိုင်(၄)ဖာလုံအကွာတွင်၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အပြီး လျာထားဆောင်ရွက်လျက်ရှိရာ ယခုအခါစီမံကိန်းတစ်ခုလုံး၏ ၃၃ဒသမ၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။ ယင်းစီမံကိန်းဆောင်ရွက်ခြင်းအားဖြင့် အင်းလေးကန်အတွင်းသို့ သဲနုန်းအနည်ဝင်ရောက်မှုကို ကာကွယ်တားဆီးပေးနိုင်မည်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် လွိုင်ကော်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘီလူးချောင်း အမှတ်(၃)ရေအားလျှပ်စစ်စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)




**ဘီလူးချောင်း အမှတ်(၃)ရေအားလျှပ်စစ်စက်ရုံ၏ ရေသွယ်ပိုက်လိုင်းအား တွေ့ရစဉ်။** (သတင်းစဉ်)

# တိုင်ဖုန်းမုန်တိုင်း “ကွတ်ပူ” နီးကပ်လာသဖြင့် ဖိလစ်ပိုင်ပြည်သူများ စိုးရိမ်မှုမြင့်တက်

**မနီလာ အောက်တိုဘာ ၁၇**

ဖိလစ်ပိုင်နိုင်ငံသို့ အားပြင်းသောတိုင်ဖုန်းမုန်တိုင်း ‘ကွတ်ပူ’နီးကပ်လာပြီဖြစ်သဖြင့် နိုင်ငံမြောက်ပိုင်းရှိ ဒေသခံများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ကြရန် အာဏာပိုင်များက ကြိုတင်သတိပေးချက်များ ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။



အဆိုပါတိုင်ဖုန်းမုန်တိုင်းကြောင့် နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုများနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်သည်။ အောက်တိုဘာ ၁၇ ရက်ကစပြီး နိုင်ငံအတွင်းရှိ လေကြောင်းလိုင်းများကို ယာယီရပ်ဆိုင်းထားရန်နှင့် ကမ္ဘာလှည့်ခရီးသည်များအပါအဝင် ဒေသခံများအား ဘေးကင်းလုံခြုံစေရေးအတွက် လူဇွန်ကျွန်းသို့ပြောင်းရွှေ့ကြရန် အာဏာပိုင်များက တိုက်တွန်းထားသည်။

တိုင်ဖုန်းမုန်တိုင်းသည် ပစိဖိတ်သမုဒ္ဒရာမှ အနောက်ဘက်သို့ ရွေ့လျားလျက်ရှိပြီး ဖိလစ်ပိုင်နိုင်ငံကို လာမည့် ၁၂ နာရီမှ ၁၈ နာရီအတွင်း တစ်နာရီ ကီလိုမီတာ ၁၆၀ နှုန်းဖြင့် တိုက်ခတ်နိုင်ဖွယ်ရှိကြောင်း အာဏာပိုင်များက ခန့်မှန်းထားသည်။ မြို့တော်မနီလာတွင် မိုးများစတင်ရွာသွန်းလျက်ရှိသည်။ မုန်တိုင်းတိုက်ခတ်မှုနှင့်အတူ မြေပြိုမှုများ၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်သဖြင့် ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းရှိ ဘေးအန္တရာယ်တားဆီးရေး အေဂျင်စီများမှ တာဝန်ရှိသူများက ဒေသခံပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် တိုက်တွန်းထားသည်။

သင်္ဘောများ၊ ငါးဖမ်းသင်္ဘောများကိုလည်း ဆိပ်ကမ်းတွင် ရပ်နားထားရန်တိုက်တွန်းထားသည်။ တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်နိုင်သဖြင့် မုန်တိုင်းလမ်းကြောင်းတစ်လျှောက်ရှိ ပြည်သူများကို အရေးပေါ်သတိပေးကြေညာချက်များကို အလေးပေးလိုက်နာကြရန်နှင့် လိုအပ်လာပါက နေရပ်ကိုစွန့်ပြီး ဘေးလွတ်ရာသို့ရွှေ့ပြောင်းကြဖို့ အဆင်သင့်ပြင်ဆင်ထားကြရန်လိုအပ်ကြောင်း သမ္မတ အကွီနိုက တီဗွီရုပ်သံလိုင်းတစ်ခုမှ တိုက်တွန်းထားသည်။

ဖိလစ်ပိုင်နိုင်ငံသည် ၂၀၁၃ ခုနှစ်က လူပေါင်း ၆၀၀၀ ကျော်သေဆုံးပြီး ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်စေခဲ့သော တိုင်ဖုန်း ‘ဟေရန်’၏ တိုက်ခတ်မှုဒဏ်ကို ဆိုးရွားစွာခံစားခဲ့ရသည်။

**ရိုက်တာ။**

# ဆောင်းဥတုအတွင်း ဥရောပသို့ ဒုက္ခသည်များဝင်ရောက်မှု လျော့နည်းသွားဖွယ်ရှိဟု ကုလခန့်မှန်း

**ဝါရှင်တန် အောက်တိုဘာ ၁၇**

ဆောင်းဥတုကာလအတွင်း လစ်ဗျားနိုင်ငံမှနေ၍ ပင်လယ်ရေကြောင်းလမ်းမှတစ်ဆင့် အီတလီနိုင်ငံသို့ ရောက်ရှိလာမည့် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူဦးရေ လျော့နည်းသွားမည်ဟု မျှော်လင့်ရကြောင်း ကုလသမဂ္ဂ တာဝန်ရှိသူများက ခန့်မှန်းပြောကြားကြသည်။

အအေးပြင်းထန်ခြင်းနှင့် လှိုင်းလေပြင်းထန်ခြင်းတို့ရှိသည့် ကာလမျိုးတွင် မြေထဲပင်လယ်ကိုဖြတ်၍ ဥရောပတိုက်သို့ရောက်ရှိရန် ကြိုးပမ်းသူဦးရေ လျော့နည်းသွားလေ့ရှိကြောင်း၊ နွေဥတုကာလအတွင်း ဥရောပနိုင်ငံများသို့ ဒုက္ခသည်များ ဝင်လာမစဲ တသဲသဲရှိခဲ့သော်လည်း ဆောင်းဥတုကာလတွင်မူ အခြေအနေမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်ဖွယ်ရှိကြောင်း ကုလသမဂ္ဂဌာနများက ခန့်မှန်းထားကြသည်။

သို့သော် ဆောင်းဦးပေါက်ရာသီအတွင်း ပင်လယ်ကို ဖြတ်ကျော်ခြင်းသည် ဘေးအန္တရာယ် ပိုမိုများပြားသော်လည်း တရားမဝင် ရွှေ့ပြောင်းသူဦးရေ အကျဘက်သို့ ဦးတည်သည့် လက္ခဏာကို မတွေ့ရပေ။ စက်တင်ဘာလကုန်တွင် တူရကီနှင့် ဂရိနိုင်ငံအကြား ပင်လယ်ခရီးတိုဖြင့် ဖြတ်သန်းသူ ရွှေ့ပြောင်းဒုက္ခသည်ဦးရေသည် တစ်ရက်လျှင် ၄၅၀၀ ခန့် ရှိခဲ့ရာမှ တစ်ရက်လျှင် ၇၀၀၀ အထိ ပိုမိုမြင့်တက်ခဲ့သည်။

ဆီးရီးယားဒုက္ခသည်အများစုက လက်ရှိအသုံးပြုနေသော လမ်းကြောင်းမှတစ်ဆင့် ဂရိနိုင်ငံသို့ ဝင်ရောက်လာသူ ဦးရေမှာမူ ကျဆင်းသွားဖွယ်မရှိကြောင်း နိုင်ငံတကာ ရွှေ့ပြောင်းအခြေစိုက် နေထိုင်ခြင်းဆိုင်ရာ အဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ဖလောရင့်စ်ကင်က ပြောကြားသည်။

ဆောင်းဥတုအတွင်း လက်ဘနွန်နှင့် တူရကီနိုင်ငံတို့ရှိ ဒုက္ခသည်စခန်းများသည် အအေးဒဏ်ကို ပြင်းထန်စွာ ခံစားကြလေ့ရှိသဖြင့် ယင်းစခန်းများရှိ ဒုက္ခသည်များ ရွှေ့ပြောင်းထွက်ခွာသွားမည်ဟု မျှော်လင့်ရကြောင်း ကင်က ပြောကြားသည်။ **ပီတီအိုင်။**

# နီပေါနိုင်ငံသို့ ဝင်ရောက်နိုင်သည့် နယ်စပ်ဂိတ် တရုတ်နိုင်ငံက ပြန်လည်ဖွင့်လှစ်ပေးပြီ

**ပေကျင်း အောက်တိုဘာ ၁၇** ။ ။နီပေါနိုင်ငံသို့ ဝင်ရောက်နိုင်သည့် နယ်စပ်ဖြတ်ကျော်ရေးစခန်းတစ်ခုကို တရုတ်နိုင်ငံက ပြန်လည်ဖွင့်လှစ်ပေးလိုက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာ ၁၆ ရက်တွင် ပြောကြားသည်။

နီပေါနိုင်ငံ၌ ပြီးခဲ့သည့် ဧပြီလက အပျက်အစီးကြီးမားလှသည့် မြေငလျင်လှုပ်မှုကြောင့် အဆိုပါ နယ်စပ်ဖြတ်ကျော်စခန်း ပျက်စီးခဲ့ရပြီးနောက် ယင်းစခန်းကို ပိတ်ထားခဲ့ရသည်။ နီပေါနိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပြဋ္ဌာန်းမှုကို ကန့်ကွက်သည့် ဆန္ဒပြသမားများက နယ်စပ်ဒေသကို ပိတ်ဆို့ထားသဖြင့် အိန္ဒိယနိုင်ငံထံမှ စားနပ်ရိက္ခာနှင့် စက်သုံးဆီများ တင်သွင်းနိုင်ခြင်း မရှိဘဲ ဖြစ်ခဲ့ရကြောင်း၊ အကျိုးဆက်အဖြစ် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်း ထိခိုက်ကာ ပြည်သူတို့ ဒုက္ခရောက်ကြရကြောင်း သတင်းတွင် ဖော်ပြသည်။

နယ်ခြားဖြတ်ကျော်ရေးဂိတ်နှစ်ခုကို ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တရုတ်နိုင်ငံက အဆောတလျင် ဆောင်ရွက်ပေးရန် နီပေါအစိုးရက မေတ္တာရပ်ခံခဲ့သည်။ နီပေါနိုင်ငံ၌ နွေဦးပေါက်ရာသီက လူပေါင်း ၉၀၀၀ ကျော် သေဆုံးခဲ့ရသော မြေငလျင်နှစ်ခု လှုပ်ခဲ့ပြီးချိန်မှစ၍ အဆိုပါ နယ်ခြားဖြတ်ကျော်ရေး ဂိတ်နှစ်ခုကို ပိတ်ထားခဲ့ရသည်။

နီပေါနိုင်ငံ၏ မြေငလျင်ဘေးဒုက္ခသည်များအတွက် လိုအပ်နေသော ထောက်ပံ့ရေးပစ္စည်းများကို နယ်ခြားဖြတ်ကျော်ရေး စခန်းမှတစ်ဆင့် ပြန်လည်ပေးပို့လျက်ရှိကြောင်း တရုတ်အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **ရိုက်တာ။**



# နီပေါနိုင်ငံ လွှတ်တော်သမိုင်းတစ်လျှောက်၌ ပထမဆုံး အမျိုးသမီးလွှတ်တော်ဥက္ကဋ္ဌရွေးချယ်

**ခတ္တမန္ဒူ အောက်တိုဘာ ၁၇**

နီပေါနိုင်ငံတွင် အွန်ဆာရီဂရာတီမာဂါသည် အောက်တိုဘာ ၁၆ ရက် ညနေပိုင်းတွင် ကျင်းပသော နီပေါနိုင်ငံ လွှတ်တော်၏ အညီအညွတ် ရွေးချယ်တင်မြှောက်မှုဖြင့် နီပေါနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌရာထူးကို ရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ယင်းရာထူးနေရာ၌ ရွေးချယ်ခြင်းခံရသူမာဂါသည် အသက် (၃၈)နှစ်အရွယ်ရှိသူဖြစ်ပြီး နီပေါနိုင်ငံအနောက်အလယ်ပိုင်းဒေသ ရိုလ်ပါဒေသတွင် မွေးဖွားသူဖြစ်ကာ ဟိမဝန္တာတောင်တန်းဒေသရှိ နိုင်ငံတစ်ခု၏ လွှတ်တော်တွင် ပထမဆုံးသော လွှတ်တော်ဥက္ကဋ္ဌဖြစ်လာသူ အမျိုးသမီးအဖြစ် သမိုင်းမှတ်တမ်းရေးထိုးနိုင်မည့်သူဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

နီပေါနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌသစ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အဆိုပါအမျိုးသမီးမှာ ယင်းရာထူးသစ်လက်ခံမရရှိမီ အောက်တိုဘာ ၁၅ ရက်အထိ နီပေါလွှတ်တော်၏ ဒုတိယဥက္ကဋ္ဌရာထူး၌ တာဝန်ထမ်းဆောင်ခဲ့သူလည်းဖြစ်သည်။

နီပေါနိုင်ငံတွင် ၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်းက ကျင်းပခဲ့သော ဒုတိယအကြိမ်မြောက် ပြည်သူ့ကိုယ်စားလှယ်များ မဲပေးရွေးချယ်ပွဲ၌ မာဂါသည် ဥပဒေပြုလွှတ်တော် အမတ်တစ်ဦးအဖြစ် နီပေါ(မော်ဝါဒီ)ကိုယ်စားပြုအဖွဲ့မှ ရွေးချယ်ခံရသူလည်းဖြစ်သည်။

**ဆင်ဟွာ။**

# ထျင်ကျင်းမြို့မှ ဓာတုပစ္စည်းလုပ်ငန်းကုမ္ပဏီများ စက်မှုဇုန်တစ်ခုသို့ ရွှေ့ပြောင်းပေးမည်

**ပေကျင်း အောက်တိုဘာ ၁၇**

တရုတ်နိုင်ငံ ထျင်ကျင်းပင်လယ်ဆိပ်ကမ်းမြို့၌ အခြေစိုက်သည့် ဘေးအန္တရာယ်ရှိ ဓာတုပစ္စည်းလုပ်ငန်း ကုမ္ပဏီများကို စက်မှုဇုန်တစ်ခုသို့ ရွှေ့ပြောင်းစေမည်ဖြစ်ကြောင်း၊ အဆိုပါစက်မှုဇုန်မှာ ယခုနှစ်ဩဂုတ်လအတွင်းက လူအသေအပျောက်များပြားသည့် ပေါက်ကွဲမှုများဖြစ်ပွားခဲ့သောနေရာမှ ဝေးကွာသောနေရာတွင် တည်ရှိကြောင်း တရုတ်နိုင်ငံပိုင် သတင်းဌာနက အောက်တိုဘာ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

စက်မှုပိုင်းဆိုင်ရာမတော်တဆမှုများ မကြာမကြာဖြစ်ပေါ်ခြင်းနှင့် ဩဂုတ်လအတွင်းက လူပေါင်း ၁၆၀ ကျော် သေဆုံးခဲ့ရသည့် ပေါက်ကွဲမှုကြီးများ ဖြစ်ပွားခြင်းတို့ကြောင့် ဆယ်ခုနှစ် သုံးစုတာကာလအတွင်း စီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာသော တရုတ်နိုင်ငံ၌ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးကို အလေးပေးရန် တောင်းဆိုမှုများ မြင့်တက်လာခဲ့သည်။

ဘေးအန္တရာယ်ရှိသောဓာတုပစ္စည်းများ ကိုင်တွယ်လုပ်ဆောင်သည့်ကုမ္ပဏီများကို ဩဂုတ်လအတွင်းက ပေါက်ကွဲမှုများဖြစ်ပွားခဲ့ရာဒေသမှ ကီလိုမီတာ ၃၀ (၁၉ မိုင်) ကွာဝေးသော နန်ကန်းစက်မှုဇုန်သို့ ရွှေ့ပြောင်းပေးမည်ဖြစ်သည်။ ယင်းစက်မှုဇုန်နှင့် အနီးဆုံးလူနေဒေသမှာ ၁၀ ကီလိုမီတာထက်မနည်း ဝေးကွာကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများအား ကိုးကား၍ ဆင်ဟွာသတင်း၌ ဖော်ပြသည်။

နန်ကန်းစက်မှုဇုန်သည် ကမ္ဘာ့အဆင့်မီ ပင်လယ်ဆိပ်ကမ်းနှင့် အကြီးစားဓာတုစက်မှုလုပ်ငန်းအခြေစိုက်စခန်းဖြစ်လာရန်ရည်မှန်းကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**








နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လွိုင်ကော်ပြည်နယ်ပြည်သူ့ဆေးရုံ တိုးချဲ့ဆေးရုံတည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

## ဘီလူးချောင်းမှရေသွယ်စနစ်ပြပုံ




## ဘီလူးချောင်းနှင့် အထက်ဘီလူးချောင်းတို့တွင်ဆောင်ရွက်ပြီး/ဆောင်ရွက်ဆဲ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းများ

| စဉ် | စက်ရုံ/စီမံကိန်းအမည် | တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်) | နှစ်စဉ်ပျမ်းမျှထုတ်လုပ်နိုင်မည့်ဓာတ်အား (ကီလိုဝပ်နာရီသန်းပေါင်း) | ပြီးစီးသည့်/မည့်ခုနှစ် |
|---|---|---|---|---|
| ၁ | ဘီလူးချောင်းအမှတ် (၁) စက်ရုံ | ၂၈ | ၂၀၀ | ၁၉၉၂ |
| ၂ | ဘီလူးချောင်းအမှတ် (၂) စက်ရုံ | ၁၆၈ | ၁၁၉၀ | ၁၉၅၄၊ ၁၉၇၄ |
| ၃ | ဘီလူးချောင်းအမှတ် (၃) စက်ရုံ | ၅၂ | ၃၃၄ | ၂၀၁၄ |
| | ပေါင်း | ၂၄၈ | ၁၇၂၄ | |
| ၄ | အထက်ဘီလူးချောင်းစီမံကိန်း | ၃၀.၄ | ၁၃၄.၆ | ၂၀၁၇ - ၂၀၁၈ |
| | စုစုပေါင်း | ၂၇၈.၄ | ၁၈၅၈.၆ | |

# လှပတော့မည့် မနက်ဖြန်များ

* ပြည်သူမျှော်မှန်း၊ ငြိမ်းချမ်းပန်းကို
ပွင့်လန်းစေရန်၊ ဆန္ဒမှန်ဖြင့်
ရည်သန်ပြည်ကျိုး၊ ဆောင်သယ်ပိုးသည်
မျိုးချစ်ဇာနည် ပီတကား။

* တည်ငြိမ်မှ အေးချမ်း
အေးချမ်းမှ ဖွံ့ဖြိုး
ဖွံ့ဖြိုးမှ တိုးတက်
မျိုးဆက်သစ် အနာဂတ်
ဆင့်ထပ်ခေတ်မီ၊ ဖွံ့ဖြိုးစည်အောင်
ရည်မျှော်လေးနက်၊ ခံယူချက်ဖြင့်
တွဲလက်ခိုင်ကျည်၊ ညီကြပြီတည့်
ဇာနည်သားကောင်း ပီတကား။

* တစ်အူထုံ့ဆင်း၊ ညီနောင်ရင်းမို့
သွေးချင်းစစ်မှန်၊ မျိုးချစ်မာန်ဖြင့်
ပြန်လှန်လေးစား၊ နှလုံးသားဖြင့်
ရိုးသားစိတ်ဝမ်း၊ ကိုယ်စီလွှမ်းကာ
ငြိမ်းချမ်းရေးကို၊ လက်ကမ်းကြိုသည်
ညီအစ်ကိုသားချင်း ပီတကား။

* သြော်. . . .
ဒို့ညီနောင်ထု၊ တည်ထောင်ပြုသည့်
ပြည်ထောင်စုကြီး၊ ရွှေခရီးဝယ်
"ဥ" လည်းမကွဲ၊ "သိုက်"လည်းမပျက်
တွဲလက်ခိုင်မာ၊ ချစ်ကြည်စွာဖြင့်
ညီညာဆောင်မှု၊ ပြည်ကျိုးရှုမို့
ပြည်သူ့သားပီ
အာဇာနည်များ၊ စွမ်းပကားကို
လေးစားဂုဏ်ယူ မဆုံးပြီတကား။
ပြည်သူအားလုံး ပီတိပွား။
လှပတော့မည့် မနက်ဖြန်များ။ ။

**၁၅-၁၀-၂၀၁၅ ရက်နေ့တွင်ကျင်းပခဲ့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပွဲကြီးသို့ ဝမ်းမြောက်စွာဂုဏ်ပြုလျက်. . . .**

မျိုးမြတ်မြတ်မြင့်မောင်

# မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေလွှမ်းမိုးသောဒေသများရှိ ပြည်သူများအတွက် ကျန်းမာရေးသတိပေးနှိုးဆော်ချက်

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုအန္တရာယ်၊ ရုတ်တရက်ရေလွှမ်းမိုးမှု အန္တရာယ်၊ မိုးကြိုးအန္တရာယ်၊ မြေပြိုမှုအန္တရာယ်၊ လျှပ်စစ်ဓာတ်လိုက်မှုအန္တရာယ်၊ ထိခိုက်မှုအန္တရာယ်၊ မြွေကိုက်မှုအန္တရာယ်နှင့် အအေးမိ၍ ဖျားနာခြင်း၊ အဆုတ်ရောင်ခြင်း၊ ကူးစက်ရောဂါများဖြစ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အစာအဆိပ်သင့်ရောဂါနှင့် အခြားကျန်းမာရေးပြဿနာများ ဖြစ်ပွားတတ်ပါသည်။ သို့ဖြစ်ပါ၍ -

၁။ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များမှထုတ်ပြန်သော လိုက်နာဆောင်ရွက်ရမည့် သတိပေးချက်များကို တိကျစွာ လိုက်နာပါ။

၂။ သက်ဆိုင်ရာမှ ညွှန်ကြားချက်ရမှသာ ယာယီနားခိုနေသော အဆောက်အအုံ၊ အမိုးအကာများ အောက်မှ ထွက်ခွာပါ။ ရေလွှမ်းမိုးနေချိန်တွင် ချိုင့်ခွက်နှင့် မြောင်းများအတွင်းသို့ ချော်ကျ၍ ရေနစ်နိုင်သည့် အန္တရာယ် ရှိသောကြောင့် သတိပြု၍ သွားလာပါ။

၃။ လျှပ်စစ်ဓာတ်လိုက်မှုအန္တရာယ်ရှိ၍ သတိပြုသွားလာပါ။

၄။ မြွေအန္တရာယ်ကြုံတွေ့ရတတ်သဖြင့် သတိပြုကြပါ။

၅။ ထိခိုက်ဒဏ်ရာရရှိပါက ဆေးရုံများနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ တွင် ချက်ချင်းပြသ၍ ဆေးကုသမှုခံယူပါ။

၆။ ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် အစားအစာနှင့် ရေမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ ဖြစ်ပွားနိုင်သဖြင့် ကျိုချက်ထားသောရေ (သို့မဟုတ်) ကလိုရင်းဆေးခတ်ထားသော ရေကိုသာသောက်ပါ။ မြစ်ရေ၊ ချောင်းရေနှင့် မသန့်ရှင်းသောရေများကို မသောက်ပါနှင့်။

၇။ အစာအဆိပ်သင့်မှုမဖြစ်စေရန် ရေမျောအစားအစာများနှင့် စည်သွတ်ဘူးများ၊ အခြားအမျိုးအမည်မသိ အစားအစာများ မစားသောက်ပါနှင့်။ (အစားအစာများကို မစားသောက်မီ စစ်ဆေးပါ။)

၈။ ရက်လွန်အစားအစာများနှင့် လတ်ဆတ်မှုမရှိသော အစားအစာ၊ သိုးနေသော အစားအစာများနှင့် သန့်ရှင်းမှု မရှိသော အစားအစာများကို မစားပါနှင့်။ အမှည့်လွန်အသီးများ မစားပါနှင့်။

၉။ သောက်သုံးရေအရင်းအမြစ်များနှင့် ရေတွင်းရေကန်များအနီး အညစ်အကြေးမစွန့်ပါနှင့်။

၁၀။ အအေးမမိစေရန် အမိုးအကာအောက်တွင်နေပါ။ နွေးထွေးသောအဝတ်များ ဝတ်ဆင်ထားပါ။ (ကလေးသူငယ်များကို အထူးဂရုစိုက်ပါ။)

၁၁။ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ကြပါ။

၁၂။ နာမကျန်းဖြစ်ပါက ကျန်းမာရေးဌာနတွင် ချက်ချင်းပြသ၍ ဆေးကုသမှုခံယူပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့ နက်သည့် အနည်းဆုံးအခကြေးငွေပြဿနာ

မောင်စေတနာ

မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အနည်းဆုံး အခကြေးငွေကို ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေဥပဒေနှင့်အညီ တစ်နာရီလျှင် ကျပ် ၄၅၀ နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်) အတွက် ကျပ် ၃၆၀၀ကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်က သတ်မှတ်ပေးလိုက်တဲ့ နောက်ပိုင်းမှာ အလုပ်ရှင်နှင့်အလုပ်သမားကြား လုပ်ခလစာနဲ့ပတ်သက်ပြီးတော့ အငြင်းပွားမှုတွေ အတော်လေးလျော့နည်းသွားမယ်လို့ မျှော်လင့်ခဲ့ကြသော်လည်း နောက်ထပ်ဖြစ်ပေါ်လာတဲ့ပြဿနာ တစ်ခုက အလုပ်ရှင်တွေအနေနဲ့ သတ်မှတ်ပေးထားတဲ့ အနည်းဆုံးလုပ်ခ ငွေကျပ် ၃၆၀၀ကို ဥပဒေနဲ့အညီပေးလာကြပေမယ့်လည်း ယခင်က မက်လုံးအနေနဲ့ပေးထားကြတဲ့ လုပ်သက်ကြေးတို့၊ ဆုကြေးတို့၊ ရက်မှန်ကြေးတို့၊ အပိုထောက်ပံ့ကြေးတို့၊ ဖယ်ရီကြေးတို့ စတာတွေကို လျှော့ပေါ့ဖြတ်တောက်လိုက်တဲ့အတွက် အလုပ်သမားတွေဘက်က မကျေနပ်မှုတွေဖြစ်ပေါ်နေတာကို တွေ့ရှိနေရပါတယ်။

ဒီနေရာမှာ အလုပ်ရှင်ရော အလုပ်သမားပါ လိုက်နာကြရမယ့် အနည်းဆုံးအခကြေးငွေဆိုင်ရာ ဥပဒေနဲ့ နည်းဥပဒေတွေကို လေ့လာကြည့်လိုက်တော့ အလုပ်သမားများအနေနဲ့ သတ်မှတ်ပေးထားတဲ့ အနည်းဆုံး အခကြေးငွေနဲ့ အဲဒီအခြေခံလုပ်ခလစာအပေါ်မှာ ဥပဒေနဲ့အညီ သတ်မှတ်ပေးထားတဲ့ အချိန်ပိုလုပ်ခကို ခံစားခွင့်ရှိပြီး ရက်မှန်ကြေး၊ ဆုကြေးနဲ့ ရှားပါးစရိတ်စတဲ့အပိုထောက်ပံ့ကြေးတွေကို အလုပ်ရှင်များက သူတို့ရဲ့လုပ်ငန်းအောင်မြင်မှုနဲ့အကျိုးအမြတ်တို့အပေါ်မှာ မူတည်ပြီးတော့ အလုပ်သမားကိုချီးမြှင့်နိုင်တယ်လို့ ဖော်ပြထားတဲ့အတွက် ဒီအပိုထောက်ပံ့ကြေးတွေကို ဥပဒေအရ အလုပ်ရှင်တွေက မဖြစ်မနေပေးရမယ်လို့ သတ်မှတ်ထားခြင်းမရှိတာကို တွေ့ရပါတယ်။ ဒါဟာလည်း အလုပ်ရှင်တွေအနေနဲ့ အလုပ်သမားတွေကို အလုပ်လုပ်အောင်၊ ကုန်ထုတ်စွမ်းအားတိုးတက်အောင် မက်လုံးပေးပြီး လုပ်ကြတဲ့လမ်းစဉ်တစ်ခုဖြစ်လို့ ဒီလို အပိုထောက်ပံ့ကြေးတွေကို နိုင်ငံတကာမှာလည်းလုပ်ငန်း အောင်မြင်မှုအပေါ် မူတည်ပြီးတော့သာ ပေးလေ့ရှိတာကို တွေ့ရှိရပါတယ်။

အခု ကျွန်တော်တို့မြင်တွေ့နေရတာက အဲဒီလိုအပိုထောက်ပံ့ကြေးတွေကို မဖြစ်မနေပေးရမယ်ဆိုပြီး တောင်းဆိုနေကြတာမျိုးဖြစ်ပါတယ်။ အလုပ်ရှင်အနေနဲ့ လုပ်ငန်းကျွမ်းကျင်သူတွေ၊ အလုပ်ကြိုးစားသူတွေကို အပိုထောက်ပံ့ကြေးပေးဖို့ ဝန်လေးမှာမဟုတ်သော်လည်း လုပ်ငန်းမကျွမ်းကျင်သူ၊ အလုပ် မကြိုးစားသူတွေကိုကျတော့ တန်းတူပေးဖို့ဝန်လေးကြမယ်ဆိုတာကို စဉ်းစားကြည့်ရင်သိနိုင်ပါတယ်။ ဘယ်နေရာမှာမဆို သူ့အကျိုးစီးပွားနဲ့ ကိုယ့်အကျိုးစီးပွားဆိုတဲ့အပိုင်းနှစ်ပိုင်းဟာ တစ်ပိုင်းနဲ့တစ်ပိုင်း အပြန်အလှန် အကျိုးပြုမှသာ ဖြစ်ထွန်းနိုင်မှာမို့လို့ ဒါတွေကို အလုပ်ရှင်ရော၊ အလုပ်သမားပါ သဘောပေါက်ကြဖို့ လိုပါတယ်။ လုပ်ခလစာဆိုတာ လုပ်အားနဲ့ တိုက်ရိုက်အချိုးကျနေသလို ကုန်ထုတ်စွမ်းအားနဲ့လည်း အပြန်အလှန် ဆက်စပ်နေတာကို သိရှိလက်ခံကြဖို့လိုပါတယ်။

အလုပ်သမားတွေဘက်ကလည်း အနည်းဆုံးအခကြေးငွေသတ်မှတ်ပြီးနောက်ပိုင်းမှာ မိမိတို့ရဲ့ အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုအဆင့်နဲ့အညီ သတ်မှတ်ထားသောကုန်ထုတ်စွမ်းအား ပြည့်မီအောင် ဆောင်ရွက်ရမှာဖြစ်သလို လက်ရှိရနေသောလုပ်ခသည် ဥပဒေအရ သတ်မှတ်ပေးထားသော အနည်းဆုံးအခကြေးငွေထက် လျော့နည်းပါက အလုပ်သမားသည် ဥပဒေအရသတ်မှတ်ပေးထားသည့် အနည်းဆုံး အခကြေးငွေနှင့်အညီ ခံစားခွင့်ရှိသကဲ့သို့ ဥပဒေအရ သတ်မှတ်ပေးထားသော အနည်းဆုံးအခကြေးငွေထက် ပိုမိုရရှိနေပါက ပိုမိုရရှိနေသောအခကြေးငွေကို အလုပ်သမားများ ဆက်လက်ခံစားခွင့်ရှိသည်ဟု အနည်းဆုံးအခကြေးငွေ နည်းဥပဒေမှာ ပါရှိတယ်လို့လည်း သိရှိရပါတယ်။ ဒါကြောင့် အလုပ်ရှင်ရော အလုပ်သမားပါ ဥပဒေနဲ့အညီ လိုက်နာဆောင်ရွက်ကြဖို့လိုမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အနည်းဆုံးအခကြေးငွေသတ်မှတ်ပေးပြီးခါမှ ရရှိတဲ့လုပ်ခလစာဟာ အရင်ကထက်နည်းသွားတယ်ဆိုပြီး တချို့အလုပ်သမားတွေ ပြောနေကြတဲ့အသံတွေကိုလည်း ကြားနေရပါတယ်။ အမှန်တကယ်ဟုတ်ခဲ့ရင်တော့ ဒါဟာမဖြစ်သင့်တဲ့ ကိစ္စတစ်ခုလို့လည်း ထင်ပါတယ်။

မြန်မာနိုင်ငံမှာ အခုလို အနည်းဆုံးအခကြေးငွေသတ်မှတ်ပြီးချိန်မှာ နောက်ဆက်တွဲဖြစ်လာတဲ့ နောက်ပြဿနာတစ်ခုကတော့ အထည်ချုပ်စက်ရုံအချို့ပိတ်သွားတာတို့၊ နစ်နာကြေးပေးပြီး အလုပ်သမားလျှော့ချနေတာတို့ပဲဖြစ်ပါတယ်။ အမှန်မှာတော့ မြန်မာနိုင်ငံက အထည်ချုပ်လုပ်ငန်းတွေမှာ တိုက်ရိုက်အလုပ်ရတဲ့စက်ရုံနဲ့ တစ်ဆင့်ခံအလုပ်ရတဲ့စက်ရုံဆိုပြီး နှစ်မျိုး နှစ်စားရှိရာမှာ အနည်းဆုံး အခကြေးငွေသတ်မှတ်ပြီးနောက်ပိုင်းမှာ တိုက်ရိုက်အလုပ်ရတဲ့ အထည်ချုပ်စက်ရုံတွေအတွက် ပြဿနာမရှိပေမယ့် လုပ်ခနည်းနည်းပဲရတဲ့ တစ်ဆင့်ခံစက်ရုံတွေအတွက် အခက်အခဲရှိလာတဲ့အပြင် အလုပ်အမှာစာရရှိမှုလျော့လာတဲ့အတွက် လုပ်သားအင်အားကိုလျှော့ချရတဲ့ အထည်ချုပ်စက်ရုံတွေရှိလာတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

အမှန်မှာတော့ အလုပ်နဲ့လုပ်သားအင်အားဟာ အချိုးကျတာမို့ အလုပ်လျော့လာရင် လုပ်သားအင်အားလျှော့ရတာက သဘာဝကျပါတယ်။ ဒီလိုအခြေအနေမျိုးမှာ မူလကတည်းက လုပ်သားလျှော့ချင်နေတဲ့ အလုပ်ရှင်တွေအတွက် အကွက်ကောင်းရပြီး မိမိတို့မလိုချင်တဲ့အလုပ်သမားတွေကို နစ်နာကြေးပေးပြီးလျှော့ချနေတာတွေလုပ်လာကြပါတယ်။ ဒီနေရာမှာ နဂိုကတည်းကအလုပ်ကြိုးစားပြီး ကျွမ်းကျင်မှုရှိတဲ့အလုပ်သမားတွေအတွက်ကတော့ ပြဿနာမရှိပေမယ့် ယခင်ကတည်းက အလုပ်မကြိုးစားဘဲ လုပ်ငန်းခွင်မှာ ပြဿနာလုပ်နေတဲ့ အလုပ်သမားတွေ အတွက်ကတော့ လုပ်သားအင်အားလျှော့တဲ့အထဲမှာပါကုန်တဲ့အတွက် မကျေနပ်မှုတွေ ဖြစ်နေတယ်လို့လည်း ကြားသိနေရပါတယ်။

တကယ်တော့ အလုပ်ရှင်နဲ့ အလုပ်သမားဆိုတာ အပြန်အလှန်အကျိုးပြုနေကြသူတွေဖြစ်လို့ ကိုယ်ကကောင်းရင် သူကပြန်ကောင်းမှာပဲဖြစ်ပါတယ်။ ဒါပေမယ့် အချို့သောစက်ရုံတွေမှာ အလုပ်ရှင်နဲ့ အလုပ်သမားတွေဟာ မိသားစုလိုမဟုတ်ဘဲ သူစိမ်းဆန်ဆန် အထိမခံဖြစ်နေကြတာကိုလည်း စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့နေရပါတယ်။ ဒီနေရာမှာလည်း အလုပ်ရှင်နဲ့ အလုပ်သမားကြားထိတွေ့မှုနည်းပြီး အပြန်အလှန်ကိုယ်ချင်းစာတရားမထားနိုင်ကြတာလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဒီလိုဖြစ်စဉ်တွေကို လေ့လာကြည့်တဲ့အခါ အလုပ်ရှင်တွေအနေနဲ့ မိမိစက်ရုံ၊ အလုပ်ရုံကို အရောက်အပေါက်နည်းပြီး လုပ်ငန်းခွင်စီမံခန့်ခွဲမှုကိစ္စတွေကို မန်နေဂျာတွေ၊ ကြီးကြပ်သူတွေနဲ့ လွှဲထားတဲ့အတွက်ကြောင့်လည်း အလုပ်ရှင်နဲ့ အလုပ်သမားတွေထိတွေ့မှုနည်းပြီး သံယောဇဉ်မရှိကြလို့ ပြဿနာဖြစ်လာရင် သည်းမခံကြဘဲ အကျိတ်အခဲတွေနဲ့ ဖြေရှင်းနေကြတဲ့အတွက် အပ်နဲ့ထွင်းလို့ရတဲ့ကိစ္စကို ပုဆိန်နဲ့ ပေါက်ပြီးဖြေရှင်းနေကြရတာ ဖြစ်ပါတယ်။ ဒီနေရာမှာ အလုပ်ရှင်တွေနဲ့ သူတို့ရဲ့မန်နေဂျာတွေ၊ ကြီးကြပ်သူတွေ ကွာခြားတာတစ်ခုက မန်နေဂျာတွေ၊ ကြီးကြပ်သူတွေဟာ အလုပ်ရှင်ကခွင့်ပြုထားတဲ့ အခွင့်အာဏာသာရှိပြီး ဒီထက်ပိုလွန်းတဲ့ အလုပ်သမားတွေရဲ့ လုပ်ခလစာနဲ့ လူမှုရေးကိစ္စတွေကို အဆုံးအဖြတ်မပေးနိုင်တဲ့အတွက် ဒီလိုမကျေနပ်မှုတွေ ကြာလာတာနဲ့အမျှ အကျိတ်အခဲဖြစ်လာပြီး တစ်ချိန်မှာ ပေါက်ကွဲကုန်တာမျိုးဖြစ်တာကိုလည်း မကြာခဏ တွေ့ကြုံနေရပါတယ်။

အခုလို အနည်းဆုံးအခကြေးငွေသတ်မှတ်ပြီးနောက် အလုပ်သမားလျှော့လိုတဲ့စက်ရုံတွေက အလုပ်အမှာစာနည်းလို့ ဆက်မလုပ်နိုင်တော့ဘူးလို့ အကြောင်းပြပြီး အလုပ်သမားတွေကို နစ်နာကြေးပေးပြီး အင်အားလျှော့နေကြတာကိုတွေ့ရပါတယ်။ အမှန်မှာတော့ အလုပ်အမှာစာတိုးပြီးရဖို့ဆိုတာ အေးချမ်းတည်ငြိမ်တဲ့ လုပ်ငန်းခွင်ရှိဖို့လိုသလို အရည်အသွေးကောင်းတဲ့ ပစ္စည်းတွေကို သတ်မှတ်ချိန်အတွင်း ထုတ်လုပ်ပေးနိုင်တဲ့စွမ်းအားရှိဖို့ လိုပါတယ်။ ပြည်ပနဲ့လည်း အဆက်အသွယ်ကောင်း၊ ဖောက်သည်ကောင်း ရှိဖို့လိုပါတယ်။ အဲဒီအခြေအနေကိုရအောင် မကြိုးစားဘဲ စက်ရုံပိတ်ခြင်း၊ အလုပ်သမားလျှော့ခြင်း စတဲ့ မလိုလားအပ်တဲ့ နည်းလမ်းတွေနဲ့ ဖြေရှင်းနေကြတာကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိနေရပါတယ်။ ဒီလုပ်ရပ်ဟာ အမြတ်အစွန်းတစ်ခုတည်းကိုသာကြည့်ပြီး လူမှုရေးကိစ္စတွေကို အလေးမထားတဲ့လုပ်ရပ်တစ်ခုလို့ ဝေဖန်သံတွေလည်းထွက်ပေါ်နေပါတယ်။

အနည်းဆုံးအခကြေးငွေနှုန်းထားသတ်မှတ်ပြီး နောက်ဆက်တွဲဖြစ်ပေါ်လာတဲ့ ပြဿနာတွေထဲမှာ အဓိကဦးစားပေးပြီး ဖြေရှင်းပေးနေရတဲ့ပြဿနာကတော့ အလုပ်သမားအချို့ကလည်း အခြေခံလုပ်ခလစာအပြင် အပိုဆုကြေးနဲ့ ထောက်ပံ့ကြေးတွေကို အရင်ကအတိုင်းပေးရမယ်ဆိုပြီး တောင်းဆိုနေတဲ့ကိစ္စနဲ့ အလုပ်ရှင်အချို့ကလည်း အနည်းဆုံးအခကြေးငွေသတ်မှတ်ချက်အတိုင်းပေးရတဲ့အတွက် အရင်ပေးခဲ့တဲ့ဖယ်ရီခနဲ့ အပိုထောက်ပံ့ကြေးဖြတ်ပစ်တာတို့၊ အဆောင်ခနဲ့ ထမင်းဖိုးတိုးမြှင့်လိုက်တာတို့ စတဲ့လူမှုရေးအရမလုပ်သင့်တာတွေ၊ ကိုယ်ချင်းစာတရားနဲ့ မိသားစုစိတ်ဓာတ်မထားနိုင်တာတွေကြောင့် ဖြစ်ပေါ်လာတဲ့ ပြဿနာတွေကို အစိုးရ၊ အလုပ်ရှင်နဲ့ အလုပ်သမား သုံးပွင့်ဆိုင်ဖြေရှင်းနေကြရတဲ့ကိစ္စပဲ ဖြစ်ပါတယ်။ အချို့သော အထည်ချုပ်စက်ရုံတွေမှာဆိုရင်လည်း လုပ်ခလစာပြဿနာမရှိပေမယ့် အလုပ်သမားလျှော့တဲ့အထဲမှာ အလုပ်သမားအဖွဲ့အစည်းဝင်တွေ ပါသွားတာနဲ့ အလုပ်သမားတွေဘက်ကရပ်တည်ပေးနေမှုကြောင့် အလုပ်ရှင်ကမကြိုက်တဲ့ အလုပ်သမားတွေပါသွားလို့ ဒီကိစ္စတွေအတွက် ပြဿနာဖြစ်နေကြတာမျိုးလည်း ပါဝင်နေတယ်လို့ သိရပါတယ်။

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့လည်း အနည်းဆုံးအခကြေးငွေ သတ်မှတ်ပြီးနောက်မှာ ဖြစ်ပေါ်လာနိုင်တဲ့ ပြဿနာတွေကို ကြိုတင်မျှော်မှန်းစီစဉ်ထားတဲ့အတွက် အလုပ်သမားလျှော့လိုက်တဲ့စက်ရုံတွေက အလုပ်သမားတွေကို အခြားစက်ရုံတွေမှာ အမြန်ဆုံးနေရာချထားပေးတာတွေကို ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။ အလားတူပဲ အသစ်ဖွင့်တဲ့စက်ရုံတွေမှာလည်း အလုပ်သမားတွေကို အမြန်တိုးမြှင့်ခန့်ထားပေးနိုင်ဖို့ ညှိနှိုင်းဆောင်ရွက်ပေးနေတာကိုလည်း တွေ့ရှိနေရပါတယ်။ ဒါ့အပြင် အနည်းဆုံးအခကြေးငွေသတ်မှတ်ပြီး နောက်ဆက်တွဲဖြစ်ပေါ်နေတဲ့ ပြဿနာတွေကို ဝန်ကြီးဌာနက တာဝန်ရှိသူတွေပါဝင်တဲ့ အဖွဲ့တွေခွဲပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းက စက်မှုဇုန်တွေမှာ လိုက်ပြီးညှိနှိုင်းဖြေရှင်းပေးနေသလို မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကလည်း မိမိတို့မြို့နယ်အလိုက် ဖြစ်ပေါ်နေတဲ့ အလုပ်ရှင်နဲ့ အလုပ်သမားပြဿနာများကို အချိန်နဲ့တစ်ပြေးညီညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးနေတယ်လို့လည်း သိရှိရပါတယ်။

လက်ရှိအချိန်မှာ မြန်မာအထည်ချုပ်လုပ်ငန်းများအပါအဝင်လက်ခစားလုပ်ငန်းတွေကထုတ်လုပ်တဲ့ ထုတ်ကုန်တွေကို ဥရောပသမဂ္ဂ (EU) နှင့် ကနေဒါနိုင်ငံတို့က အထူးကုန်သွယ်ခွင့် (GSP) အရ အကောက်ခွန်ကင်းလွတ်ခွင့်ပေးထားတဲ့အတွက် မြန်မာနိုင်ငံသားတွေသာမက နိုင်ငံခြားသားတွေကပါ ဒီအခွင့်အရေးကိုအသုံးချပြီး မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံနေကြတာကို တွေ့ရှိနိုင်ပါတယ်။ အလားတူပဲ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံရဲ့ ထုတ်ကုန်တွေကို အထူးကုန်သွယ်ခွင့် (GSP) ပေးဖို့စဉ်းစားနေတဲ့အချိန်မှာ အလုပ်သမားများရဲ့ တစ်ဦးချင်းဝင်ငွေနဲ့ မိသားစုလူမှုဘဝအာမခံချက် ဆိုင်ရာတိုးတက်မှု၊ လူမှုစီးပွားဆိုင်ရာမျှတမှု၊ အလုပ်ရှင်နဲ့ အလုပ်သမားမျှတစွာ အကျိုးအမြတ်ခွဲဝေမှုစတဲ့ အချက်တွေအပေါ်မှာ အခြေခံပြီး စဉ်းစားသွားမှာဖြစ်တဲ့အတွက် အလုပ်သမားတွေ လုပ်ခလစာ မလုံလောက်မှုကြောင့် မကြာခဏဆန္ဒပြတောင်းဆိုနေလို့ ကုန်ထုတ်လုပ်ငန်းတွေ မကြာခဏ ရပ်ဆိုင်းရမယ့်အခြေအနေရှိနေတဲ့ နိုင်ငံတွေက ထုတ်ကုန်တွေကို ကုန်သွယ်မှုအထူးအခွင့်အရေးပေးမှာ မဟုတ်တဲ့အတွက် ဒါတွေကို အလုပ်ရှင်တွေရော၊အလုပ်သမားတွေပါ မိမိတို့ရဲ့ ရေရှည်အကျိုးစီးပွားကို မျှော်ကိုးပြီးပူးပေါင်းစဉ်းစားကြဖို့လိုနေပြီဖြစ်ကြောင်း အသိပေးလိုပါတယ်။

ဒီနေရာမှာ အလုပ်ရှင်ရော အလုပ်သမားပါ အဓိကထားပြီးစဉ်းစားရမှာက မည်သည့်လုပ်ငန်းမှာမဆို အလုပ်သမားများရဲ့လုပ်ခဟာ သူတို့ရဲ့အခြေခံလိုအပ်ချက်ကို မဖြည့်ဆည်းပေးနိုင်ရင် လုပ်ငန်းများ မကြာခဏ ရပ်ဆိုင်းခြင်း၊ အလုပ်သမားများဆန္ဒပြခြင်းတို့ ဖြစ်ပေါ်နိုင်တဲ့အတွက် နာမည်ကြီးနိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအနေနဲ့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာမှာ အခကြေးငွေပိုပေးရတာထက် တည်ငြိမ်တဲ့လုပ်ငန်းခွင်များရှိရေးကိုသာပိုမို၍လိုလားကြကြောင်း၊ လုပ်ငန်းခွင်တည်ငြိမ်မှုမရှိလျှင် ရင်းနှီးမြှုပ်နှံသူများအနေနဲ့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံရန်ကိစ္စကို တွန့်ဆုတ်နေကြမည်ဖြစ်ကြောင်း၊ နာမည်ကြီးနိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအနေနဲ့ မိမိတို့ရဲ့ ဖောက်သည်အလုပ်ဌာနများက အလုပ်သမားများအတွက် နေထိုင်စားသောက်စရိတ် လုံလောက်အောင်ပေးထားသကဲ့သို့ ဖောက်သည်အလုပ်ဌာနများက လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိကိုလည်း စောင့်ကြည့်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှာ အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားနိုင်ငံများက သင်ခန်းစာများကိုရယူပြီး ဆောင်ရွက်သွားနိုင်ဖို့အတွက် ကမ္ဘာ့နာမည်ကြီးအထည်ချုပ်နဲ့ ဖိနပ်ထုတ်လုပ်တဲ့ အဖွဲ့အစည်းများနဲ့ ကုမ္ပဏီကြီးများက အထောက်အကူပြုသွားနိုင်ကြောင်း သဘောထားမှတ်ချက်များ ထုတ်ပြန်ထားတယ်လို့လည်း သိရှိရပါတယ်။

အားလုံးသိကြတဲ့အတိုင်း ၂၀၁၅ခုနှစ်ဟာ မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးတဲ့နှစ်တစ်နှစ် ဖြစ်နေသလို မကြာခင်မှာ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မှာဖြစ်လို့ နိုင်ငံရေးပါတီအသီးသီးက မိမိတို့ပါတီအနိုင်ရရေးအတွက် မဲဆွယ်စည်းရုံးနေတဲ့ကာလလည်း ဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာမြန်မာနိုင်ငံရဲ့အင်အား တစ်ခုဖြစ်တဲ့ အလုပ်သမားထုကြီးသည်လည်း သူတို့အတွက် အရေးပါတဲ့ကဏ္ဍမှာ ရှိနေပါတယ်။ အလုပ်သမားထုရဲ့အားကို သူတို့အလိုရှိနေမှာဖြစ်ပါတယ်။ ဤသို့သောအခြေအနေတွင် အလုပ်သမားထုကြီးကို နိုင်ငံရေးဇာတ်ခုံတစ်ခုအဖြစ် အသုံးချလိုသူများနဲ့ တောကြောင်များ၏ အသုံးချခံမဖြစ်ဖို့ သတိကြီးစွာထားရန် လိုအပ်ကြောင်း မြန်မာနိုင်ငံရှိ အလုပ်သမားထုကြီးကို စေတနာအရင်းခံဖြင့် အသိပေးလိုပါတယ်။

အမှန်မှာတော့ ဒီအနည်းဆုံးအခကြေးငွေသတ်မှတ်ပြီးနောက်ပိုင်းမှာ ဖြစ်ပေါ်လာတဲ့ ပြဿနာတွေဟာ အလုပ်ရှင်နဲ့ အလုပ်သမားကြားမှာ နှစ်ဦးနှစ်ဖက်နားလည်မှုရှိရှိနဲ့ ဥပဒေနဲ့အညီ ဖြေရှင်းကြမယ်ဆိုရင် အဆင်ပြေသွားနိုင်တဲ့ ပြဿနာတွေပဲဖြစ်ပါတယ်။ သို့သော် အလုပ်တစ်ခုကို အတူတူတွဲလုပ်နေကြသူအချင်းချင်း၊ သူမရှိလို့လည်း မဖြစ်သလို ငါမရှိလို့လည်း မဖြစ်တဲ့သူအချင်းချင်း၊ တောင်းဆိုသူနဲ့ လိုက်လျောနိုင်သူတို့အချင်းချင်း နားလည်မှုနှင့် ယုံကြည်မှုကို မတည်ဆောက်နိုင်လို့အခုလို အကျိတ်အခဲတွေ ကြီးမားလာပြီး မဖြစ်သင့်မဖြစ်ထိုက်တာတွေဖြစ်နေကြတာလို့ထင်ပါတယ်။ အလုပ်သမားများကလည်း အလုပ်ရှင်ပေးနိုင်သလောက်ကို ချင့်ချိန်ပြီး တောင်းသင့်သလို အလုပ်ရှင်များကလည်း အလုပ်သမားတွေဘက်ကိုစာနာပြီး မိမိတို့ပံ့ပိုးပေးနိုင်သလောက် ပံ့ပိုးပေးမယ်ဆိုရင် ဒီလုပ်ရပ်ဟာ နတ်လူသာဓုခေါ်မယ့်လုပ်ရပ်ပဲဖြစ်ပါတယ်။ ပြဿနာရှိရင် ဖြေရှင်းနိုင်မယ့်နည်းလမ်းရှိစမြဲဖြစ်ပါတယ်။ ဒီနည်းလမ်းကတော့ ဥပဒေနဲ့အညီဆောင်ရွက်ပေးနိုင်တဲ့ ကိစ္စတွေကို ဥပဒေနဲ့အညီ ဖြေရှင်းပေးပြီး ဥပဒေနဲ့အညီ ဆောင်ရွက်ပေးနိုင်မယ့် ကိစ္စမဟုတ်ရင်တော့ အလုပ်ရှင်နဲ့ အလုပ်သမားကိုယ်ချင်းစာတရားနဲ့ မိသားစုစိတ်ဓာတ်ကိုအခြေခံပြီး အချင်းချင်းနားလည်စာနာမှုတို့ဖြင့် ဖြေရှင်းဆောင်ရွက်သင့်ပါကြောင်း စေတနာကောင်းနဲ့အကြံပြုလိုက်ရပါတယ်။ ။

**အားလုံးသိကြတဲ့အတိုင်း ၂၀၁၅ခုနှစ်ဟာ မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးတဲ့နှစ်တစ်နှစ် ဖြစ်နေသလို မကြာခင်မှာ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မှာဖြစ်လို့ နိုင်ငံရေးပါတီ အသီးသီးက မိမိတို့ ပါတီအနိုင်ရရေးအတွက် မဲဆွယ်စည်းရုံးနေတဲ့ကာလလည်း ဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာမြန်မာနိုင်ငံရဲ့အင်အား တစ်ခုဖြစ်တဲ့ အလုပ်သမားထုကြီးသည်လည်း သူတို့အတွက် အရေးပါတဲ့ကဏ္ဍမှာ ရှိနေပါတယ်။ အလုပ်သမားထုရဲ့အားကို သူတို့အလိုရှိနေမှာဖြစ်ပါတယ်။**

ပြည်တွင်းရေးရာ

# မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီး အဆင့်မြှင့်တင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၇**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်သည် အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပ အထွေထွေရောဂါကု ဆေးရုံကြီး အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာဘုန်းရောင်က လူနာများလက်ခံကုသမှု၊ အဆောက်အအုံများ ဆောက်လုပ်မှု၊ ဝန်ထမ်းအင်အား လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးရုံများအားအဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ဖွင့်လှစ်ခြင်းများကို ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခုကဲ့သို့ အဆင့်မြှင့်တင်ဆောင်ရွက်ကြခြင်းအားဖြင့်ကုသမှုအရည်အသွေး ပိုင်းတိုးတက်လာပြီး နိုင်ငံတော်၏ ကျန်းမာရေး အဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်ပါကြောင်း။

ဤဆေးရုံတွင် လူနာများအား စွမ်းဆောင်ရည်ပြည့်ဝစွာ ကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရသည့်အတွက် ကျေးဇူးတင်ဂုဏ်ယူပါကြောင်း၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးကို ခုတင် ၁၅၀၀ ဆံ့ သင်ကြားရေးဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ထားပြီးဖြစ်ရာ ဝန်ထမ်းအင်အားလိုအပ်ချက်၊ ကျွမ်းကျင်ပညာရှင် လိုအပ်ချက်၊ အဆောက်အအုံလိုအပ်ချက်၊ စက်ပစ္စည်းကိရိယာ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားကာ တော်ဝင်မိသားစုကုမ္ပဏီမှ ဆောက်လုပ် လှူဒါန်းထားသော တိုးချဲ့ငါးထပ်ဆေးကုသဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးခဲ့သည်။

အဆိုပါ တိုးချဲ့ငါးထပ်ဆေးကုသဆောင်သည် ခွဲစိတ်ခန်းများ၊ နှလုံးရောဂါဆေးကုသဆောင်၊ သွေးရောဂါကုသဆောင်၊ ပြင်ပလူနာဌာနများ ပါဝင်တည်ဆောက်ထားသည့် နိုင်ငံတကာအဆင့်မီ ဆေးကုသဆောင်ဖြစ်သည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးတက္ကသိုလ် (ရန်ကုန်)သို့ ရောက်ရှိပြီး ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနွဲ့နွဲ့ဦး၊ ပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများအား တွေ့ဆုံ၍ ဝန်ထမ်းအင်အားလိုအပ်ချက်၊ သင်ကြားရေးအထောက်အကူပြုပစ္စည်းလိုအပ်ချက်များကို တာဝန်ရှိသူများနှင့်ညှိနှိုင်းဖြည့်ဆည်းပေးပြီး Quality Control Lab၊ Molecular Lab များအား ကြည့်ရှုစစ်ဆေးကာ ဓာတ်ခွဲခန်း သင်ကြားရေးလုပ်ငန်း ဆောင်ရွက်ရာတွင် လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်)သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများအားတွေ့ဆုံကာ နိုင်ငံတကာအဆင့်မီ စွမ်းရည်ပြည့်ဝသော၊ ဗလငါးတန်ပြည့်စုံသော ကျောင်းသား ကျောင်းသူများ လေ့ကျင့်မွေးထုတ်ပေးရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားပြီး စာသင်ဆောင်သစ်နှင့် လက်တွေ့စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ယာဉ်ပိတ်ဆို့မှုပိုမိုကြီးထွားစေသည့် မီးပွိုင့်လမ်းဆုံမျဉ်းဝါကွက်အတွင်း နေရာယူစောင့်ဆိုင်းသည့် ယာဉ်များမြင်တွေ့နေရဆဲ

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်မြို့တွင် ယနေ့ကာလ ကြုံတွေ့နေရသော ယာဉ်ပိတ်ဆို့မှုများသည် လမ်းဆုံများရှိ မျဉ်းဝါကွက်များတွင် ဖြတ်သန်းသွားလာမရသဖြင့် စီတန်းစောင့်ဆိုင်းနေရာယူနေမှုများကြောင့်လည်း အချိန်ကြန့်ကြာမှုပိုမိုဖြစ်ပွားစေသည်။ အောက်တိုဘာ ၁၆ ရက် နံနက် ၁၀ နာရီခွဲက မဟာဗန္ဓုလလမ်းနှင့် ဘုန်းကြီးလမ်းထောင့်မီးပွိုင့် မျဉ်းဝါကွက်အတွင်း အနောက်မှ အရှေ့သို့သွားသည့် မော်တော်ယာဉ်ငယ်အချို့ စီတန်းနေရာယူစောင့်ဆိုင်းမှုကို မြင်တွေ့ရသည်။ သို့ဖြစ်ရာ ဘုန်းကြီးလမ်းယာဉ်ကြောတွင် မီးစိမ်းအချက်ပြသော်လည်း ယင်းယာဉ်ကြောပေါ်ရှိယာဉ်များ သွားလာ၍မရဘဲရှိခဲ့သည်။ တာဝန်ရှိသူတစ်ဦးလာရောက်၍ ဆန့်ကျင်ဘက် တစ်ဖက်ယာဉ်ကြောမှ သွားလာစေခြင်းဖြင့် ဖြေရှင်းပေးခဲ့ရသည်ကို မြင်တွေ့ရသည်ဟု လမ်းသွားလမ်းလာတစ်ဦးကဆိုသည်။

အလားတူဖြစ်စဉ်မျိုး အနော်ရထာလမ်းပေါ်ရှိ မီးပွိုင့်လမ်းဆုံများနှင့် မဟာဗန္ဓုလလမ်းပေါ်ရှိ မီးပွိုင့်လမ်းဆုံများတွင် မြင်တွေ့နေရရာ ယာဉ်ကြောပိတ်ဆို့မှုကို ပိုမိုကြီးထွားမှုဖြစ်စေသည်။ ရန်ကုန်မြို့တွင်းအဓိကကျသော မီးပွိုင့်အချို့တွင် သတ်မှတ်ထားသော ချိန်ကိုက်အချက်ပြမှုအပြင် လက်တွေ့ကားလမ်းမပေါ်တွင် ဖြတ်သန်းသွားလာသည့် ယာဉ်အနည်းအများပေါ် မူတည်၍ အချက်ပြမှုများရှိသင့်သည်။ မဟာဗန္ဓုလလမ်းနှင့် ဘုန်းကြီးလမ်းထောင့် မီးပွိုင့်များတွင် တောင်-မြောက် ဘုန်းကြီးလမ်း ယာဉ်ကြောပေါ်တွင် သွားလာသော နှစ်လမ်းမောင်းယာဉ်များကို အရှေ့-အနောက်မောင်း ယာဉ်ကြောထက် မီးစိမ်းအချက်ပြခွင့်ပြုမှု ပိုမိုနေသည်။ တစ်ခါတစ်ရံ ဘုန်းကြီးလမ်းပေါ် ဖြတ်သန်းသွားလာသော ယာဉ်များမရှိသလောက်ဖြစ်နေသော်လည်း မဟာဗန္ဓုလလမ်း ယာဉ်ကြောပေါ်တွင် သွားခွင့်မရသည့် ဖြစ်စဉ်များ မကြာခဏ တွေ့ကြုံနေရသည်ဟု လမ်းမတော်မြို့နယ်တွင် အလုပ်လုပ်ကိုင်သည့် တက္ကစီယာဉ်ပိုင်ရှင် ကိုတိုးကဆိုသည်။



မော်တော်ယာဉ်များ စနစ်တကျ စည်းကမ်းရှိစွာ မောင်းနှင်သွားလာရေးအတွက် အသစ်ပြဋ္ဌာန်းထားသော မော်တော်ယာဉ် ဥပဒေအသစ်ပါ ပြဋ္ဌာန်းသတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်သင့်သည်။ အထူးသဖြင့် မျဉ်းဝါကွက်များအတွင်း ပိတ်ဆို့နေရာယူ စောင့်ဆိုင်းမှုများသည် ယာဉ်ပိတ်ဆို့မှုကို ပိုမိုကြီးထွားစေသဖြင့် ယာဉ်မောင်းများအနေဖြင့် အလေးထား ဆင်ခြင်သင့်သည်။ သက်ဆိုင်ရာမှလည်း ထိရောက်သော အရေးယူမှုရှိရန်လိုသည်ဟု မရမ်းကုန်းမြို့နယ်နေ အိမ်စီးယာဉ်ပိုင်ရှင် ဦးကျော်ဆန်းက ဆိုသည်။

**(မောင်စေအောင်)**

■

## တာမွေမြို့နယ်တွင် မဲရုံသုံးပစ္စည်းများ ရပ်ကွက်များသို့ ဖြန့်ဝေ

**ရန်ကုန် အောက်တိုဘာ ၁၇**

တာမွေမြို့နယ်အတွင်းရှိ မဲရုံပေါင်း ၁၂၁ ရုံတွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ အသုံးပြုနိုင်ရန် လိုအပ်သည့် မဲရုံသုံးပစ္စည်းများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ရပ်ကွက် ၂၀ ရှိ ကော်မရှင်အဖွဲ့ခွဲများထံသို့ ယနေ့ ဖြန့်ဝေပေးရာ ရပ်ကွက်တာဝန်ခံများက လက်ခံရယူကြပြီး သက်ဆိုင်ရာ မဲဆန္ဒနယ်မြေများသို့ သယ်ဆောင်ကြကြောင်း သိရသည်။

**(လှလှ)**

## မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးသင်တန်း ဗဟန်းမြို့နယ်တွင် ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် အထက(၂)ဗဟန်းတွင် ယနေ့ နံနက် ၈ နာရီက မဲရုံမှူး၊ ဒုတိယမဲရုံမှူးလုပ်ငန်းစဉ်ဆောင်ရွက်ပုံသင်တန်းဖွင့်လှစ်ရာ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းခိုင်က အဖွင့်အမှာစကားပြောကြား၍ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ရန်ကင်းဦးကိုကိုလေး၊ ပညာရေးမှူး ဒေါ်မေယဉ်နွဲ့၊ ဒေါက်တာမျိုးထွန်း၊ လဝကမှူး ဦးရဲစိုးမြင့်နှင့် ဥပဒေအရာရှိ ဒေါ်သင်းထိုက်စိုးတို့က တင်ပြဆွေးနွေးခဲ့ကြသည်။

အဆိုပါသင်တန်းသို့ ဗဟန်းမြို့နယ်အတွင်း မဲရုံမှူး၊ ဒုတိယမဲရုံမှူးအဖြစ်ဆောင်ရွက်မည့် ဆရာ ဆရာမ ၁၃၂ ဦးနှင့် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ၄၄ ဦး တက်ရောက်ခဲ့ကြပြီး လုပ်ငန်းဆောင်ရွက်ပုံများအား လက်တွေ့သရုပ်ပြခြင်း၊ အပြန်အလှန်မေးမြန်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သန္တာမေ(IPRD)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေး တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်

**ခရမ်း အောက်တိုဘာ ၁၇**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် တမံကြီးကျေးရွာ၊ ကျုံတူးကျေးရွာနှင့် ကရင်စုကျေးရွာတို့၌ ဒေသခံပြည်သူများ၏ လိုအပ်ချက်အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၆ သန်းဖြင့် တန်ဖိုးနည်းအိမ်ရာ ၁၂ လုံးကို ခေတ်ကမ္ဘာကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ပေးနေခြင်းဖြစ်ရာ လုပ်ငန်းများ ပြီးစီးမှုအခြေအနေကို အောက်တိုဘာ ၁၀ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့က ကွင်းဆင်းကြီးကြပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

**ထားထား(ခရမ်း)**

## မြန်အောင်မြို့နယ် ရွှေကျင်ကျေးရွာတွင် ကျေးရွာမြေငှားဂရန်များ ထုတ်ပေး

**မြန်အောင် အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ရွှေကျင်ကျေးရွာအုပ်စု ရွှေကျင်ကျေးရွာတွင် မြေငှားဂရန်ထုတ်ပေးခြင်း အခမ်းအနားကို အောက်တိုဘာ ၁၄ ရက်က ကျေးရွာဘုရားကြီးကျောင်းတိုက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြေငှားဂရန်ထုတ်ပေးရေး ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း ပိုမိုမြင့်မားလာစေရန် ရည်ရွယ်၍ ကျေးရွာမြေငှားဂရန်များကိုထုတ်ပေးလျက်ရှိပြီး မြေငှားဂရန်ရရှိပိုင်ဆိုင်ထားသည့်အတွက် ရရှိလာမည့်အခွင့်အရေးနှင့် အကျိုးကျေးဇူးများကို ကျေးရွာပြည်သူများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြေငှားဂရန်ထုတ်ပေးရေး ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းနှင့် တာဝန်ရှိသူတို့က မြေငှားဂရန်စာချုပ် ၁၄၄ ခုအား ရွှေကျင်ကျေးရွာ ကျေးလက်နေပြည်သူများ ပိုင်ဆိုင်နေထိုင်သည့် အိမ်ခြံမြေကွက်များ၏ မြေငှားဂရန်များကို မြေပိုင်ရှင်များ၏ လက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## ကွက်ကျားမိုး

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချွန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချွန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

❐ ကျောဖုံးမှ

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေးကျွမ်းကျင်သူအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်းရှိ တာတမံ ၂၃ ခု၊ ရေအမှတ်စခန်းခုနစ်ခု၊ တမံတစ်ခု၊ ရေတံခါးတစ်ခု စုစုပေါင်းနေရာ ၃၂ နေရာကို လေ့လာဆန်းစစ်မှုများဆောင်ရွက်ခဲ့ပြီး ဧရာဝတီမြစ်ဝှမ်းတစ်လျှောက် ရေကြီးရေလျှံမှုများကိုလည်း ဆန်းစစ်လေ့လာမှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါကျွမ်းကျင်သူအဖွဲ့သည် ဧရာဝတီမြစ် ရေကြီးရေလျှံမှု ကာကွယ်ရေးလုပ်ငန်းများအား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် ရေတိုရေရှည်ဆောင်ရွက်ရမည့် စီမံကိန်းများနှင့်ပတ်သက်၍ လေ့လာတွေ့ရှိချက်များအား အကြံပြုချက်များနှင့်အတူ တင်ပြခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ရေဘေးအလွန်ကာလလိုအပ်ချက်များ ဆန်းစစ်ချက်ကို ကမ္ဘာ့ဘဏ် EU၊ JICA၊ UN တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ နိုင်ငံတကာအဖွဲ့ပေါင်းစုံ၏ ဝိုင်းဝန်းကူညီမှုဖြင့် ဆောင်ရွက်ခဲ့သောကြောင့် ဆန်းစစ်ချက်များကို ပိုမိုပြည့်စုံစွာ ဖော်ထုတ်နိုင်ခဲ့သည်။

ထိုသို့ရှင်းလင်းတင်ပြစဉ် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးခင်ဇော်၊ ဦးဇင်ယော်၊ ဦးစိုးတင့်၊ နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာဇော်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေး ကျွမ်းကျင်သူအဖွဲ့၊ ရေလွှမ်းမှုထိန်းချုပ်ရေးရုံးနှင့် မိုးခေါင်ရေရှားပါးမှုလျော့နည်းရေးရုံးချုပ်မှ ညွှန်ကြားရေးမှူးချုပ် မစ္စတာရှုချင်းဖန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်လည်း တက်ရောက်သည်။

(သတင်းစဉ်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဆန္ဒမဲလက်မှတ်များ ထပ်မံရိုက်နှိပ်ပေးရန်အပ်နှံမှုအပေါ် အချိန်မီပုံနှိပ်သွားမည်

**နေပြည်တော်  အောက်တိုဘာ  ၁၇**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အပ်နှံမှုနှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ တာဝန်ယူပုံနှိပ်လျက်ရှိသည်။

ထိုသို့ပုံနှိပ်ရာတွင် ဆန္ဒမဲလက်မှတ် အမျိုးအစား ၁၁၅၉ မျိုး၊ မဲလက်မှတ် အရေအတွက် ၁၂၉၇၉၃၆၂၂ ရွက်ကို စက်တင်ဘာ ၁၁ ရက်မှ စတင်ပုံနှိပ်ခဲ့ရာ အောက်တိုဘာ ၁၈ ရက်တွင် ပြီးစီးမည်ဖြစ်ပြီး ဆောင်ရွက်ပြီး မဲလက်မှတ်များကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လွှဲပြောင်းပေးလျက်ရှိသည်။

ယခုအခါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကချင်ပြည်နယ်အတွက် စောင်ရေ ၃၇၉၀၀၊ ကရင်ပြည်နယ်အတွက် စောင်ရေ ၁၂၀၀၀၊ ချင်းပြည်နယ်အတွက် စောင်ရေ ၁၀၇၀၀၊ စစ်ကိုင်းတိုင်းဒေသကြီးအတွက် စောင်ရေ ၃၃၅၀၀၊ တနင်္သာရီတိုင်းဒေသကြီးအတွက် စောင်ရေ ၈၄၅၅၀၊ ပဲခူးတိုင်းဒေသကြီးအတွက် စောင်ရေ ၉၈၀၀၊ မန္တလေးတိုင်းဒေသကြီးအတွက် စောင်ရေ ၉၆၀၀၊ မွန်ပြည်နယ်အတွက် စောင်ရေ ၂၃၄၀၀ နှင့် ရှမ်းပြည်နယ်အတွက် စောင်ရေ ၂၆၄၆၅၀ စုစုပေါင်းစောင်ရေ ၄၈၆၁၀၀ ကို ထပ်မံရိုက်နှိပ်ပေးရန် အပ်နှံလာသဖြင့် အချိန်မီပြီးစီးရေး ဆက်လက်ပုံနှိပ်သွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# ထိုင်းဆန်များ ပြည်တွင်းသို့ တရားမဝင် ဝင်ရောက်မှုမရှိစေရန် တားဆီးစစ်ဆေး

**မြဝတီ  အောက်တိုဘာ  ၁၇**

ထိုင်းနိုင်ငံထွက်ဆန်များ ပြည်တွင်းသို့ တရားမဝင် ဝင်ရောက်မှုမရှိစေရန် တားဆီးစစ်ဆေးလျက်ရှိကြောင်း Mobile Team အဖွဲ့များထံမှ သိရသည်။

ယင်းသို့ တားဆီးစစ်ဆေးရာတွင် မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိ လှုပ်ရှား-၂ (ညောင်ခါးရှည်) Mobile Team အဖွဲ့မှ အောက်တိုဘာ ၉ ရက်တွင် ထိုင်းဆန်ဟုယူဆရသော အမှတ်တံဆိပ်မပါ ပီနံအိတ်ခွံများဖြင့် ထည့်သွင်းထုပ်ပိုးထားသော ကီလို ၅၀ ဝင် ဆန်အိတ် ၃၄၀၊ အောက်တိုဘာ ၁၀ ရက်တွင် အိတ် ၂၁၀၊ အောက်တိုဘာ ၁၂ ရက်တွင် ၇၁ အိတ်အား ဒေသထွက်ကုန်များနှင့် ရောနှော၍ ကုန်တင်ယာဉ်များနှင့် တင်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးတွေ့ရှိခဲ့သည့် ဆန်များကို ထိုင်းနိုင်ငံမှ ထွက်ရှိသော ဆန်ဟုတ်၊ မဟုတ်အတည်ပြုနိုင်ရန်အတွက် ယာယီတားဆီးထားကာ ဆန်နမူနာများအား မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်းသို့ ပေးပို့ခြင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန သီးနှံဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းတို့ဆောင်ရွက်ထားရှိပြီး ထိုင်းနိုင်ငံထွက်ဆန်များဖြစ်ပါက တရားမဝင် အကောက်ခွန်မဲ့တင်သွင်းလာခြင်းအတွက် အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အကောက်ခွန်အမှုတွဲ ဖွင့်လှစ်သိမ်းဆည်းအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (သီရိ)

❍ ရတနာပုံမှ

ရန်ကုန်အသင်းမှာ အားထည့်ကစားခဲ့သော်လည်း တိုက်စစ်မှူးဆီဇာ အပိုင်အခွင့်အရေးများကို အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။ ဇေယျာရွှေမြေအသင်းမှာလည်း ဂိုးမပေးရရေးကို အဓိကထားကစားခဲ့၍ အခွင့်အရေးသိပ်မရခဲ့ပေ။ ဒုတိယပိုင်းတွင် ဇေယျာရွှေမြေအသင်း ကစားအားပိုတင်လာပြီး ၆၁မိနစ်တွင် ဗစ်တာ၏ အဝေးကန်ချက်ကြောင့် ဂိုးစတင်ရရှိခဲ့သည်။ ဂိုးပေးရပြီး ငါးမိနစ်အကြာမှာပင် ရန်ကုန်အသင်း ချေပဂိုးပြန်ရခဲ့ပြီး ကျော်ကိုကိုက အသင်းဟောင်းဘက်သို့ သွင်းယူခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းမှာ MNL အမှတ်ပေးချန်ပီယံဆုကို လေးကြိမ်မြောက်ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၁၊ ၂၀၁၂၊ ၂၀၁၃ နှင့် ယခုရာသီတို့တွင် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပထမနေ့အခြားပွဲစဉ်များတွင် ဗထူးကွင်း၌ ဇွဲကပင်ကရတနာပုံကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရပြီး သုဝဏ္ဏကွင်း၌ မကွေးနှင့် မနော်မြေအသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။

**ယနေ့ပွဲ**

| | |
|---|---|
| (တောင်ကြီးကွင်း) | ကမ္ဘောဇ - ဧရာဝတီ |
| (အောင်ဆန်းကွင်း) | ရခိုင် - ဟံသာဝတီ |
| (သုဝဏ္ဏကွင်း) | ချင်း-နေပြည်တော် |




# အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းမှ မီးအာမခံလျော်ကြေးငွေပေးအပ်

**စစ်ကိုင်း  အောက်တိုဘာ  ၁၇**

IKBZ Insurance Co.,Ltd. အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီး ရုံးချုပ်(မုံရွာ) ရုံးမှ မီးအာမခံလျော်ကြေးပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီက ကလေးမြို့ ကံသူရခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဩဂုတ် ၂ ရက် ညနေ ၄ နာရီခန့်က မီးလောင်ဆုံးရှုံးမှုဖြစ်ပွားခဲ့သည့် ယူနိုက်တက် ဆီဆိုင်ပိုင်ရှင် ဦးသန့်စင်လင်း-ဒေါ်ဥမ္မာတို့၏ အဆောက်အအုံ မီးအာမခံလျော်ကြေးငွေကျပ် ၂၁၆ ဒသမ ၅၂ သိန်းကို အဆိုပါ မီးအာမခံထားရှိသူတို့အား IKBZ အထက်မြန်မာပြည်ရုံးချုပ်တာဝန်ခံ ဦးဝင်းဦးက ပေးအပ်ခဲ့သည်။

ဖြစ်စဉ်မှာ ကလေးမြို့တွင် အဆိုးရွားဆုံး ရေကြီးရေလျှံမှုကို ခံစားနေရချိန် ဆိုလာအားသွင်းဝါယာကြိုးမှတစ်ဆင့် ရှော့ခ်ဖြစ်ကာ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆောက်အအုံမီးအာမခံထားရှိခြင်းဆောင်ရွက်ထားသည့်အတွက် ပထမနှစ်တွင် ပရီမီယံကြေး ကျပ် ၁၈၀၀၀၀၊ ဒုတိယနှစ်တွင် ၂၅ ရာခိုင်နှုန်းလျှော့သွင်းရသည့်အတွက် ကျပ် ၁၃၀၀၀၀ ပေးသွင်းထားသဖြင့် အဆောက်အအုံဆုံးရှုံးမှုတန်ဖိုးအား တွက်ချက်ပေးလျော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကလေးမြို့သည် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ပြီး ရေကြီးရေလျှံဖြစ်နိုင်ခြင်းများကြောင့် မီးအာမခံအပြင်၊ ပစ္စည်းအာမခံ၊ အသက်အာမခံ၊ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ၊ မော်တော်ယာဉ်အလုံးစုံအာမခံ၊ အထူးခရီးသွားအာမခံ စသည့်အာမခံအမျိုးအစားများထားရှိရန်လိုအပ်ပြီး ဒေသခံများအနေဖြင့် အာမခံထားရှိခြင်းကြောင့် ဆုံးရှုံးမှုဖြစ်ချိန်တွင် ရရှိနိုင်မည့်အကျိုးကျေးဇူးများအား သိရှိမှုနည်းပါးခြင်းကြောင့် စိတ်ဝင်စားမှုနည်းပါးနေသေးကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံကုမ္ပဏီသည် မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများတွင် ရုံးခွဲပေါင်း ၁၄ ရုံး ဖွင့်လှစ်ထားရှိပြီး ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုမရှိစေရေးအတွက် မီးနှင့်သဘာဝဘေးအန္တရာယ်အာမခံ၊ မော်တော်ယာဉ်အလုံးစုံအာမခံ၊ ငွေပို့၊ ငွေသယ်အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ သမာဓိအာမခံ၊ ပြည်သူပြည်သားအသက်အာမခံ၊ စုပေါင်းအသက်အာမခံ၊ အားကစားသမား ကိုယ်အင်္ဂါထိခိုက်မှုအာမခံ၊ မြွေအန္တရာယ်အာမခံ၊ အထူးခရီးသွားအာမခံ၊ ကျန်းမာရေးအာမခံနှင့် ကုန်စည်ပို့ဆောင်ရေးအာမခံအမျိုးအစား ၁၂ မျိုးအား ထိထိရောက်ရောက် အမှန်ကန်ဆုံးနှင့် အမြန်ဆုံးဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။ (ကြေးမုံ)

# ရန်ကုန်ဘူတာကြီးတွင် ရထားစီးခရီးသည်များ လုံခြုံချောမွေ့စွာနှင့် စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် အရေးယူဆောင်ရွက်

**နေပြည်တော်  အောက်တိုဘာ  ၁၇**

နေပြည်တော်ဘူတာကြီး၊ ရန်ကုန်ဘူတာကြီးနှင့် မန္တလေးဘူတာကြီးတို့တွင် ရထားစီးခရီးသည်များ စိတ်ချမ်းမြေ့စွာ စီးနင်းလိုက်ပါနိုင်ရေး၊ စည်းကမ်းတကျရှိစေရေးနှင့် ဘူတာယာဒ်ဝန်းသန့်ရှင်းသာယာလှပစေရေးတို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့အနေဖြင့် သက်ဆိုင်ရာ မြန်မာ့မီးရထားဌာန ဝန်ထမ်းများနှင့် ပူးပေါင်းပြီး နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင် ရန်ကုန်ဘူတာကြီးသည် အဓိကအချက်အချာကျသော နေရာတစ်ခုဖြစ်ပြီး မြန်မာပြည်အောက်ပိုင်း၏ ရထားခရီးစဉ်အစ/အဆုံး၊ ထွက်ခွာ/ဆိုက်ရောက်သည့်ဘူတာကြီးဖြစ်သည်။ ရန်ကုန်ဘူတာကြီးမှ နေ့စဉ် နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်၊ ပြည်စသည့် မြို့ကြီးများသို့ အစုန်/အဆန်ရထား စုစုပေါင်း ၄၄ စင်းနှင့် ရန်ကုန်မြို့ပတ်ရထား ၂၃ စင်း ဝင်/ထွက်သွားလာလျက်ရှိသည်။

ထိုသို့သော ရန်ကုန်မြို့၏ အချက်အချာနေရာတစ်ခုဖြစ်သည့် ရန်ကုန်ဘူတာကြီးတွင် ရထားစီးခရီးသွားပြည်သူများ လုံခြုံချောမွေ့စွာနှင့် စိတ်ချမ်းမြေ့စွာခရီးသွားလာနိုင်ရေး၊ စည်းကမ်းတကျရှိစေရေး၊ ဘူတာယာဒ်ဝန်းသန့်ရှင်းသာယာလှပစေရေး၊ မှုခင်းများမဖြစ်ပွားစေရေးတို့အတွက် ရထားရဲတပ်ဖွဲ့အနေဖြင့် သက်ဆိုင်ရာ မြန်မာ့မီးရထားဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ အောက်တိုဘာ ၁၂ ရက်အထိ မှောင်ရိပ်ခိုမှု ၄၆ မှု၊ လောင်းကစားမှု တစ်မှု၊ ယစ်မျိုးမှု ငါးမှု၊ မူးယစ်ရမ်းကားမှု ၁၉ မှု၊ အမြင်မတင့်တယ်အကာအကွယ်မဲ့ အညစ်အကြေးစွန့်မှု ၄၅မှု၊ လမ်းပိတ်ဆို့မှု ၅မှုနှင့် လိုင်စင်မဲ့ဈေးရောင်းချမှု သုံးမှု စုစုပေါင်း ၁၂၄မှုအား ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ပြီး အရေးယူဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

# ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးမှု သင်တန်းသားများ ကွင်းဆင်းလေ့လာ

**နေပြည်တော် အောက်တိုဘာ ၁၇**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန (နေပြည်တော်)အမှတ်စဉ် (၁/၂၀၁၅) ဦးစီးအရာရှိ မွမ်းမံသင်တန်းကို အောက်တိုဘာ ၁၂ ရက်မှ ၂၃ ရက်ထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အဆိုပါသင်တန်းမှ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော် အပါအဝင် သင်တန်းသား ၃၃ ဦးအား နေပြည်တော် စက်မှုလယ်ယာဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်စိုး ဦးဆောင်၍ ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ် အဆင့်မြင့်လယ်ယာဇုန် ၃၀၀၀ အတွင်းရှိ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ဧက ၁၀၀ မျိုးစေ့ထုတ် စိုက်ပျိုးဆောင်ရွက်မှုကို ကွင်းဆင်းလေ့လာကြသည်။

အဆိုပါကွင်းဆင်းလေ့လာကြသော သင်တန်းသားများအား ဧက ၁၀၀ Long-9 ပုလဲသွယ်စပ်မျိုးစပါး စိုက်ကွင်းတာဝန်ခံ ဦးဆန်းမိုးလှိုင်နှင့် ပညာရှင်များက လက်ရှိအခြေအနေတွင် ပုလဲသွယ်စပ်မျိုးစပါး အောင်မြင်ဖြစ်ထွန်းမှုနှင့် ပန်းပွင့်ချိန်ကိုက်ညီပြီး ဝတ်မှုန်ကူးခြင်း ဆောင်ရွက်မှုအဆင့်ဆင့်ကို လုပ်ငန်းဇယားပါအတိုင်း လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စံပြစိုက်ကွင်းများသို့ ဆက်လက်၍ ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။ ကိုပေါက်(ဥက္ကာမြေ)

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေး(JICM)ကို နိုဝင်ဘာလလယ်တွင် ထပ်မံကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၈)ဖွဲ့အကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် "Nationwide Ceasefire Agreement" (NCA)ကို အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော်၌ လက်မှတ်ရေးထိုးခဲ့ပြီးနောက် ယင်းစာချုပ်ပါ အခန်း(၅) အပိုဒ်(၂၁) အပိုဒ်ခွဲ(က)(၁) အရ "Joint Implementation Coordination Meeting" (JICM) ကို ယင်းနေ့မွန်းလွဲပိုင်းတွင် စတင်ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးကို ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်၍ အောက်တိုဘာ ၁၆ ရက်နှင့် ၁၇ ရက်များတွင် နေပြည်တော်ရှိ Max Hotel ၌ ဆက်လက်ကျင်းပပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ "Joint Monitoring Committee" (JMC) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ "Union Peace Dialogue Joint Committee" (UPDJC) များကို ဖွဲ့စည်းနိုင်ခဲ့ကြသည်။

ထို့ပြင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးရာတွင် မပါဝင်သေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဂုဏ်သိက္ခာရှိစွာ ပူးပေါင်းပါဝင်လာနိုင်ရေးအတွက် နှစ်ဖက်ကြိုးပမ်းဆောင်ရွက်သွားရန် သဘောတူခဲ့ကြပြီး ဒုတိယအကြိမ် JICM အစည်းအဝေးကို နိုဝင်ဘာလလယ်ပိုင်းတွင် ထပ်မံကျင်းပရန်နှင့် (NCA) စာချုပ်ပါ သဘောတူညီချက်များနှင့်အညီ နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါအစည်းဝေးမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

# ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအနေဖြင့် အောက်တိုဘာ ၂၄ ရက်မတိုင်မီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်လျှောက်ထားရန် တိုက်တွန်းနှိုးဆော်

**နေပြည်တော် အောက်တိုဘာ ၁၇**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အောက်တိုဘာ ၁၅ရက်အထိ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အစည်း ကိုးခုအား တရားဝင်အသိအမှတ်ပြုလွှာများ ထုတ်ပေးခဲ့ပြီး အဆိုပါအဖွဲ့အစည်း ကိုးဖွဲ့မှ အဆိုပြုတင်သွင်းသော ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ ၆၂၆၁ ဦးကိုလည်း တရားဝင်အသိအမှတ်ပြု သက်သေခံကတ်ပြားများ ထုတ်ပေးပြီးဖြစ်သည်။

ထိုသို့ခိုင်မာယုံကြည်ရသော ရွေးကောက်ပွဲများဖြစ်ပေါ်စေရေး လျှောက်ထားလွှာများကို အချိန်မီပေးပို့လျှောက်ထားမှုအတွက် အဆိုပါအဖွဲ့အစည်းများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဂုဏ်ပြုကြိုဆိုကြောင်းနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာလိုသည့် အခြားပြည်တွင်းအဖွဲ့အစည်းများကိုလည်း အောက်တိုဘာ ၂၄ ရက်(စနေနေ့) နောက်ဆုံးထား၍ ရုံးချိန်အတွင်း လျှောက်ထားနိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုက်တွန်းထားကြောင်း သိရသည်။

ထိုကဲ့သို့ အဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရန် လျှောက်ထားမည်ဆိုပါလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုထက်ပို၍ စောင့်ကြည့်လေ့လာမှုပြုလိုပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ လျှောက်ထားရန်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်တစ်ခုထက်ပို၍ စောင့်ကြည့်လေ့လာမှုပြုလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံတွင် လျှောက်ထားရန်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်းရှိ မြို့နယ်တစ်မြို့နယ်ထက်ပို၍ စောင့်ကြည့်လေ့လာမှုပြုလိုပါက သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံတွင် လျှောက်ထားရန်နှင့် မြို့နယ်တစ်ခုတည်းတွင် စောင့်ကြည့်လေ့လာမှုပြုလိုပါက သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံတွင် လျှောက်ထားရန် သတ်မှတ်ထားသည်။

ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအားလုံးအား စောင့်ကြည့်လေ့လာရန်အတွက် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများတွင် အခွင့်အရေးရှိပြီး ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ အခန်းကဏ္ဍ၊ တာဝန်ဝတ္တရားများနှင့် လျှောက်ထားရာတွင် လိုအပ်သည့်အချက်များအား ၂၀၁၅ ခုနှစ် မတ်နှင့် ဇွန်လတို့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် "ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များ"နှင့် "လွတ်လပ်တော် ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ"တို့တွင် ဖော်ပြထားကြောင်း၊ လျှောက်ထားလွှာများအပါအဝင် အဆိုပါ စာရွက်စာတမ်းနှစ်စောင်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တရားဝင် Website ဖြစ်သည့် http://uecmyanmar.org/ တွင် ရယူနိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

■

# လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး အကြိမ်(၂၀)မြောက် အဘိဇေမ္မာ ၇-ကျမ်းပူဇော်ပွဲကြီး ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန် မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား) ဂေါပကအဖွဲ့မှ ကြီးမှူး၍ အကြိမ် (၂၀) မြောက် အဘိဇေမ္မာ ၇-ကျမ်း ပူဇော်ပွဲကြီးဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၀ ရက် (အင်္ဂါနေ့) ၁၃၇၇ ခုနှစ် သီတင်းကျွတ်လဆန်း ၇ ရက် နံနက် ၈ နာရီတွင် ကျင်းပပြီး သံဃာတော်အရှင်မြတ်တို့က ပဋ္ဌာန်းဒေသနာတော်တို့ကို အောက်တိုဘာ ၂၀ ရက်မှ ၂၈ ရက် နံနက် ၇ နာရီအထိ ရွတ်ဖတ်ပြီး အောင်ပွဲအခမ်းအနားကို ၂၈ ရက် နံနက် ၈ နာရီတွင် ကျင်းပကာ တက်ရောက်လာသည့် ဧည့်သည်များနှင့် ဘုရားဖူးပြည်သူများကို ပရိတ်ရေများနှင့် ပရိတ်ကြိုးများဝေငှမည်ဟု သိရသည်။

**(လမင်းအောင်)**

# "စားနပ်ရိက္ခာဖူလုံရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများ အံ့အားသင့်ဖွယ် အောင်မြင်မှုရရှိခဲ့"

**အန်ဒရူးကတ်ဝုဒ် (LIFT)**

အမေး၊ အရေး
ကျော်ထိုက်စိုး၊ စိုးသူရ
ဓာတ်ပုံ – သုတ



မစ်ပူသီလန်



Dr. Gil C. Saguiguit, Jr.



အန်ဒရူးကတ်ဝုဒ်



ဒေါက်တာဒီလစ်ကူးမား

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) တည်ထောင်သောနေ့ကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)ကဲ့သို့သော အဖွဲ့အစည်းများက အောက်တိုဘာ ၁၆ ရက်တွင် ကမ္ဘာတစ်ဝန်း၌ နှစ်စဉ်ကျင်းပလေ့ရှိသည်။ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ စာရင်းအင်းများအရ ကမ္ဘာ့လူဦးရေသန်း ၇၀၀၀ ဝန်းကျင်အနက် လူဦးရေသန်း ၈၀၀ ခန့်မှာ အာဟာရချို့တဲ့မှုပြဿနာ ကြုံတွေ့နေရပြီး ယင်းပမာဏမှာ ပြီးခဲ့သည့်ဆယ်စုနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက လူဦးရေ ၂၁၆ သန်းခန့် လျော့ကျသွားခဲ့ကြောင်း သိရသည်။

မြန်မာအစိုးရက ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များ အောင်မြင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်အဖြစ် ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဆင်းရဲမွဲတေမှုပမာဏ ၂၆ ရာခိုင်နှုန်းမှ ယခုနှစ်တွင် ၁၆ ရာခိုင်နှုန်းထိ လျော့ကျသွားရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်နေပြည်သူများဖြစ်သောကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ စဉ်ဆက်မပြတ်တိုးတက်စေရေး၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းရေးအတွက် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)ကဲ့သို့သော အဖွဲ့အစည်းများနှင့် မြန်မာအစိုးရက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားကို **"ကျေးလက်ဒေသ ဆင်းရဲမှုသံသရာကို တိုက်ဖျက်နိုင်ရေး၊ လယ်ယာကဏ္ဍ လူမှုစီးပွားဘဝမြှင့်တင်ပေး"** ဟူသော ဆောင်ပုဒ်နှင့်အညီ ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားသို့ တက်ရောက်လာသော ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)နှင့် အခြားအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေး၊ ဆင်းရဲမွဲတေမှု လျှော့ချရေးနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်ပတ်သက်၍ သိရှိလိုသည်များကို တွေ့ဆုံမေးမြန်းခဲ့သည်။

မြန်မာနိုင်ငံ၏ အနာဂတ်ကာလ စားနပ်ရိက္ခာဖူလုံရေးနှင့်ပတ်သက်၍ မေးမြန်းရာတွင် မြန်မာနိုင်ငံဆိုင်ရာ FAO ဌာနေကိုယ်စားလှယ် မစ်ပူသီလန်က "စားနပ်ရိက္ခာဖူလုံဖို့ ဆောင်ရွက်ရာမှာ မြန်မာနိုင်ငံက သိသာထင်ရှားတဲ့အောင်မြင်မှုတွေ ရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံက အစားအစာငတ်မွတ်ခေါင်းပါးသူ ရာခိုင်နှုန်းကို လျော့ကျအောင်ဆောင်ရွက်နိုင်ခဲ့တဲ့ ပြောင်းမြောက်တဲ့ စွမ်းဆောင်မှုကြောင့် ဆုချီးမြှင့်ခြင်းခံခဲ့ရပါတယ်။ ဒါပေမယ့် ဆောင်ရွက်စရာတွေ အများကြီးရှိနေပါသေးတယ်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း စားနပ်ရိက္ခာဖူလုံရေးနဲ့ အာဟာရပြည့်ဝရေးဆိုင်ရာ အမျိုးသားအစီအစဉ် (National Programme on Food Security and Nutrition) ကို စတင်ဆောင်ရွက်ခဲ့ပြီးဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ အနာဂတ်ကာလ မြန်မာနိုင်ငံရဲ့ စားနပ်ရိက္ခာဖူလုံရေးက အဲဒီအစီအစဉ်ပေါ်မှာ အများကြီးမူတည်နေပါတယ်။ အိမ်ထောင်စုတိုင်းသာမက အမျိုးသားအဆင့်မှာပါ စားနပ်ရိက္ခာဖူလုံရေးက အရေးကြီးပါတယ်" ဟု ဖြေကြားခဲ့သည်။

မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ပြောင်းမြောက်သော ဆောင်ရွက်မှုများကြောင့် မြန်မာအစိုးရ၏ ဆုချီးမြှင့်မှုခံခဲ့ရသည့် အရှေ့တောင်အာရှဒေသဆိုင်ရာ စိုက်ပျိုးရေးသုတေသနနှင့် လေ့လာရေးဌာန (SEARCA) မှ ညွှန်ကြားရေးမှူး Dr. Gil C. Saguiguit, Jr. အား ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် အဓိကအရေးပါသောအချက်များကို မေးမြန်းရာတွင် "ပထမအချက်အနေနဲ့ လယ်သမားတွေအတွက် ဘက်ပေါင်းစုံက ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရပါမယ်။ လယ်သမားတွေအတွက် အကျိုးဖြစ်စေမယ့် ပံ့ပိုးမှုတွေ၊ ထောက်ပံ့မှုတွေ ပြုလုပ်ပေးရပါမယ်။ ဒါမှ လယ်ယာလုပ်ငန်းက ရရှိတဲ့ဝင်ငွေနဲ့ သူတို့ရဲ့မိသားစုတွေကို စောင့်ရှောက်နိုင်မှာပါ။ ကျွန်တော်တို့ လယ်သမားတွေအတွက် သင့်တော်တဲ့ နည်းပညာတွေအကူအညီပေးတာ၊ ငွေကြေး၊ ပစ္စည်းတွေထောက်ပံ့တာတွေ အစရှိတဲ့ လုပ်ပေးနိုင်တာတွေ အများကြီးရှိပါတယ်။ အဲဒါတွေက လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ သူတို့ရင်ဆိုင်နေရတဲ့ ရာသီဥတုနဲ့ပတ်သက်တဲ့ အခက်အခဲတွေကို ဖြေရှင်းပေးနိုင်မှာပါ"ဟု ပြန်လည်ဖြေကြားခဲ့သည်။

ကျေးလက်ဒေသနေပြည်သူများ၏ လူနေမှုဘဝများတိုးတက်လာစေရေး လုပ်ဆောင်မှုများနှင့် ပတ်သက်၍ မေးမြန်းရာတွင် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှုရန်ပုံငွေအဖွဲ့(LIFT) မှ ညွှန်ကြားရေးမှူး အန်ဒရူးကတ်ဝုဒ်က "ဆင်းရဲမွဲတေမှု လျှော့ချရေး ဆောင်ရွက်ရာမှာ ရှုထောင့်များစွာရှိပြီး ခက်ခဲရှုပ်ထွေးသလို ဝန်ကြီးဌာနတွေနဲ့ အစိုးရအဖွဲ့ကြား ညှိနှိုင်းဆောင်ရွက်မှုတွေလိုအပ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လူဦးရေအများစုက ကျေးလက်နေပြည်သူတွေဖြစ်တဲ့အတွက် သူတို့ရဲ့ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်တွေက လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် အများကြီး မူတည်နေပါတယ်။ ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေ တိုးတက်လာစေဖို့ အရင်ဆောင်ရွက်ရပါမယ်။ စားနပ်ရိက္ခာဖူလုံရေးအတွက် မြန်မာအစိုးရရဲ့ကြိုးပမ်းဆောင်ရွက်မှုတွေက အံ့သြလောက်အောင် အောင်မြင်မှုရရှိခဲ့ပါတယ်။ မြန်မာအစိုးရ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးဆိုင်ရာ အမျိုးသားအစီအစဉ် အောင်မြင်မှုရရှိဖို့ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်" ဟု ၎င်း၏အမြင်ကို ရှင်းပြသည်။

ထို့အတူ FAO မှ နည်းစနစ်အကြံပေးချုပ် ဒေါက်တာဒီလစ်ကူးမားကလည်း စားနပ်ရိက္ခာဖူလုံရေးမှာ အရေးကြီးကြောင်း၊ ကမ္ဘာပေါ်တွင် လူသန်းပေါင်းများစွာမှာ ငတ်မွတ်ခေါင်းပါးမှုပြဿနာကို ရင်ဆိုင်နေရသလို ကမ္ဘာ့လူဦးရေအများစုမှာလည်း လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် မှီခိုအားထားနေရကြောင်း၊ လယ်သမားများအတွက် အထောက်အပံ့များ အမှန်တကယ်လိုအပ်နေပြီး လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုရှိပါက ဆင်းရဲမွဲတေမှုကိုလျှော့ချနိုင်ပြီး စားနပ်ရိက္ခာဖူလုံလာမှာ ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ။

# ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၁၇**

ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း တစ်ရပ်ကို ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၄ ရက်က ရန်ကုန်မြို့ မီကာဆာဟိုတယ်တွင် ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

အဆိုပါစီမံကိန်းသည် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီလှုပ်ရှားမှုတစ်ရပ်အဖြစ် ပို့ဆောင်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းကို ကမ္ဘာ့ဘဏ်က ချေးငွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီစီမံကိန်းကို ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့က အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ စီမံကိန်းမှာလုပ်ငန်းခွဲသုံးခုရှိပြီး လုပ်ငန်းခွဲ(၁)မှာ ရေအရင်းအမြစ်နဲ့ သက်ဆိုင်တဲ့ ဌာနအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်မှု၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်အထောက်အကူပြုစနစ်၊ စွမ်းဆောင်ရည်မြှင့်တင်မှု လုပ်ငန်းတို့နဲ့ သက်ဆိုင်ပါတယ်။ လုပ်ငန်းခွဲ(၂)မှာ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာလေ့လာမှုနှင့် သတင်းအချက်အလက်စနစ်များအား တိုးတက်ခေတ်မီရန်ဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းခွဲ(၃)ကတော့ ဧရာဝတီမြစ်မှာ ရေကြောင်းသွားလာမှုကောင်းမွန်စေရန် လေ့လာဆောင်ရွက်မှု၊ ရေအရည်အသွေးထိန်းချုပ်စစ်ဆေးမှု၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းရဲ့ လုပ်ငန်းဆောင်ရွက်မှုအရည်အသွေး တိုးတက်ကောင်းမွန်မှုနဲ့ သက်ဆိုင်ပါတယ်"ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက ပြောသည်။

"မြန်မာနိုင်ငံမှာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတွေ ဖြစ်ပေါ်စေဖို့ ပံ့ပိုးကူညီဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ ရေကြောင်းသွားလာမှု တိုးတက်ကောင်းမွန်စေရေး၊ စိုက်ပျိုးရေနဲ့ သောက်သုံးရေ ပေးဝေရေးလုပ်ငန်းများနဲ့ ပတ်သက်ပြီး ရေရှည်အကျိုးရှိစေဖို့အတွက် ပူးပေါင်းဆောင်ရွက်ကြဖို့လည်း တိုက်တွန်းလိုပါတယ်"ဟု ကမ္ဘာ့ဘဏ်၏ ဌာနေကိုယ်စားလှယ် Dr. Abdulaye Seck က ပြောသည်။

အဆိုပါ အခမ်းအနားတွင် ဧရာဝတီမြစ်ဝှမ်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို နိုင်ငံတကာအဖွဲ့အစည်းအချို့မှ ပညာရှင်များက လေ့လာဆန်းစစ်မှုများ ပြုလုပ်လျက်ရှိပြီး စီမံကိန်းရေးဆွဲရေးနှင့် မြစ်ဝှမ်းဒေသအခြေအနေ အစီရင်ခံစာပြုစုရေးတို့ကို ဆွေးနွေးကြကြောင်း သိရသည်။

**(ကြေးမုံ)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲမတိုင်မီသုံးရက်အလို မဲဆန္ဒရှင်အသိအမှတ်ပြုကတ်ပြားများ ထုတ်ပေးသွားမည်

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲကော်မရှင်က ပြုစုထားသည့် အတည်ပြုမဲစာရင်းများအား နိုဝင်ဘာ ၆ ရက်တွင် ရပ်ကွက်/ ကျေးရွာကော်မရှင်ရုံးများ၌ ထုတ်ပြန်ထားမည်ဖြစ်ပြီး နိုဝင်ဘာ ၅ ရက်နှင့် ၆ ရက်တွင် မဲဆန္ဒရှင် အသိအမှတ်ပြုကတ်ပြားများ ထုတ်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

"ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က နောက်ဆုံးအဆင့် မဲဆန္ဒရှင်စာရင်းအတွက် ဆောင်ရွက်ရမှာတွေကို ညွှန်ကြားထားတာတော့ရှိတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကပေးတဲ့အချိန်ဇယားကို တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ရဲ့ လက်ရှိအခြေအနေ လိုအပ်ချက်ကြည့်ပြီးတော့ ပြင်လိုက်တယ်။ ပြင်တဲ့ အကြောင်းကိုလည်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို တင်ပြထားပြီးပြီ။ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ကတော့ တိုင်းဒေသကြီးရဲ့အစီအစဉ်နဲ့ဆုံးဖြတ်ပြီး ရက်ပြင်ဆင်သတ်မှတ်ထားတယ်။ အပြီးသတ်မဲစာရင်းတွေကို နိုဝင်ဘာ ၆ ရက်နေ့မှာကပ်ဖို့ ခရိုင်တွေ အားလုံးကို ပြောထားပြီးပြီ။ ၆ ရက်နေ့ကစပြီး ရပ်ကွက်/ကျေးရွာရုံးတွေမှာ ကပ်မယ်။ နိုဝင်ဘာ ၅ ရက်နဲ့ ၆ ရက်နေ့မှာ မဲဆန္ဒရှင်သက်သေခံ လက်မှတ်တွေ ထုတ်ပေးသွားမယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကိုက ပြောသည်။

အခြေခံမဲဆန္ဒရှင်စာရင်းများကို ပထမအကြိမ်အဖြစ် မတ် ၃၀ ရက်မှ ဧပြီ ၁၂ ရက်အထိ၊ ဒုတိယအကြိမ်အဖြစ် မေ ၂၅ ရက်မှ ဇွန် ၇ ရက်အထိ၊ တတိယအကြိမ်အဖြစ် ဇွန် ၂၆ ရက်မှ ဇူလိုင် ၅ ရက်ထိ ကြေညာပေးခဲ့ပြီး နောက်ဆုံးအကြိမ်အဖြစ် စက်တင်ဘာ ၁၄ ရက်မှ ၂၇ ရက်အထိတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြေညာပေးခဲ့ကာ ပုံစံသုံးမျိုးလျှောက်လွှာများကို လက်ခံခဲ့သည်။ ထို့ပြင် ပုံစံ၃(က) လျှောက်လွှာများကို အောက်တိုဘာ ၁၀ ရက်အထိ လက်ခံခဲ့သည်။ ယခုအခါ ယင်းလျှောက်လွှာများအရ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။ နိုဝင်ဘာ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်မည့် အပြီးသတ် မဲစာရင်းတွင် မိမိတို့အမည်ပါဝင်ခြင်း မရှိလျှင် မဲပေးပိုင်ခွင့်ရမည်မဟုတ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

ပါဝင်သည့်သူများသာ မဲပေးခွင့်ရမည်ဖြစ်ကြောင်း ပါရှိသည်။

သာသနာ့ဝန်ထမ်းများ၊ ထောင်ဒဏ်ကျခံနေရသူများနှင့် စိတ်ပေါ့သွပ်နေသူများ၊ လူမွဲအဖြစ်ကြေညာခံထားရသူများ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများအရ တားမြစ်ခံရသူများနှင့် နိုင်ငံခြားသားအဖြစ်ခံယူထားသူများမှာမူ မဲပေးခွင့်ရရှိမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားကြောင်း သိရသည်။

စစ်ဆေးတဲ့ဆီကို ရောက်တဲ့အခါ နာမည်လည်းမှန်တယ်။ မဲစာရင်းနံပါတ်လည်းမှန်တယ်။ နေရပ်လိပ်စာပဲ အနည်းငယ်မှားနေမယ်။နောက်ကျန်တဲ့ အချက်အလက်တွေမှန်မယ်။ နာမည်လေးပဲ အနည်းငယ် ဆင်တူယိုးမှား တစ်လုံးစနှစ်လုံးစ လွဲနေတယ်ဆိုရုံနဲ့တော့ မဲပေးပိုင်ခွင့်မဆုံးရှုံးပါဘူး။မဲရုံမှူးတွေကလည်း အဲဒီ ရပ်ကွက်ထဲက လူတွေပါပဲ။ ထောက်ခံလို့ရှိရင် မဲပေးကိုပေးရမှာပါ။ နည်းဥပဒေ ၅၀(ဂ) မှာ အဲဒီအတိုင်း ပြောထားပါတယ်"ဟု ဦးကိုကိုက ပြောသည်။



"မဲစာရင်းမှာ နာမည်မပါရင်တော့ မဲပေးပိုင်ခွင့်ဆုံးရှုံးမှာပဲ။ပုံစံ ၃ ဖြည့်ပြီးတဲ့အထိမပါရင် တစ်ခုခုနဲ့ငြိစွန်းနေလို့လား ဒါစဉ်းစားရမယ့်အချက်ပဲ။ အောက်တိုဘာ ၁၀ ရက်နေ့ နောက်ပိုင်း ဘာပုံစံမှ တင်လို့မရတော့ပါဘူး၊ အခုလုပ်နေတာက တင်ပြီးသားပုံစံတွေလက်ဝယ်ရောက်နေတာတွေပဲ လုပ်ဆောင်နေတာပါ။ ပြီးသွားရင် အကြမ်းထုတ်မယ်။ အကြမ်းမှာ အဆင်ပြေမှ အချောထုတ်မှာပါ။ ဒါ ရွေးကောက်ပွဲကော်မရှင်က ကိုယ့်ဟာကိုယ်လုပ်မယ့်အပိုင်းပဲဖြစ်ပါတယ်။ အချောကတော့ ရွေးကောက်ပွဲနေ့မှာ သုံးမယ့် မဲစာရင်းဖြစ်သွားပါပြီ"ဟု ဦးကိုကိုက ဆိုသည်။

ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီးသူ နိုင်ငံသား၊ ဧည့်နိုင်ငံသားများနှင့် နိုင်ငံသားပြုခွင့် ရသူများအပြင် သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ၏ အပြီးသတ်မဲစာရင်းများကို ရွေးကောက်ပွဲကျင်းပမည့် ရက်မတိုင်မီ နိုဝင်ဘာ ၇ ရက်နေ့နှင့် ရွေးကောက်ပွဲကျင်းပမည့် နိုဝင်ဘာ ၈ ရက်နေ့များတွင် မဲရုံများ၌ ကြေညာပေးထားမည်ဖြစ်ပြီး အဆိုပါစာရင်းများတွင် နာမည်ပါသော်လည်း အချက်အလက်များ မှားယွင်းခြင်း၊ နေရပ်လိပ်စာအနည်းငယ်ကွဲလွဲခြင်း၊ ကျန်အချက်အလက်များ မှန်သော်လည်း နာမည်အနည်းငယ်လွဲနေခြင်းတို့ဖြစ်ပါကမဲစာရင်းမှားယွင်းသဖြင့် မဲပေးခွင့်မဆုံးရှုံးနိုင်ကြောင်း၊ မဲပေးခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင်ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟုပြဋ္ဌာန်းထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဆိုသည်။

"မဲစာရင်းမှာနာမည်ပါပြီး မဲစာရင်း

မြန်မာနိုင်ငံတွင် လူဦးရေသန်း ငါးဆယ်ကျော်ရှိသည့်အနက် လာမည့် နိုဝင်ဘာ၈ရက်နေ့တွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲကြီးတွင် မဲပေးခွင့်ရှိသူ လူဦးရေ သန်းသုံးဆယ်ကျော်ရှိသည်။ ပါတီပေါင်း ၉၀ကျော်မှ ကိုယ်စားလှယ်လောင်း ၆၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားပြီး ဖြစ်သည်။ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေ ခုနစ်သန်းကျော်ရှိသည့်အနက် မဲပေးပိုင်ခွင့်ရှိသူ ၅၂ သိန်းကျော်ရှိမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်မှ ခန့်မှန်းထားကြောင်း သိရသည်။

**သတင်း-သီသီမင်း**
**ဓာတ်ပုံ-ကိုဇော်**

# ဥရောပသမဂ္ဂရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့ ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ လာရောက်တွေ့ဆုံ

**သထုံ အောက်တိုဘာ ၁၇**

နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့တစ်ခုဖြစ်သည့် ဥရောပသမဂ္ဂ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့ (EU EOM)မှ ကာလရှည်လေ့လာသူ Maxime Filandrov နှင့်အဖွဲ့သည် အောက်တိုဘာ ၁၆ ရက်က သထုံခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ လာရောက်တွေ့ဆုံခဲ့သည်။

ယင်းသို့လာရောက်စဉ် (EU EOM) မှ ရွေးကောက်ပွဲ ကာလရှည်လေ့လာသူများက သထုံခရိုင်အတွင်း ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းတို့၏ မဲဆွယ်စည်းရုံးနေမှုအခြေအနေ၊ ခရိုင်ကော်မရှင်မှ လွတ်လပ်၍ တရားမျှတမှုရှိအောင် ဆောင်ရွက်ပေးနေသည့်ကိစ္စရပ်များ၊ မဲရုံများနှင့် မဲဆန္ဒရှင်များ၏ အခြေအနေ၊ ရွေးကောက်ပွဲလုံခြုံရေးအတွက် စီမံထားရှိမှုများနှင့် အခြားသိလိုသည်တို့ကို မေးမြန်းရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မြင့်နှင့်တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပေးခဲ့ကြသည်။

ယင်းနောက် အဆိုပါအဖွဲ့သည် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဖွင့်လှစ်သည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ သင်တန်းမှမဲပေးပုံလက်တွေ့သင်ခန်းစာများ လေ့ကျင့်နေမှုကို လိုက်လံကြည့်ရှုပြီး သထုံမြို့နယ်အတွင်းရှိ နိုင်ငံရေးပါတီအချို့သို့လည်း သွားရောက်တွေ့ဆုံခဲ့သည်။

(EU EOM)သည် ရွေးကောက်ပွဲမတိုင်မီ၊ ကျင်းပနေစဉ်နှင့် မဲပေးပြီးအဆင့်ဆင့်ဆောင်ရွက်မည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို လွတ်လပ်ပြီး တရားမျှတမှုရှိစေရန် ရှုထောင့်မျိုးစုံမှ လေ့လာစောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ရွေးကောက်ပွဲပညာပေးသင်တန်းသို့ နိုင်ငံရေးပါတီများနှင့် ပြည်ပစောင့်ကြည့်လေ့လာရေးအဖွဲ့များ လေ့လာ

**မန္တလေး အောက်တိုဘာ ၁၇**

၂၀၁၅ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မဟာအောင်မြေမြို့နယ်အတွင်း တာဝန်ထမ်းဆောင်မည့် မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲပညာပေးသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၆ ရက်က မန္တလေးတက္ကသိုလ် အင်းဝဆောင်ခန်းမ(၂၇) ၌ ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းတွင် မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို စာတွေ့လက်တွေ့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များက နှစ်ရက်ကြာ သင်ကြားပြသသွားမည်ဖြစ်ပြီး နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပလေ့လာစောင့်ကြည့်ရေး အဖွဲ့ဝင်များ တက်ရောက်လေ့လာကြသည်။

မဟာအောင်မြေမြို့နယ်တွင် မဲရုံပေါင်း ၈၁ ရုံဖြင့် အောက်တိုဘာ ၁၆ ရက်အထိစာရင်းများအရ မဲဆန္ဒရှင်ပေါင်း ၁၇၀၀၀၀ ခန့်ရှိပြီး ရွေးကောက်ပွဲလုံခြုံရေးကိုလည်း မြို့နယ်အတွင်းရှိ ရဲတပ်ဖွဲ့ဝင် ၉၉ ဦးနှင့် အထူးရဲတပ်ဖွဲ့ဝင် ၈၁ ဦးခန့်အပ်ကာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဆုချီးမြှင့်



**ဘားအံ အောက်တိုဘာ ၁၇**

မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အဝေးရောက်နာယက ဖလား ကရင်ပြည်နယ် အမျိုးသမီးကိုယ်ကာယ ကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းမှစတင်၍ နှစ်ရက်ကြာ ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်အသင်း ၂၇ သင်းဝင်ရောက်ယှဉ်ပြိုင်ကြပြီး အောက်တိုဘာ ၁၆ ရက် ညနေ ၄ နာရီက ဆုရရှိသည့် အသင်းများအား ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် အသက် (၁၂) နှစ်အောက် ကိုးယောက်တွဲပြိုင်ပွဲ၊ အသက်(၁၂)နှစ်အထက် ကိုးယောက်တွဲ ပြိုင်ပွဲ၊ သုံးယောက်တွဲပြိုင်ပွဲ၊ တစ်ဦးချင်းပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသည့် အသင်းများအား ပြည်နယ်အမျိုးသမီးအားကစားဆပ်ကော်မတီ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်ဝန်ကြီးများ၏ဇနီးများက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ရွှေ နှစ်၊ ငွေတစ်၊ ကြေးတစ်ဖြင့် တံခွန်စိုက်ဆုဖလားကိုဆွတ်ခူးသွားသော ဘားအံမြို့အထက(၃) (အေရိုးဗစ်) အသင်းအား မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အဝေးရောက်နာယက ဒေါ်မိစန်းခင်က ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဆုချီးမြှင့်သည့် အခမ်းအနားသို့ ပြည်နယ်အစိုးရအဖွဲ့ ခေတ္တ ပြည်နယ်ဝန်ကြီးချုပ် ဦးစောဝင်းထိန်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမန်းလှမြိုင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်အမျိုးသမီးအားကစားဆပ်ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်အားပေးကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက်သဘောတူ လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေး ဗဟိုဌာန (MPC) တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း**

# ကလောမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၃၇ သိန်း သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၇**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၇ ရက်က ကလောမြို့ဘက်မှ သာစည်မြို့ဘက်သို့ စိုင်းအောင်မြတ် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၃၇ သိန်း ကိုလည်းကောင်း၊ အောက်တိုဘာ ၁၂ ရက်က ကွတ်ခိုင်မြို့ ရပ်ကွက်(၃) နေ ပိလောက်ဝူ၏နေအိမ်ကိုရှာဖွေရာ ပိလောက်ဝူအား မူးယစ်ဆေးဝါး သုံးစွဲနေသည်ကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၂၆၈ ပြားကိုလည်းကောင်း၊ အောက်တိုဘာ ၁၄ ရက်က မိုင်းဆတ်မြို့နယ် ကျဒယ်ကျေးရွာအုပ်စု နားယန်း(၂)ရွာသစ်ကျေးရွာနေ မအေးအေးခမ်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၂ ပြားအား လည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**



စိုင်းအောင်မြတ်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



နိုင်ငံတကာသတင်းဂျာနယ်

- ငြိမ်းချမ်းရေးပန်းခင်းထဲမှာ ပျော်မွေ့မယ်
- ဆီးရီးယား၌ ရုရှားနှင့် နေတိုး ထိပ်တိုက်တွေ့နိုင်သလား
- ကတုတ်ကျင်းတွေ ပြိုခွင်းမယ့် ရုရှား လူသတ်စက်ရုပ်
- ထိုင်းနိုင်ငံနှင့် ခရီးသွားလုပ်ငန်း လက်ရှိအခြေအနေ
- အာရှသတ္တုတွင်းလုပ်ငန်း တစေ့တစောင်း
- အမေရိကန်က နျူကလီးယားစမ်းသပ်ပြီး တတိယကမ္ဘာစစ်အနိုင်တိုက်ဖို့ပြင်
- ရုရှားတို့ စဉ်းစားထားရမည့် ဆီးရီးယားစစ်ပွဲ ထွက်ပေါက်မဟာဗျူဟာ
- ဥရောပဒုက္ခသည်အကျပ်အတည်းကို ပိုမိုဆိုးရွားစေမည့် ဆောင်းရာသီကာလ
- ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှု ပိုင်းအရက်ထုတ်လုပ်မှု ထိခိုက်နိုင် စသည့် သတင်းဆောင်းပါးများနှင့် ကျောင်းသား ကျောင်းသူများ လူငယ်များ အမှုထမ်းများ အင်္ဂလိပ်ဘာသာလိုက်စားသူများအတွက် အင်္ဂလိပ်ဘာသာသင်ခန်းစာနှင့် လေ့ကျင့်ခန်းများ ထည့်သွင်းဖော်ပြထားပါသည်။

# မှန်လုံယာဉ်ငယ်ပေါ်မှ တရားမဝင် နိုင်ငံခြားဖြစ်အရက်များနှင့် အလှကုန်ပစ္စည်းများ သိမ်းဆည်းရမိ

**တာချီလိတ် အောက်တိုဘာ ၁၇**

တာချီလိတ်(မယ်ယန်း)ကုန်သွယ်ရေးစခန်းရှောင်ကွင်းလမ်းအတွင်း မှန်လုံယာဉ်ငယ်ပေါ်မှ တရားမဝင် နိုင်ငံခြားဖြစ်အရက်များနှင့် အလှကုန်ပစ္စည်းများကို အောက်တိုဘာ ၈ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း တာချီလိတ်စခန်း ထုတ်နုတ် Mobile Team အဖွဲ့မှ သိရသည်။

အဆိုပါ မှန်လုံယာဉ်ငယ်တစ်စီးသည် တာချီလိတ်(မယ်ယန်း) ကုန်သွယ်ရေးစခန်းအား ရှောင်ကွင်း၍ မယ်ဟုတ် ချောင်းဘေးတောလမ်းအတိုင်း ဝင်ရောက်သွားကြောင်း သတင်းရရှိသဖြင့် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ယာဉ်နှစ်စီးဖြင့် ဖြန့်ခွဲပိတ်ဆို့ရှင်းလင်းမှုများ ပြုလုပ်ခဲ့ရာ Hyundai အမျိုးအစား မှန်ယုံယာဉ်ငယ်6H/---- ယာဉ်အား ရှောင်ကွင်းလမ်းပေါ်တွင် တွေ့ရှိခဲ့ပြီး စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ယင်းသို့ စစ်ဆေးရာတွင် FDA ထောက်ခံချက်မပါရှိဘဲ တရားမဝင်တင်သွင်းလာသော စားသောက်ကုန်ပစ္စည်းအချို့နှင့် ဖုံးကွယ်၍ Chivas (အရက်) (1 Lit×12) ၂၅ ဖာ၊ Red Label (အရက်) (1 Lit×12) ၅၅ ဖာ၊ ထိုင်းနိုင်ငံထုတ် Spa လုပ်ငန်းသုံး အလှကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းမျိုးစုံ၊ အထည်မျိုးစုံ အထုပ်တစ်ထုပ်(စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ်သိန်း ၃၂၀)တို့အား စစ်ဆေးတွေ့ရှိခဲ့သည်။

ကန့်သတ်ကုန်ပစ္စည်းဖြစ်သော နိုင်ငံခြားဖြစ်အရက်များအား သယ်ယူလာသော အဆိုပါ မှန်လုံယာဉ်ငယ်မှ ယာဉ်ပိုင်ရှင်များအနေဖြင့် လာရောက်ဆက်သွယ်ခြင်း မရှိဘဲ ယာဉ်မောင်းတစ်ဦးကိုသာ ငှားရမ်း၍ မောင်းနှင်သယ်ဆောင်မှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည့်အတွက် မော်တော်ယာဉ်အား ပိုင်ရှင်မဲ့အဖြစ် သိမ်းဆည်းအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သိမ်းဆည်းရမိ ပစ္စည်းများကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ အကောက်ခွန်အမှုတွဲ ဖွင့်လှစ်သိမ်းဆည်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သီရိ)**

# ရွှေအစစ်နှင့်အတု လိမ်လည်ရယူသူကို ဖမ်းမိ

**တပ်ကုန်း အောက်တိုဘာ ၁၇**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ မြို့မဈေးကြီးပတ်ဝန်းကျင်တွင် ရွှေဆွဲကြိုးအစစ်နှင့်အတု လိမ်လည်ရယူသွားသည့်အမှုများ မကြာခဏဖြစ်ပွားလျက်ရှိရာ အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက ရွှေဆွဲကြိုးအတုနှင့် အစစ် လိမ်လည်ရယူနေစဉ် လိမ်လည်သူ လယ်ဝေးမြို့နယ် ခရမ်းကိုင်းအုပ်စု ညောင်ကုန်းကျေးရွာနေ ကိုလေးအား တာဝန်သိပြည်သူများနှင့် ရဲလှည့်ကင်းအဖွဲ့က ဖမ်းဆီးရမိသည်။

ဖြစ်ပွားပုံမှာ ဇေယျာသီရိမြို့နယ် မရင်းကြီးအုပ်စု ရင်ကွဲပင်ကျေးရွာမှ မစန်းစန်းမြသည် တပ်ကုန်းဈေးအတွင်း ဈေးဝယ်နေစဉ် လူတစ်ဦးကပ်လာပြီး ချဲထိုးဦးမလားဟုမေးပြီး ချဲဂဏန်းများပြသသည်။ ထို့နောက် ဈေးအရှေ့ဘက် သခင်မြလမ်းအရောက်တွင် လက်ကိုင်ပဝါဖြင့်ထုပ်ထားသော အထုပ်တစ်ထုပ်အားကောက်ယူ၍ ဖွင့်ကြည့်ကြရာ နှစ်ကျပ်သားခန့်ရှိ ရွှေဆွဲကြိုးနှင့် ဘောက်ချာစာရွက်တို့အား တွေ့ရှိပြီး ဦးကိုလေးက ကောက်ရသည့် ဆွဲကြိုးကို မစန်းစန်းမြအား ယူသွားရန်နှင့် မစန်းစန်းမြ၏ဆွဲကြိုးအား သူ့အားပေးရန် ပြောဆို၍ မစန်းစန်းမြသည် လည်ပင်းတွင်ဆွဲထားသော ရွှေဆွဲကြိုးအစစ်အား ချွတ်ပေးနေစဉ် အနီးပတ်ဝန်းကျင်ရှိ သရဖူကုန်စုံဆိုင်ပိုင်ရှင်နှင့် တာဝန်သိပြည်သူများ ဝိုင်းဝန်းဖမ်းဆီး၍ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် မြင့်ကံနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များက စစ်ဆေးရာ အညိုရောင် လွယ်အိတ်အတွင်းမှ နှစ်လုံး၊ သုံးလုံး ချဲထီလောင်းကစားရာတွင်အသုံးပြု သည့် သက်သေခံပစ္စည်း၊ စာရွက်စာတမ်း၊ လောင်းကြေးငွေများနှင့်အတူ ရွှေဆွဲကြိုးအတု၊ ဘောက်ချာစာရွက်တို့အား သိမ်းဆည်းရမိ၍ တပ်ကုန်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**



# ဘိန်းဖြူနှင့်စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၇**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၄ ရက်က နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီး၌ မူဆယ်မှ ရန်ကုန်သို့ ထွက်ခွာလာသည့် "GI Group" ခရီးသည်တင် မှန်လုံယာဉ်ကို ရှာဖွေရာ ခရီးသည် မဝင်းဝင်း ၏ လက်ဆွဲ ပီနံအိတ်အတွင်းမှ ဘိန်းဖြူ ဆပ်ပြာခွက် ၁၀ ခွက် (ဘိန်းဖြူ အလေးချိန် သုည ဒသမ ၁၃ ကီလို) သိမ်းဆည်းရမိသည်။

အလားတူ အောက်တိုဘာ ၁၄ ရက်က ဟိုပိတ်အေးရှားဝေါလ်တိုးဂိတ်အနီးတွင် မူဆယ်ဘက်မှ အယ်ဇော်မိုင် မောင်းနှင်ပြီး မဇိန်ခန်ကိုင်ရာနှင့် မရွှယ်ဂျီတို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဆီခဲ သုည ဒသမ ၀၀၉ ကီလိုနှင့် စိတ်ကြွရူးသွပ် ဆေးပြား ၅၈၀၀ ကို လည်းကောင်း၊ အောက်တိုဘာ ၁၃ ရက်က ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက် ဘိုတဲကုန်းလမ်းရှိ "မန်းဆန်သူ" လက်ဖက်ရည်ဆိုင်တွင် တွေ့ရှိသူ အောင်ကိုမြတ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ကိုလည်းကောင်း၊ အောက်တိုဘာ ၁၁ ရက်က ဇလဲကျေးရွာဘက်မှ တောင်ကြီးမြို့ဘက်သို့ ကျော်ဇင်လတ် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၄ ပြားကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# ရုပ်မြင်သံကြားအစီအစဉ်များ

၁၈ - ၁၀ - ၂၀၁၅ (တနင်္ဂနွေနေ့)

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-အလင်္ကာကျော်စွာမြို့မငြိမ်း
နှစ်(၁၀၀)ပြည့်
တေးဂီတအစီအစဉ်(အပိုင်း-၁)
၆း၁၅ ချစ်စရာ့အရွယ်ကစားကြမယ်
၆း၄၀ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၄၀ "Channel Zero"(အပိုင်း-၃)
(ဦးအောင်လွင်၊ အရိုင်း၊ ညောင်ညောင်၊ ဝေါ်ဇီလာ၊ စိန်သီး၊ ဇီးသီး၊ ကြယ်သီး၊ ပိုးလေး၊ ဦးပြုံးချို၊ ဂေါက်သီး၊ အောင်ချစ်၊ ပေါ်ဦး၊ ရန်ပိုင်စိုး၊ ကြက်ဖ၊ တိုးကျော်၊ ဝိုင်းကျော်၊ မိုးမြင့်မြတ်၊ ဆောင်းရတီ)
(ဒါရိုက်တာ-ဟိန်းစိုး၊ မောင်သူရ၊ ညီညီဘမောင်၊ ဝေါ်ဇီလာ)
၈း၂၀ "Channel Zero"(အပိုင်း-၄)
(ဦးအောင်လွင်၊ အရိုင်း၊ ညောင်ညောင်၊ ဝေါ်ဇီလာ၊စိန်သီး၊ ဇီးသီး၊ကြယ်သီး၊ပိုးလေး၊ ဦးပြုံးချို၊ ဂေါက်သီး၊ အောင်ချစ်၊ ပေါ်ဦး၊ ရန်ပိုင်စိုး၊ ကြက်ဖ၊ တိုးကျော်၊ ဝိုင်းကျော်၊ မိုးမြင့်မြတ်၊ ဆောင်းရတီ)
(ဒါရိုက်တာ - ဟိန်းစိုး၊ မောင်သူရ၊ ညီညီဘမောင်၊ ဝေါ်ဇီလာ)
၉း၀၀ မြန်မာရုပ်ရှင်
(ဆေးရောင်စုံ)
"သုံးသုံးလီချစ်"
[ရန်အောင်၊ ဒွေး၊ စိုးမြတ်နန္ဒာ၊ အိန္ဒြာကျော်ဇင်၊ လှအဥ္ဇလီတင့် (ဒါရိုက်တာ-မောင်နန္ဒ)]

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (Bee Talk Public Account Platform Launching Ceremony)
၉း၃၅ Weekly Sports Diary
၁၁း၀၀ Star တို့ရဲ့လက်ရာ
၁၁း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၂၃+၂၄)
၂း၂၀ World of Knowledge (Megastructures Gardens By The Bay)
၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၈၆)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၈၇)
၇း၂၅ Fashion Week (Thet Hnin Aye)
၇း၄၅ Myanmar's Got Talent
၈း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၈)
၉း၄၀ Music Diary "အောင်ထက်နှင့် ပြိုင်ပွဲဝင်သီချင်းများ" [Music Documentary (အပိုင်း-၂)"
၁၀း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၂၅+၂၆)
၁၂း၁၀ Sunday Talk (ဦးမြင့်ဇော်၊ ဦးမျိုးမြတ်သူ)
၁၂း၅၀ MRTV-4 Stage
၂း၃၅ စိတ်၏ကကြိုး
၄း၄၀ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ (တရားမြတ်၏ ရောင်ခြည်တော် မဟာဓမ္မရံသီ အိမ်တော်ရာ စေတီတော်)

## မြဝတီ

၆း၀၃ တရားတော်
၆း၁၀ မေတ္တာပို့
၆း၁၆ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၀ အမျိုးသားရေးတေးကဗျာ
၈း၁၅ မွေးမြူသုတ
၈း၂၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၁၁း၀၀ English For Myanmar
၁၁း၄၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
- ကရေက
[လူမင်း၊ ခိုင်သင်းကြည်နှင့် သရုပ်ဆောင်များ
(ဒါရိုက်တာ - မိုက်တီး)]
၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ချစ်သောကွန်မန်ဒို
(အပိုင်း-၂၀)(ဇာတ်သိမ်း)
၁၄း၃၀ သံစဉ်များနှင့်ကမ္ဘာ
၄း၁၃ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၂၅ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၄၅ ကျန်းမာသုတ
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဂါလီမာ (အပိုင်း-၇၀)
၅း၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
၆း၁၀ စားဖိုဆောင်ချစ်သူ
၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ရင်နှစ်သီးခြာချစ်လိပ်ပြာ
(အပိုင်း-၂၈)
- လူ့ရှင်တော်စတား
- ယနေ့ညအတွက်မြဝတီ၏
တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ရာဇဝင်တွင်မည့်နိမိတ်သခင်
(အပိုင်း-၉)

## mitv

07:26 Hanlin, A Treasure Trove Of The Ancient Pyu City
07:50 Myanmar Traditional Bullock-Cart & Equestrain Racing
08:03 News
08:26 To My Dream City (Part- 2)
08:45 Civic Duty
09:03 News
09:26 Yathe Taung Township In A Nut-Shell
09:50 Next Weekend
10:03 News
10:26 Yangon Markets: Da Nyin Gone Market
10:36 Insight Myanmar: Myanmar Election Tech in Voters' Education
07:03 News
07:24 Let's Cook (EP-6) Cheesy Burger & Crunchy Munchy Beary Cookies
07:51 Today Myanmar "ASEAN Economic Community"
08:26 Hanthawaddy U Win Tin "A Fearless Man" (Episode-2)
08:43 Myanmar Masterclass: Performance Art

# ဗေလုဝ၏ ကြိုးနှင့်ချည်ထားသောဗာရာဏသီအတွက် တိုင်ကြားခံရသူများက အစည်းအရုံးသို့ ပြန်လည်ဖြေရှင်းခြင်းမရှိ

**ရန်ကုန် အောက်တိုဘာ ၁၇**



(ဓာတ်ပုံ - Myanmar Online News)

ရုပ်ရှင်ရိုက်ကူးရန်အတွက် လိုင်စင်ကြေး၊ ဒါရိုက်တာကြေးနှင့် ဇာတ်လမ်း၊ ဇာတ်ညွှန်းကြေးများ ပေးချေထားသော်လည်း ပျက်ကွက်ကာ အခြားရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းတစ်ခုနှင့် ရိုက်ကူးထုတ်လုပ်ခဲ့သဖြင့် တိုင်တန်းခံရသူတို့ကို ခေါ်ယူသော်လည်း လာရောက်ဖြေရှင်းခြင်းမရှိသောကြောင့် မူလတိုင်ကြားသူသဘောအတိုင်း ဆက်လက်လုပ်ဆောင်နိုင်သည်ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြန်ကြားထားကြောင်း သိရသည်။

သရုပ်ဆောင် ဦးဗေလုဝ ရေးသားထားသည့် ကြိုးနှင့်ချည်ထားသောဗာရာဏသီ ဇာတ်ကားအတွက် လိုအပ်သည့် အနုပညာကြေးအချို့ကို ပေးချေထားသော်လည်း သရုပ်ဆောင် ဦးဗေလုဝ၊ ဦးတေဇာကျော်နှင့် ဒါရိုက်တာ သားကြီးတို့ ဇနီးမောင်နှံက ယင်းဇာတ်ကားကို စိမ်းဝါနီ ရုပ်ရှင်ထုတ်လုပ်ရေးနှင့် ပြောင်းလဲရိုက်ကူးခဲ့သည်ဟု မူလထုတ်လုပ်သူက တိုင်ကြားခဲ့ခြင်းဖြစ်သည်။

မူလထုတ်လုပ်သူ ဒုတိယနှစ် အဝေးသင်တက္ကသိုလ်တက်ရောက်နေသော မအိသဉ္ဇာကျော်က ယင်းကိစ္စရပ်ကို ဖြေရှင်းပေးနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ စာရေးသားတိုင်ကြားခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးထံသို့ ဖြေရှင်းညှိနှိုင်းပေးနိုင်ရန် အကြောင်းကြားခဲ့ကြောင်း၊ တိုင်ကြားခံရသူများအား ဖြေရှင်းညှိနှိုင်းရန်အတွက် အစည်းအရုံးက မအိသဉ္ဇာကျော် တိုင်ကြားသည့် အစောပိုင်းကတည်းကပင် ဆင့်ခေါ်ခဲ့သော်လည်း ဦးဗေလုဝတို့ဘက်က လာရောက်ဖြေရှင်းခြင်းမရှိခဲ့ကြောင်း သိရသည်။

တိုင်ကြားသူမှာ အနုပညာသင်တန်းဆင်းအစ်မဖြစ်သူ၏ သရုပ်ဆောင်လုပ်ငန်း တိုးတက်စေရန်အတွက် မိတ်ဆွေဖြစ်သူ ဦးတေဇာကျော်နှင့် ဆက်သွယ်ကာ ဗီဒီယိုရိုက်ကူးထုတ်လုပ်ရေး လိုင်စင်ရရှိရန် ၂၀၁၄ခုနှစ်ဒီဇင်ဘာလတွင် ငွေကြေးများ စတင်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး သရုပ်ဆောင် ဦးဗေလုဝရေးသားသည့် ကြိုးနှင့်ချည်ထားသော ဗာရာဏသီ ဟာသဇာတ်လမ်းကို ရုပ်ရှင်စတင်ရိုက်ကူးရန် ဆွေးနွေးဖြစ်ခဲ့ကြခြင်းဖြစ်သည်ဟု ဆိုသည်။

လိုင်စင်လုပ်ရန်၊ ဇာတ်လမ်း၊ ဇာတ်ညွှန်းခနှင့် သရုပ်ဆောင်ခ၊ ဒါရိုက်တာ၊ ဇာတ်ရံများ၏ ကြိုတင်ငွေများအပါအဝင် စုစုပေါင်း ငွေကျပ် ၉၁ သိန်းကို အလီလီပေးအပ်ခဲ့ပြီးနောက် အဆက်အသွယ်မရရှိတော့ဘဲ အခြားရုပ်ရှင်လုပ်ငန်းတစ်ခုနှင့် ရိုက်ကူးခဲ့ခြင်းကြောင့် မအိသဉ္ဇာကျော်က ပြန်ကြားရေးဝန်ကြီးထံသို့ လိပ်မူကာ တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကိစ္စကို ဖြေရှင်းညှိနှိုင်းပေးနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ အသိပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက နှစ်ဖက်ညှိနှိုင်းပေးရန် ကြိုးစားသော်လည်း တိုင်ကြားခံရသူများက လာရောက်ဖြေရှင်းခြင်း မရှိသည့်အတွက် မသဉ္ဇာကျော်၏ သဘောဆန္ဒအရ ဆက်လက်လုပ်ဆောင်လိုပါက လုပ်ဆောင်နိုင်သည်ဟု ပြန်လည်အကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။

မတ်လပထမပတ်တွင် ရုပ်ရှင်ရိုက်ကူးရန် သဘောတူထားသော်လည်း ဧပြီလတွင် ရုပ်ရှင်သရုပ်ဆောင် ခိုင်နှင်းဝေ၏ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ယင်းဇာတ်ကားကို ရိုက်ကူးရန် ပြောကြားထားသည်ကို သိခဲ့ရပြီးနောက် စိမ်းဝါနီ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးမှ ယင်းဇာတ်ကားကို ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း ဆက်လက်သိရှိခဲ့ရသည်ဟု မအိသဉ္ဇာကျော်ထံမှ သိရသည်။

"ကျွန်မရဲ့ ဂုဏ်သိက္ခာနဲ့ ငွေကြေးတွေကို ထိခိုက်နစ်နာဆုံးရှုံးမှုတွေဖြစ်အောင် အဖြစ်မှန်ကို ဖုံးကွယ်ပြီး ဂျာနယ်တွေမှာ မဟုတ်မမှန် ရေးသားပြောဆိုခဲ့တဲ့အတွက် သရုပ်ဆောင် ဦးဗေလုဝ၊ ဦးတေဇာကျော်နဲ့ ဒါရိုက်တာ သားကြီးတို့ ဇနီးမောင်နှံနဲ့အတူ သက်သေလက်မှတ်ထိုးထားတဲ့ ဒေါ်မြင့်မြင့်အုန်းတို့ကို ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်ပေးနိုင်ဖို့ တိုင်တန်းရခြင်း ဖြစ်ပါတယ်" ဟု မအိသဉ္ဇာကျော်က သူ၏တိုင်တန်းရခြင်း အကြောင်းကို ရေးသားထားသည်။ **(ကိုကိုဇော်)**



# ထာဝရအကောင်းဆုံးကာတွန်းဇာတ်ကားအဖြစ် ရွေးချယ်ခံခဲ့ရသည့် Toy Story

အမေရိကန်ပြည်ထောင်စုရှိ ရုပ်ရှင်ကျောင်းတော် ဒုဗလျူတီအက်ဖ်မှရွေးချယ်သော ထာဝရ အကောင်းဆုံး ကာတွန်းဇာတ်ကားအဖြစ် Toy Story ဇာတ်ကားမှာ ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။ ယင်းရွေးချယ်မှုတွင် အခြေခံအားဖြင့် တစ်ပတ်အတွင်း ရုံဝင်ကြေးရရှိမှု၊အရုပ်အသံကောင်းမွန်မှု၊ ဇာတ်လမ်းဇာတ်ကွက်သေသပ်မှုအပြင် နောက်ဆက်တွဲ ဆက်လက်တင်ဆက်သည့် ဇာတ်လမ်းများ၏ ဇာတ်အိမ်ခိုင်မာမှုနှင့် ငွေကြေးအရ အောင်မြင်မှုတို့ကိုပါ ထည့်သွင်းတွက်ချက်ထားကြောင်းလည်း ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည်။

ကမ္ဘာ့ပထမဆုံးကာတွန်းဇာတ်ကားမှာ ၁၉၃၇ တွင် ဒစ္စနေမှ တင်ဆက်ခဲ့သော Snow White and Seven Dwarfs ကားဖြစ်ပြီး ကလေးပရိသတ်အပြင် လူကြီးပရိသတ်များက အထူးအဆန်းအသစ်တစ်ရပ်အနေဖြင့် ကြည့်ရှုခဲ့သောကြောင့် ထိုခေတ်အခါက စံချိန်တင်ဝင်ငွေရရှိသည်အထိ အောင်မြင်မှုရရှိခဲ့သည်။ သို့သော် ကာတွန်းဇာတ်ကားများမှာ အင်မတန်အသေးစိတ်ကျကျလုပ်ဆောင်ရသော စီမံကိန်းဖြစ်ကာ တစ်စက္ကန့်တွင် ၁၂ ဖရိန် အထိ အရုပ်လှုပ်ရှားမှုလျှင်မြန်ရသောလုပ်ငန်းစဉ်လည်း ဖြစ်သည်။

နှစ်ပေါင်း ၈၀ နီးပါးအခွန့်ရှည်ကြာခဲ့သည့် မြောက်မြားစွာသော ကာတွန်းကားများထဲမှ ရွေးချယ်မှု ပြုလုပ်ရခြင်းကြောင့် ဒုဗလျူတီအက်ဖ်အနေ ဖြင့် အခက်အခဲရှိခဲ့သော်လည်း သတ်မှတ်ထားသော စံနှုန်းများအရ Toy Storyဇာတ်ကားကသာ နံပါတ် (၁) နေရာကိုရယူနိုင်ခဲ့ခြင်းဖြစ်သည်။ Toy Story ဇာတ်ကားကို ၁၉၉၉တွင်ပြသခဲ့ပြီးနောက် ၁၀ စု နှစ်တစ်ခုအတွင်း နောက်ဆက်တွဲ ဇာတ်ကားနှစ်ကားကို ဆက်လက်တင်ဆက်ခဲ့ကာ Toy Story 4အား ယခုလာမည့် ၂၀၁၇ ဇွန် ၁၆ ရက်တွင်မှ ရုံတင်နိုင်မည်ဖြစ်ကြောင်း ဒစ္စနေပစ်ဇာမှ တာဝန်ရှိ သူတစ်ဦးက အတည်ပြုပြောကြားခဲ့သည်။

အဆိုပါရွေးချယ်မှု၏ နံပါတ်(၂)နှင့်(၃)နေရာ တွင် ရပ်တည်နေသော Wall-E နှင့် Finding Nemo ကာတွန်းဇာတ်ကား နှစ်ကားကိုလည်း ဒစ္စနေပစ်ဇာမှပင် တင်ဆက်ခဲ့ခြင်းဖြစ်သည်။

# ဟောလိဝုဒ်နှင့် ပထမဆုံးအကြိမ် လက်တွဲခွင့်ရရှိခဲ့သည့် လီဂျွန်ကီ

ကိုရီးယားမင်းသားလီဂျွန်ကီမှာ သူ၏ အသက်မွေးဝမ်းကျောင်းကာလတစ်လျှောက် ဟောလိဝုဒ်နှင့် ပထမဆုံးအကြိမ်လက်တွဲခွင့် ရရှိခဲ့ပြီဖြစ်ကြောင်း မင်းသား၏အေးဂျင့်ဖြစ်သူက အတည်ပြုပြောကြားခဲ့သည်။

မင်းသားမှာ Resident Evil: Final Chapter ဇာတ်လမ်းတွဲတွင် ပါဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး ယခုအခါ ရိုက်ကူးရေးကိစ္စရပ်များအတွက် တောင်အာဖရိကတွင်ရောက်ရှိနေပြီဖြစ်သည်။

Resident Chapter ဇာတ်လမ်းတွဲ၏ ကြယ်ပွင့်မင်းသမီး မယ်လာဂျိုဗိုဗစ်ချ်က သူ၏ တွစ်တာစာမျက်နှာပေါ်တွင် လီဂျွန်ကီနှင့် တွဲလျက်ပုံကိုတင်ခဲ့ပြီး လီဂျွန်ကီ၏ တိုက်ကွမ်ဒိုစွမ်းရည်မှာ သူ့အားအမှန်တကယ် အံ့သြမှင်တက်စေခဲ့ကြောင်းလည်း ရေးသားထားသည်။



မေလွဲ့သဝင်း – ရေးသားသည်

# နိုဝင်ဘာ ၁၇ ရက်တွင် မြန်မာနှင့် ယှဉ်ပြိုင်ကစားမည့် ကူဝိတ်အား နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခြင်းကို ဖီဖာ ရပ်ဆိုင်းထား

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)အနေဖြင့် ကူဝိတ်နိုင်ငံအား နိုင်ငံ၏ အားကစားဥပဒေကို ပြောင်းလဲပြင်ဆင်ရန် တောင်းဆိုထားခဲ့ပြီး အဆိုပါအားကစားဥပဒေကို ကူဝိတ်အစိုးရက ဝင်ရောက်နှောင့်ယှက်ခဲ့ခြင်းကြောင့် ဖီဖာက ကူဝိတ်နိုင်ငံလက်ရွေးစင်အသင်းနှင့် ကလပ်အသင်းများအား နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မပြုဘဲ ပိတ်ပင်ထားကြောင်း သိရသည်။

ဖီဖာအမှုဆောင်ကော်မတီအနေဖြင့် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ပင်လယ်ကွေ့နိုင်ငံတစ်နိုင်ငံဖြစ်သည့် ကူဝိတ်နိုင်ငံ၏ အားကစားဥပဒေကို ပြောင်းလဲပြင်ဆင်ရန် အောက်တိုဘာ ၁၅ ရက်တိုင်အောင်ခွင့်ပြုပေးထားခဲ့သည်။ သို့ရာတွင် ကူဝိတ်နိုင်ငံသည် အဆိုပါအားကစားဥပဒေထုတ်ပြန်ပြင်ဆင်ချက်နှင့် ပတ်သက်၍ ဖြေရှင်းရန်အတွက် အောက်တိုဘာ ၂၇ ရက်အထိ ရက်တိုးရရှိထားကြောင်းလည်း သိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က လက်ရှိအချိန်အထိ ကူဝိတ်နိုင်ငံလက်ရွေးစင်အသင်းနှင့် ကလပ်အသင်းများအား နိုင်ငံတကာပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်ခွင့် ပိတ်ပင်ထားပြီး ကူဝိတ်ဘောလုံးအဖွဲ့ချုပ်နှင့် ၎င်း၏အဖွဲ့ဝင်များ (ကလပ်အသင်းများ)အနေဖြင့် ၎င်းတို့၏ လုပ်ဆောင်ချက်များနှင့် တာဝန်ဝတ္တရားများကို အစိုးရက ဝင်ရောက်မစွက်ဖက်ဘဲ လွတ်လွတ်လပ်လပ်လုပ်ဆောင်နိုင်မှသာလျှင်


© EPA

တားမြစ်ပိတ်ပင်ထားသည့် စည်းမျဉ်းစည်းကမ်းများကို ဖြေလျှော့ပေးမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၆ ရက်တွင် ပြောကြားခဲ့သည်။

ကူဝိတ်အသင်းသည် လက်ရှိယှဉ်ပြိုင်ကစားလျက်ရှိသည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အာရှဇုန်ခြေစစ်ပွဲစဉ်များတွင် အုပ်စု(G)၌ တောင်ကိုရီးယားအသင်း၏အောက် အုပ်စုဒုတိယနေရာတွင် ရပ်တည်လျက်ရှိပြီး နိုဝင်ဘာ ၁၇ ရက်တွင် မြန်မာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(ငွေကြယ်)

# ချန်ပီယံလိဂ်ဝင်ခွင့်မရသည့်တိုင် ရာထူးမှထုတ်ပယ်ခံရမည်မဟုတ်ဟု ယုံကြည်ချက်အပြည့်ရှိနေသည့် မော်ရင်ဟို

ချယ်လ်ဆီးအသင်းအနေဖြင့် ရာသီသိမ်းချိန်တွင် အမှတ်ပေးဇယားအလယ်အလတ်အဆင့်၌သာ ရပ်တည်နိုင်ပြီး ချန်ပီယံလိဂ်နှင့် ဥရောပဝင်ခွင့်နေရာဆုံးရှုံးရလျှင်ပင် မိမိအား ရာထူးမှ ထုတ်ပယ်မည်မဟုတ်ဟု ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက သူ၏ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ မော်ရင်ဟိုက ချယ်လ်ဆီးနှင့်ချုပ်ဆိုထားသော စာချုပ်သက်တမ်းလေးနှစ်ပြည့်မြောက်သည်အထိ ချယ်လ်ဆီး၏နည်းပြအဖြစ်ဆက်ရှိနေမည်ဟု ယုံကြည်ထားသကဲ့သို့ ရာသီအစရလဒ်များ ဆိုးရွားခဲ့သော်လည်း ယခုထိ ဘုတ်အဖွဲ့ဝင်များ၏ထောက်ခံမှုကိုလည်း အပြည့်အဝရရှိထားဆဲဖြစ်သည်ဟုပြောကြားခဲ့သည်။

ချယ်လ်ဆီးပိုင်ရှင် ရိုမန်အေဗရာမိုဗစ်ချ်က ဆောက်သမ်တန်အားရှုံးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် မော်ရင်ဟိုနှင့် ဆွေးနွေးခဲ့ပြီးနောက် ဆက်လက်၍ ဘုတ်အဖွဲ့ဝင်များနှင့် သီးခြားတွေ့ဆုံကာ မော်ရင်ဟို၏ အနာဂတ်နှင့် ပတ်သက်ပြီး ညှိနှိုင်းတိုင်ပင်ခဲ့ကြသည်။ ကလပ်အသင်း၏ သီးခြားထုတ်ပြန်ချက်တစ်ရပ်အား မကြာမီရက်ပိုင်းအတွင်း ထုတ်ပြန်သွားမည်ဖြစ်ပြီး မော်ရင်ဟိုကမူ အဆိုပါ ထုတ်ပြန်ချက်မထွက်လာသေးခင်မှာပင် ကလပ်အသင်းပိုင်ရှင်နှင့် ဘုတ်အဖွဲ့ဝင်များ၏ သဘောထားကို သူ့အနေဖြင့် အသေအချာသိရှိထားကြောင်း ဆိုခဲ့သည်။

"ကျွန်တော်က အစကတည်းက သူတို့ရဲ့သဘောထားကို ရှင်းရှင်းလင်းလင်း သိထားတာကြောင့် ချယ်လ်ဆီးနည်းပြနေရာအတွက် ဘယ်တုန်းကမှ ပူပင်နေရတယ် ဆိုတာမရှိပါဘူး။ ဒါကြောင့် အခုထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်မယ်ဆိုတာလည်း ကျွန်တော့်အတွက်အသစ်တစ်ရပ်လို့မခံစားရပါဘူး။ ကျွန်တော် အသင်းပိုင်ရှင်နဲ့ ညစာအတူတကွသွားရောက်စားခဲ့တော့ သူတို့က ကျွန်တော့်ကို စာချုပ်သစ်ချုပ်ဆိုဖို့ပါအလိုရှိနေတယ်ဆိုတာလည်း သိခဲ့ရတယ်။ စာချုပ်သစ်ချုပ်ဆိုဖို့ ကျွန်တော့်ဘက်က ဘာတွေလုပ်ပေးရမလဲဆိုတာလည်း ကျွန်တော်သိပါတယ်။ ဒါကြောင့် ဒီနှစ်ဘောလုံးရာသီမှာ ချယ်လ်ဆီးအနေနဲ့ အမှတ်ပေးဇယားအလယ်အလတ်အဆင့်မှာပဲ ရပ်တည်နိုင်ရင်ရော ခင်ဗျား ဒီနေရာမှာပဲဆက်ရှိနေမယ်ဆိုတာ ယုံကြည်လားလို့ မေးလာရင် ဟုတ်ကဲ့လို့ပဲ ကျွန်တော်ဖြေမှာပါ" ဟုဆိုခဲ့သည်။

မော်ရင်ဟိုသည် ပေါ်တိုနည်းပြဘဝနှင့် အင်တာမီလန်နည်းပြဘဝတို့တွင် အမြင့်မားဆုံးအောင်မြင်မှုဖြင့် အနိုင်ပိုင်းကာ ရာထူးမှနုတ်ထွက်ခဲ့သော်လည်း ပထမအကြိမ်ချယ်လ်ဆီးနည်းပြဘဝနှင့် ရီးယဲလ်မက်ဒရစ်နည်းပြဘဝမှာမူ ဖလားလက်မဲ့အနေအထားကြောင့် နှစ်ဖက်သဘောတူညီချက်ရယူကာ ရာထူးမှ ထွက်ခွာခဲ့ခြင်းဖြစ်သည်။

မေလွဲ့သင်း

❑❑❑

## အောက်တိုဘာ ၁၈ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

| | | |
|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ်(၉)** | | |
| နယူးကာဆယ် | နော့ဝှစ်ချ် | ည-၉း၃၀ |
| **လာလီဂါ ပွဲစဉ် (၈)** | | |
| ဘာစီလိုနာ | ဗယ်လက်ကာနို | နံနက်-၁း၀၀ |
| ဗလင်စီယာ | မာလာဂါ | နံနက်-၂း၃၀ |
| ဘက်တစ် | အက်စပန်ညို | နံနက်-၂း၃၅ |
| ဗီလာရီးယဲလ် | ဆယ်တာဗီဂို | ညနေ-၄း၃၀ |
| ဆိုစီဒက် | အက်သလက်တီကို | ည-၈း၃၀ |
| ဂီတာဖေး | လက်ပဲမက် | ည-၁၀း၄၅ |
| **စီးရီးအေ ပွဲစဉ် (၈)** | | |
| တိုရီနို | အေစီမီလန် | နံနက်-၁း၀၀ |
| ဘိုလော့နာ | ပါလာမို | ညနေ-၅း၀၀ |
| အတ္တလန္တာ | ကာပီ | ည-၇း၃၀ |
| ဖရိုစီနို | ဆမ်ဒိုးရီးယား | ည-၇း၃၀ |
| ဂျီနိုအာ | ချီယေဗို | ည-၇း၃၀ |
| ဗီရိုနာ | အူးဒီးနီးစ် | ည-၇း၃၀ |
| နာပိုလီ | ဖီအိုရင်တီးနား | ည-၇း၃၀ |
| ဆာစူအိုလို | လာဇီယို | ည-၇း၃၀ |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၈)** | | |
| ကိုလုံး | ဟန်နိုဗာ | ည-၈း၀၀ |
| စတုဂတ် | အင်ဂေါ့စတက် | ည-၁၀း၀၀ |
| **ပြင်သစ်လီဂူး ပွဲစဉ် (၁၀)** | | |
| စိန့်အက်တီယန် | ဂါဇီလက် | နံနက်-၀၀း၃၀ |
| ဂူအင်ဂမ့် | လိုင်လီ | နံနက်-၀၀း၃၀ |
| နန့်တက်စ် | ထရွိုင်ယက်စ် | နံနက်-၀၀း၃၀ |
| ရိမ်းစ် | ကိန်း | နံနက်-၀၀း၃၀ |
| တူးလော့စ် | အန်ဂါးစ် | နံနက်-၀၀း၃၀ |
| မားဆေးလ် | လိုရီယန့် | ည-၆း၃၀ |
| ဘော်ဒိုး | မောင့်ပယ်လီယာ | ည-၉း၃၀ |

## အောက်တိုဘာ ၁၇ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

| | | |
|---|---|---|
| **ပရီမီယားလိဂ် ပွဲစဉ်(၉)** | | |
| စပါး | ၀ - ၀ | လီဗာပူး |
| ချယ်လ်ဆီး | ၂ - ၀ | ဗီလာ |
| မန်စီးတီး | ၅ - ၁ | ဘုန်းမောက် |
| ဆောက်သမ်တန် | ၂ - ၂ | လက်စတာ |
| အဲဗာတန် | ၀ - ၃ | မန်ယူ |
| ဝက်စ်ဘရွန်း | ၁ - ၀ | ဆန်းဒါးလန်း |
| ခရစ္စတယ်ပဲလေ့စ် | ၁ - ၃ | ဝက်စ်ဟမ်း |
| **လာလီဂါ ပွဲစဉ် (၈)** | | |
| ရီးယဲလ်မက်ဒရစ် | ၃ - ၀ | လီဗန်တေး |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၈)** | | |
| မိန့်ဇ် | ၀ - ၂ | ဒေါ့မွန် |
| ရှော်လ်ကေး | ၂ - ၁ | ဟာသာဘာလင် |
| ဝုဖ်ဘတ် | ၄ - ၂ | ဟော့ဖန်ဟိမ်း |
| ဟမ်းဘတ် | ၀ - ၀ | လေဗာကူဆင် |
| အော့စ်ဘတ် | ၀ - ၂ | ဒမ်စတက် |
| ဝါဒါဘရီမင် | ၀ - ၁ | ဘိုင်ယန်မြူးနစ် |
| **ပြင်သစ်လီဂူး ပွဲစဉ် (၁၀)** | | |
| မိုနာကို | ၁ - ၁ | လိုင်ယွန် |

(မောင်မောင်ဇော်)

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့ တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့တို့ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုကြိုဆိုပါသည်။

လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနေဖြင့် နိုင်ငံငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက် လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုကဲ့သို့ အောင်မြင်အောင် ဦးဆောင်ကြိုးပမ်းခဲ့သည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့် ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာနနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ အဖွဲ့အစည်းများ အားလုံးတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ချီးကျူးဂုဏ်ပြုမှတ်တမ်း တင်အပ်ပါသည်။

**မြန်မာနိုင်ငံ အိမ်ခြံမြေ ဝန်ဆောင်မှုအသင်း**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့တို့ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုကြိုဆိုပါသည်။

လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက် လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုကဲ့သို့ အောင်မြင်အောင် ဦးဆောင်ကြိုးပမ်းခဲ့သည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာနနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ အဖွဲ့အစည်းများ အားလုံးတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**မြန်မာနိုင်ငံ ရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း**

wpEiiv;ypcwwucur&ypa&;oabmwpmc;[yu
atmijrip vurwa&;x;Eijci;twu
*Pjy\alun\c\u

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုကြိုဆိုပါသည်။

လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက် လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုကဲ့သို့ အောင်မြင်အောင် ဦးဆောင်ကြိုးပမ်းခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာနနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ အဖွဲ့အစည်းများ အားလုံးတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**မြန်မာနိုင်ငံ သတ္တုလုပ်ငန်းရှင်များအသင်းချုပ်**

---

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြိုဆိုချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုကြိုဆိုပါသည်။

လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနေဖြင့် နိုင်ငံငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက် လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုကဲ့သို့ အောင်မြင်အောင် ဦးဆောင်ကြိုးပမ်းခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ အဖွဲ့အစည်းများ အားလုံးတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း**

---

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြိုဆိုချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုကြိုဆိုပါသည်။

လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက် လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုကဲ့သို့ အောင်မြင်အောင် ဦးဆောင်ကြိုးပမ်းခဲ့သည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာနနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ အဖွဲ့အစည်းများအားလုံးတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း**

---

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြိုဆိုချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုကြိုဆိုပါသည်။

လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက် လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုကဲ့သို့ အောင်မြင်အောင် ဦးဆောင်ကြိုးပမ်းခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ အဖွဲ့အစည်းများ အားလုံးတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**မြန်မာနိုင်ငံအကောက်ခွန်လုပ်ငန်းရှင်များအသင်း**

---

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြိုဆိုချက်

မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသားဝန်ဆောင်မှု လုပ်ငန်းရှင်များ အဖွဲ့ချုပ်
MYANMAR SEAFARER EMPLOYMENT SERVICES FEDERATION

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုကြိုဆိုပါသည်။

လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနေဖြင့် နိုင်ငံငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက် လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုကဲ့သို့ အောင်မြင်အောင် ဦးဆောင်ကြိုးပမ်းခဲ့သည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့် ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာနနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ အဖွဲ့အစည်းများအားလုံးတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်**

---

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြိုဆိုချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုကြိုဆိုပါသည်။

လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက် လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုကဲ့သို့ အောင်မြင်အောင် ဦးဆောင်ကြိုးပမ်းခဲ့သည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာနနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ အဖွဲ့အစည်းများ အားလုံးတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း**

# ကျောက်ပန်းတောင်းမြို့နယ် သစ်ဆပ်ပင်ကျေးရွာတွင် ဆိုလာစနစ်ဖြင့် မီးလင်း

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရန်ပုံငွေဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီက သစ်ဆပ်ပင်ကျေးရွာ ဆိုလာမီးလင်းရေးလုပ်ငန်း ဖွင့်ပွဲနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်ပွဲကို ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ ဆိုလာမီးလင်းရေးလုပ်ငန်းဖွင့်ပွဲနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်ပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်မြင့်ဝင်းက ကျေးရွာ ဆိုလာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးရခြင်း ရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့ပြနှင့် ကျေးလက်တောရွာများ ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ကွာဟချက်ကျဉ်းမြောင်းစေရန် မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ဆိုလာစနစ်ဖြင့် မီးလင်းခြင်းလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မွမ်းမံရန်ပုံငွေဖြင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျေးရွာခြောက်ရွာဆောင်ရွက်ရန် Seebest Myanmar ကုမ္ပဏီမှ တင်ဒါရရှိခဲ့ပြီး စက်တင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ထန်းတောရိုးကျေးရွာမှ အိမ်ခြေ ၆၀၊ လင်းယောစမ်းကျေးရွာမှ အိမ်ခြေ ၁၁၀၊ ဂုံတောကျေးရွာမှ အိမ်ခြေ ၄၂ အိမ်၊ ဖုံသာရွာသစ်ကျေးရွာမှ အိမ်ခြေ ၅၇ အိမ်၊ သစ်တိန်းကျေးရွာမှ အိမ်ခြေ ၁၁၇ အိမ်တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

သစ်ဆပ်ပင်ကျေးရွာတွင်အိမ်ခြေ ၁၂၄ အိမ်ကိုဆိုလာမီးအလင်းရောင်ရရှိနိုင်ပြီဖြစ်ရာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်လာပြီး အစစအရာရာအဆင် ပြေချောမွေ့နိုင်တော့မည်ဖြစ်ကြောင်းသိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

# နယ်စပ်မှောင်ခိုဈေးကွက်သို့ တရားမဝင် ကျွဲ၊ နွားများတင်ပို့မှု ရှိနေဆဲ

**ကန့်ဘလူ အောက်တိုဘာ ၁၇**

တရားမဝင်ကုန်သွယ်မှုများသည် တိုင်းပြည်၏အခွန်ဘဏ္ဍာများကို ထိခိုက်နစ်နာစေနိုင်ခြင်းကြောင့် သက်ဆိုင်ရာကတရားမဝင်ကုန်သွယ်မှုများကို မျက်ခြည်မပြတ်လေ့လာစောင့်ကြပ်၍ ဖော်ထုတ်ဖမ်းဆီးလျက်ရှိသော်လည်း တရုတ်နယ်စပ်မှောင်ခိုဈေးကွက်သို့ တင်ပို့မည့် ကျွဲ နွားများကို ညအချိန်များ၌ ဖြတ်သန်းသွားလာနေကြောင်း မျက်မြင်တွေ့ရှိသည့် ဒေသခံများက ပြောသည်။



အဆိုပါ တရားမဝင် ကျွဲ၊ နွားမှောင်ခိုကုန်ကူးသူများသည် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်နှင့် ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးအတွင်းရှိ ကျေးရွာများတွင် ကျွဲ၊ နွားများကိုစုဆောင်းပြီး ကန့်ဘလူမြို့နယ်မှ ဝယ်ယူစုဆောင်းထားသည့် ကျွဲ၊ နွားများကို ကိုးတောင်ဘို့နယ် မိဿလင်းကုန်းကျေးရွာများအနီးရှိ ယာခင်းတောလမ်းများမှ ကောလင်းမြို့နယ်အတွင်းရှိ ဥဒိသာအောက်ကျင်း၊ ကျောက်ပြင်သာ၊ အင်းမ၊ တောင်မော်ကျေးရွာအနီးရှိ ယာခင်းများနှင့် တောလမ်းများကို ဖြတ်ကာထိုမှတစ်ဆင့် ခန်သာ၊ ဆင်ကုန်း၊ ကညွတ်အင်းကျေးရွာအနီးရှိ တောလမ်းများမှ ခြေကျင်မောင်းနှင်ကြသည်ဟု ဒေသခံများက ပြောသည်။

ထို့ပြင် ဝန်းသို၊ ကောလင်းနယ်မှ ဝယ်ယူစုဆောင်းထားသော ကျွဲ၊ နွားများကို ကောလင်းမြို့နယ် ငွေးတောက်တော၊ ယားတောင်၊ ရွာဟောင်းသဲကော၊ ကြာအင်းစသည့်ကျေးရွာအနီးရှိ တောလမ်းများမှ ဝန်းသိုမြို့နယ် ရွှေတောင်ကုန်း၊ ကျုံးကြီး၊ ကျွဲခြံကူး၊ ညောင်ပင်သာ တောလမ်းများအတိုင်းခြေကျင်မောင်းကာ အင်းတော်မြို့နယ်နှင့် ထီးချိုင့်မြို့နယ်တို့ကို ဖြတ်၍ ထိုမှတစ်ဆင့် တရုပ်နယ်စပ် ကျွဲ၊ နွားမှောင်ခိုဈေးကွက်များသို့ တစ်ဆင့်ပြန်လည် တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း ယင်းဒေသခံများထံမှ သိရသည်။

ထို့ကြောင့်တရားမဝင် ကျွဲ၊ နွားကုန်ကူးခြင်းသည် ဒေသတွင်းရှိတောင်သူများ၏ လယ်ယာလုပ်ငန်းခွင်သုံး ခိုင်းကျွဲ၊ ခိုင်းနွားများ ပျောက်ဆုံးမှု ဘေးအန္တရာယ်ကျရောက်လာစေပြီး တရားမဝင် ကျွဲ၊ နွားများ ကုန်ကူးခြင်းသည် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အခွန်ဘဏ္ဍာများကို ထိခိုက်နစ်နာစေကြောင်းသိရသည်။ **စိုင်းလူမင်း**



**ပျော်ဘွယ်ကားလမ်းရှိ ပန်းခုတ်ချောင်းရေကျော်တွင် မိုးအဆက်မပျက်ရွာသွန်းမှုကြောင့် ချောင်း၏ရေကျော်ကွန်ကရစ်ပျက်စီးမှုဖြစ်ခဲ့ရာ နတ်မောက်မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အောက်တိုဘာ ၁၅ ရက်က ဘက်ဖိုးကားဖြင့် သဲမြေများ သယ်ယူ၍ပြုပြင်ဆောင်ရွက်နေကြောင်းတွေ့ရသည်။**

သတင်းနှင့်ဓာတ်ပုံ- လှဝင်း(ပြန်/ဆက်)

# လူမှောင်ခိုလူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေး

**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၃)တွင် အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီက မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် JICA အဖွဲ့တို့ပူးပေါင်းပြီး လူမှောင်ခို လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်ရီက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနိုင်က လူကုန်ကူးမှုဖြစ်ပွားနေမှုများနှင့် လူကုန်ကူးမှုဥပဒေများအကြောင်း ဟောပြောခဲ့သည်။

ထို့ပြင်အဆိုပါဟောပြောပွဲ၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်သီသီစန်း၊ ဒေါ်တင်တင်ရီ၊ JICA အဖွဲ့မှ Ms. Kyo Ko Katsuki တို့က လူကုန်ကူးခံရသည့်နည်းလမ်းများ၊ လူကုန်ကူးခံရသူများအကြောင်း၊ အတွေ့အကြုံများနှင့်တကွ ရှင်းလင်းဟောပြောခဲ့သည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဝင့်ဝါသိန်းက လူမှောင်ခိုကူးခံရမှုနှင့် စပ်လျဉ်း၍ အသိပညာပေး စာအုပ်စာပေဖတ်ရှုရေးအကြောင်းအရာများကို ဟောပြောခဲ့သည်။ **ရွှေတိုင်လွင်**


## ခင်မင်ရသော မချို(KWC)

အောက်တိုဘာလ ၁၈ ရက်တွင် ကျရောက်သောမွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင် ချစ်ခင်ရသော သူများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ဖြတ်သန်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်။

အဝေးတစ်နေရာမှ
**KKH**

## အမည်မှန်

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အထက(ခွဲ)လေးထောင့်ကန်၊ ဒသမတန်းမှ မဝတ်ရည်ဖြိုး၏ ဖခင်နှင့်မိခင်အမည်မှန်မှာ ဦးအောင်မြင့်[၈/နမန(နိုင်)၀၉၂၇၆၅] နှင့် ဒေါ်စန်းထွေး[၁၂/ဒဂတ(နိုင်)၀၂၅၇၉၄] ဖြစ်ပါကြောင်း။

**ဦးအောင်မြင့်-ဒေါ်စန်းထွေး**

## သည်းခြေအိတ်ကျောက်တည်ရောဂါ၊ အသည်းအဆီဖုံးရောဂါနှင့် ကျောက်ကပ်ကျောက်တည်ရောဂါ၊ ကျောက်ကပ်ပျက်စီးပြီး ဆေးနေရသောရောဂါများပျောက်ဆေးနည်း အခမဲ့ပေးမည်။

၁။ သည်းခြေအိတ်ကျောက်တည်ရောဂါ၊ အသည်းအဆီဖုံးရောဂါအတွက် တစ်ရက်လျှင် ပန်းသီး(၅)လုံးစီ (၅)ရက်စားပြီးနောက်၊ (၆)ရက်မြောက်နေ့တွင် ဆောင်ရွက်ရန်ရှိသည်များကို တိကျစွာဆောင်ရွက်ခြင်းဖြင့် (၇)ရက်မြောက်နေ့တွင် သည်းခြေအိတ်ထဲမှ ကျောက်များ၊ အသည်းမှာ ဖုံးနေသော အဆီဖတ်များ ဝမ်းနှင့်အတူ ထွက်ကျလာသည်ကို မိမိကိုယ်တိုင်မြင်တွေ့ရပါမည်။ ကိုယ်တွေ့ဖြစ်ပြီး သည်းခြေအိတ်ကို လုံးဝ(လုံးဝ)ခွဲစိပ်ထုတ်စရာမလိုပါ။

၂။ ကျောက်ကပ်ကျောက်တည်ရောဂါ၊ ကျောက်ကပ်ပျက်စီးရောဂါများအတွက် ပန်းသီး၊ ဖရဲသီးနှင့်ကညွတ် အပါအဝင် သဘာဝပစ္စည်း(၅/၇)မျိုးကို စနစ်တကျ(၆)ပတ်စားပြီးနောက် ဆက်လက်ဆောင်ရွက်ခြင်းဖြင့် ကျောက်ကပ်ကျောက်များ ပျော့ ကြေ၍ အရည်ပျော်ပြီး ဆီးနှင့်အတူ ထွက်ကျလာပါမည်။ ကျောက်ကပ်ကျောက်များ လုံးဝ(လုံးဝ)ခွဲစိတ်ထုတ်စရာမလိုပါ။ ကျောက်ကပ်ပျက်စီးပြီး ဆေးနေရသော ရောဂါကိုသိသာစွာ သက်သာပျောက်ကင်းစေပါသည်။

ဆေးနည်းအပြည့်အစုံသိရှိလိုပါက ဦးသန်းဝင်း၊ အာဆီယံ အင်ဂျင်နီယာ အင်ဂျင်နီယာမှူးကြီး(ငြိမ်း) Ph: 095070157 ကို ကာယကံရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

## ငှား/ရောင်း

1. 25'×50' (5)လွှာ အဆင့်မြင့်(ပြင်ပြီး)
2. 23'×50' (7)လွှာ (အသင့်တင့်ပြင်)
3. 15'×40'၊ 17'×60'(မြေညီ)

ဖုန်း-၀၉-၂၆၀၀၁၇၆၂၅

## ရောင်းမည်

ကမာရွတ်၊ သံလမ်း။
မြေညီထပ်၊ ရှယ်ပြင်ပြီး။
ဖုန်း-၀၉-၇၃၀၂၉၃၉၀

## ပြည်တော်ဦး ကိုရီးယားဘာသာပညာဒါနသင်တန်း

ဦးဇော်မြင့် B.A (Korean) Y.U.F.L
(8:00 - 9:45 AM) (SAT-SUN)
ဆရာ JINSEON B.A (Korean) Y.U.F.L
(6:00 - 7:45 pM) (MON-TUE)

ကိုယ်တိုင်ဦးစီးပြီး အခြေခံမှစပြီး စနစ်တကျအသေးစိတ် သင်ကြားပေးပါမည်။
စိတ်ဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါသည်။

နေရာ – ပြည်တော်ဦး–ကိုရီးယား–မြန်မာလူငယ်ဖွံ့ဖြိုးရေးကျောင်း ကျိုက္ကဆံဘုရားအနောက်၊ သဃ်န်းကျွန်းမြို့နယ်။
ဖုန်း–၀၉ ၅၁၀၁၁၂၅၊ ၀၉ ၅၁၇၈၇၀၅၊ ၀၉–၇၉၀၆၄၄၇၂၉

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် AA/5588 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)


## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား

### အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်းများကို နိုင်ငံခြားငွေ(Euro)ဖြင့် ဝယ်ယူလိုပါသည်

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | 15(T)2/MR(E) 2015-2016 | Spare Parts for Track Maintenance Machine (1) Lot (39)Items |

တင်ဒါပိတ်မည့် နေ့/အချိန် - ၂၉.၁၀.၂၀၁၅ (ကြာသပတေးနေ့) (၁၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၁၆.၁၀.၂၀၁၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း:-291985, 291994


Building a Brighter FUTURE
Since 2007
VALUESTAR
EDUCATION CENTRE
Certificate Course in
• Human Resource Management
ကြာသာပတေးနေ့ (ညနေ ၆း၀၀ မှ ၈း၀၀ထိ) ၂၂.၁၀.၂၀၁၅ စမည်။
09-5043580, 5200547, 09-450001145
Giordano
For you & me Beauty Saloon

## အထောက်အကူပြုသင်တန်းဖွင့်

**ချောင်းဆုံ အောက်တိုဘာ ၁၇**

ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကညော့်ကျေးရွာ၌ မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် အောက်တိုဘာ ဒုတိယပတ်က အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ဖွင့်လှစ်ခဲ့ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဥပဒေချုပ် ဦးဝင်းကြည်၊ ပြည်နယ်ဦးစီးမှူး ဦးမျိုးကြည်၊ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့ တက်ရောက်ခဲ့သည်။ **မောင်သိန်း(ကျေးလက်)**

## လက်ပံတောင်းတောင်ဒေသအနီးဝန်းကျင် ကျေးရွာများမှ အဘိုးအဘွားများအား ပူဇော်ကန်တော့

**မုံရွာ အောက်တိုဘာ ၁၇**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် စံပယ်တောင်၊ ကြေးစင်တောင် ကြေးနီစီမံကိန်း အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ၏ အသက် ၇၅ နှစ်နှင့် အထက် အဘိုး၊ အဘွားများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားနှင့် လူမှုရေးအသင်းအဖွဲ့များသို့ မော်တော်ယာဉ် ၁၁ စီး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ၁၅ ရက် နံနက်ပိုင်းတွင် ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင်ကြား စေတီတော်မြတ်ကြီး သာသနာ့ဗိမာန်တော်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားပြီး မြန်မာ-ဝမ်ပေါင်ကော့ပါး ကုမ္ပဏီမှ Mr Luo နှင့် ဦးပိုင်ကုမ္ပဏီ လီမိတက် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း တာဝန်ခံ ဦးလှစိန်၊ မြန်မာ-ယန်စီ ကုမ္ပဏီမှ Mr ကျန်းဇုန်တို့က အဘိုး၊ အဘွားများအား ပူဇော်ကန်တော့ရခြင်းနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ မော်တော်ယာဉ်များ ထောက်ပံ့ပေးအပ်ခြင်း၏ ရည်ရွယ်ချက်များကို အသီးသီးရှင်းလင်း ပြောကြားကြပြီး လူမှုရေးအသင်းအဖွဲ့များသို့ မော်တော်ယာဉ်နှင့် ပတ်သက်သော စာရွက်၊ စာတမ်းများအား အသီးသီး လွှဲပြောင်းပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သက်ကြီးအဘိုးအဘွားများအား ထောက်ပံ့ငွေနှင့် ကန်တော့ပစ္စည်းများအား အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အခမ်းအနားတွင် အဘိုး၊အဘွားများကိုယ်စား အဘိုး ဦးတင်အောင်နှင့် လူမှုရေးအသင်းအဖွဲ့များကိုယ်စား ထန်းတောကြီးကျေးရွာ စေတနာ လူမှုရေးအသင်းမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားတွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် စံပယ်တောင်၊ ကြေးစင်တောင်ကြေးနီစီမံကိန်း အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ကျေးရွာ ၆၅ ရွာမှ အဘိုး၊ အဘွား ၁၂၁၇ ဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၄၅၀၀၀ နှင့် ပစ္စည်းများ ပူဇော်ကန်တော့ပြီး လူမှုရေးအသင်းအဖွဲ့များသို့ ကျန်းမာရေး မော်တော်ယာဉ်တစ်စီးလျှင် ကျပ်သိန်း ၁၆၅တန် Hyundai Starex အမျိုးအစားကား ၁၁ စီး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**



## မန္တလေးရတနာပုံသင်္ဘောကျင်းမှ သင်္ဘောများ ယနေ့တိုင်ထုတ်လုပ်

**à wdvref**

မြန်မာ့စက်မှုခေတ်ဦးကို မှန်းဆကြည့်သမျှ ကနောင်မင်းသားဘကြီးကို သတိရနေကြမြဲပင်ဖြစ်သည်။ မန္တလေးမြို့စက်မှုဇုန်တွင်လည်း မြန်မာ့စက်မှုလုပ်ငန်း ရှေ့ဆောင် ကနောင်မင်းသားကြီးကို အမှတ်တရဂုဏ်ပြုကာ ကနောင်ခန်းမထားရှိပြီး ကနောင်မင်းသားကြီးရုပ်တုကို ထားရှိသည်ကိုမြင်တွေ့နိုင်သည်။ နယ်ချဲ့ကျူးကျော်မှုနှစ်ကြိမ်အပြီး ရန်သူ့လက်တွင်း ကျရောက်သွားသော မြန်မာပြည် အစိတ်အပိုင်းများ၏ အခြေအနေကို တွက်ဆကာကျန်ရှိသော တိုင်းပြည်ကိုကာကွယ်ရန် ရန်သူ့လက်အတွင်းမှ နယ်မြေကို ပြန်လည်ရယူရေးအတွက် ခေတ်မီစက်မှုနိုင်ငံတည်ထောင်ရေးကို ကြိုးစားခဲ့သည်။

အဓိကအားဖြင့် ရှေးရိုးအစဉ်အလာကို ဖောက်ထွက်ကာ ခေတ်မီစက်မှုနိုင်ငံကို တည်ထောင်ခဲ့သည်။ ကနောင်မင်းသား၏ ကြိုးစားမှုကြောင့် မြန်မာသက္ကရာဇ် ၁၂၂၀ ပြည့်နှစ်မှစတင်ကာ ၁၂၃၆ ခုနှစ်အထိ စက်ရုံပေါင်း ၅၀ ကျော်ကို တည်ထောင်နိုင်ခဲ့သည်။ အထူးသဖြင့် ရေမြုပ်ဗုံးကိုလည်းစမ်းသပ်အောင်မြင်ခဲ့ကြောင်းသိရသည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အလေးပေးဆောင်ရွက်မှုတွင် စစ်သင်္ဘောများ၊ ကုန်တင်သင်္ဘောများ တည်ဆောက်ရေးလက်နက်များ ထုတ်လုပ်နိုင်ရေးအတွက် သင်္ဘောကျင်းများ၊ လက်နက်စက်ရုံများကို တည်ထောင်ခဲ့သည်။ ထိုစက်ရုံများတွင် မြန်မာ့

### ရန်သူ့ လက်အတွင်းမှ နယ်မြေကိုပြန်လည်. .

စက်မှုလုပ်ငန်း ရှေ့ဆောင်သင်္ကေတအဖြစ် ကျန်ရစ်ကာ ယနေ့တိုင် သင်္ဘောများထုတ်လုပ်နေသော ရတနာပုံသင်္ဘောကျင်းလည်း ပါဝင်သည်။

ရတနာပုံသင်္ဘောကျင်းမှာ ရတနာပုံခေတ်မင်းတုန်းမင်းလက်ထက်ကပင် စတင်တည်ရှိခဲ့သည်။ ၁၈၆၄ ခုနှစ်တွင် အိမ်ရှေ့စံ ကနောင်မင်းသားကြီး စတင်တည်ဆောက်ခဲ့စဉ်က ရတနာပုံသင်္ဘောစက်ရုံတော်ဟု အမည်တွင်ခဲ့ကြောင်း သိရသည်။ ထိုခေတ်ထိုအခါက ရတနာပုံသင်္ဘောစက်ရုံမှ မီးသင်္ဘောသုံးစင်း သံကိုယ်ထည် သင်္ဘောလေးစင်း ကျွန်းကိုယ်ထည် သင်္ဘော ၁၀ စင်း၊ အမြောက်တင်တိုက်သင်္ဘော တစ်စင်းစုစုပေါင်း ခေတ်မီသင်္ဘော ၁၈ စင်း တည်ဆောက်နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိကာလတွင် မန္တလေးရတနာပုံသင်္ဘောကျင်းမှာ မြန်မာ့စက်မှုခေတ်ဦး သင်္ကေတအဖြစ်တည်ရှိနေပြီး ယနေ့တိုင် သင်္ဘောများကိုတည်ဆောက်လျက်ရှိသည်။ ရတနာပုံသင်္ဘောကျင်းမှသည် ရေကြောင်း သွားလာရေးအတွက် အထောက်အကူပြုသလို ရေယာဉ်များကိုလည်း ဆက်မပြတ် တည်ဆောက်ပေးလျက်ရှိသည်။ မန္တလေးမြို့ ဧရာဝတီမြစ်ကမ်း ရတနာပုံသင်္ဘောကျင်းနေရာ ရောက်သည်နှင့် သင်္ဘောတည်ဆောက်မှုများကို လေ့လာနိုင်သလို ရတနာပုံခေတ်စက်မှုခေတ်ဦးတီထွင်မှု သင်္ကေတအဖြစ် ယနေ့တိုင်တည်ရှိနေကြောင်းသိရသည်။


### ပညာရေးဝန်ကြီးဌာန
### ရန်ကုန်အဝေးသင်တက္ကသိုလ်
### လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
### Online ဖြင့် ဥပဒေပညာဘွဲ့သင်တန်း(Online LL.B)
### သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ ဥပဒေပညာရပ်ကို လေ့လာသင်ယူလိုသူများအတွက် ရည်ရွယ်၍ ရန်ကုန်အဝေးသင်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန အစီအစဉ်ဖြင့် ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာနက ဦးစီး၍ ဥပဒေပညာဘွဲ့(LL.B)သင်တန်းကို ခေတ်မီနည်းပညာတစ်ခုဖြစ်သော Web-Based Teaching System (WBTS)ကို အသုံးပြုပြီး Online ဖြင့် သင်ကြားပို့ချပေးလျက်ရှိပါသည်။

၂။ ၂၀၁၆ပညာသင်နှစ်အတွက် ပထမနှစ်သင်တန်းသားများကို လက်ခံသင်ကြားရန် ထပ်မံခေါ်ယူခြင်းဖြစ်ပါသည်။ ဤသင်တန်းသည် ဘွဲ့ကြိုသင်တန်း အမျိုးအစားဖြစ်သဖြင့် သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်း၊ အမှတ်စာရင်းမူရင်းတို့ဖြင့် ပူးတွဲ၍လည်းကောင်း၊ ဘွဲ့တစ်ခုခုရရှိပြီးသူများအတွက် ဘွဲ့လက်မှတ်မူရင်းနှင့်အတူ ပူးတွဲ၍လည်းကောင်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ် သင်တန်းရေးရာဌာနတွင် သင်တန်းဝင်ခွင့်မှတ်ပုံတင်ခြင်းကို ပြုလုပ်ရပါမည်။ ဝင်ခွင့်မှတ်ပုံတင်ပြီးချိန်တွင် သင်တန်းသားတစ်ဦးစီအတွက် Student IDနှင့် Password တို့ကို ထုတ်ပေးပါမည်။

၃။ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်းသော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ဝင်ခွင့်အရည်အချင်း - (၁) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အဆင့်မြင့်ပညာဦးစီးဌာနမှ ပုံမှန်အဝေးသင်တက္ကသိုလ်များတွင် ဥပဒေပညာဘာသာရပ်အတွက် သင်ယူခွင့်ပြုထားသည့် သတ်မှတ်အမှတ်ကို ပြည့်မီသူ (သို့မဟုတ်)

(၂) ဥပဒေပညာဘွဲ့မှအပ အခြားဘွဲ့တစ်ခုခုရရှိပြီးသူများ (ပထမနှစ်မှ စတင်တက်ရောက်ရပါမည်။)

(ခ) စတင်ဖွင့်လှစ်မည့်ရက် - ၃-၁၂-၂၀၁၅ရက်

(ဂ) သင်တန်းကာလ - ပထမနှစ်မှ ပဥ္စမနှစ်အထိ (၅)နှစ်

(ဃ) လျှောက်လွှာစတင်လက်ခံမည့်ရက် - ၉-၁၁-၂၀၁၅ရက်

(င) လျှောက်လွှာပိတ်မည့်ရက် - ၂-၁၂-၂၀၁၅ရက်

၄။ သင်တန်းဝင်ခွင့် လျှောက်လွှာများကို www.ynou.edu.mm websitesမှတစ်ဆင့် Online registration ပြုလုပ်၍ လျှောက်ထားနိုင်ပါသည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အမြန်ဆုံး စာရင်းပေးသွင်းကြပါရန်။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်ကို ရုံးချိန်အတွင်း အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၅၂၅၁၄၆၊ ၅၃၆၅၈၁၊ ၅၃၇၄၁၃၊ ၅၃၇၄၁၄

**သင်တန်းကြီးကြပ်မှုကော်မတီ**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**
**၄၇(က)၊ အင်းယားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**



**ရွှေကြေးစည် မှ အင်းလေးပွဲ / ကျိုက္ခမီဆွမ်းမျှောပွဲ သို့**

▲ အင်းလေးပွဲ၊ တောင်ကြီး၊ မွေတော်ကက္ကူ၊ ထမ့်စမ်း၊ ဂူ၊ ပင်းတယ — Oct 23, 28
▲ ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ — Oct 23, 27, 30
▲ ပုဂံ၊ ညောင်ဦး၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်အနှံ့ — Oct 23, 27, 30
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်းဘုရား — Oct 23, 27, 30
▲ ကျိုက္ခမီဆွမ်းမျှောပွဲ၊ မော်လမြိုင်၊ စက်စဲ၊ နွားလပို့တောင်။ — (Oct 26) နှင့် (အပတ်စဉ်သောကြာ) ဆက်၍-ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မျှော်ရစ်
▲ (ကျိုက်ထီးရိုး-နေ့စဉ်)(အကောက်တောင်)(ဇလွန်)(သာမညမြဝတီ၊မဲဆောက်-အပတ်စဉ်သောကြာ)

ဖုန်းဆိုတန်း: 01-240860,01-372290 ဒေါ်ပုံ 09-49282825 ကဗျာကြည် 09421029191



ကဗျာချစ်သူ ပရိသတ်များရဲ့ တောင်းဆိုမှုအရ
(၁၁)ကြိမ်မြောက်အဖြစ် ထုတ်ဝေလိုက်ပါပြီ။

**မောင်စိန်ဝင်း**
(ပုတီးကုန်း)

**သောကခြေရာ ရတနာ ကဗျာများ**

Union Publishing House 09-5158462



zci trnre

တပ်ကုန်းမြို့၊ အထက(၂) ဒသမတန်း($10A_5$)တွင် ပညာသင်ကြားနေသော မောင်ကျော်ကိုကို၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော် [၉/တကန(နိုင်)၁၀၆၅၆၅] ဖြစ်ပါသည်။ ဦးကျော်ကျော်[၉/တကန(နိုင်)၁၀၆၅၆၅]



**ကားကောင်းဈေးမှန်**

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

- 2010 AD VAN — 84 Lakhs
- 1900km (Brand New) — 85 Lakhs
  2010 HIJET AT,PS,AC
- 2010 Minicab MT,PS,AC — 58 Lakhs

Hot line : 0973144588, 09400551558,09 976457939



### ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
### ပထမနှစ် ဒီပလိုမာသင်တန်းသားများခေါ်ယူခြင်း

၁။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ဒီပလိုမာ အချိန်ပြည့်(၁)နှစ် သင်တန်း(အင်္ဂလိပ်ဘာသာ)၊ အချိန်ပြည့်(၂)နှစ်သင်တန်း (အီတာလျံဘာသာ)၊ အချိန်ပိုင်း(၂)နှစ်သင်တန်း (အထွေထွေဘာသာဗေဒ)နှင့် အချိန်ပိုင်း(၄)နှစ်သင်တန်း (တရုတ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ဂျာမန်ဘာသာ၊ ဂျပန်ဘာသာ၊ ကိုရီးယားဘာသာ၊ ရုရှားဘာသာ၊ ထိုင်းဘာသာ) သင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းများကို တစ်ပတ်လျှင်(၅)ရက် (တနင်္လာနေ့မှ သောကြာနေ့အထိ) အောက်ပါအတိုင်း ပို့ချပါမည်။

(က) အင်္ဂလိပ်ဘာသာ (အချိန်ပြည့်)သင်တန်းကို နံနက် ၉နာရီမှညနေ ၃း၂၀နာရီအထိ

(ခ) အီတာလျံဘာသာ (အချိန်ပြည့်)သင်တန်းကို နံနက် ၈နာရီမှ မွန်းတည့် ၁၂း၀၀နာရီ အထိ

(ဂ) အချိန်ပိုင်းသင်တန်းများကို နံနက် ၇း၀၀နာရီမှ ၈း၅၀နာရီအထိ

၃။ သင်တန်းဝင်ခွင့်အတွက် လိုအပ်ချက်များမှာ-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘွဲ့တစ်ခုခုရရှိထားသူ ဖြစ်ရမည်။

(ဂ) အထွေထွေ ဘာသာဗေဒသင်တန်းအတွက် နိုင်ငံတော်က အသိအမှတ်ပြုထားသော ဝိဇ္ဇာဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ ဝိဇ္ဇာဘွဲ့မရသော်လည်း ဤဘာသာရပ်နှင့် ဆက်စပ်နီးနွယ်သည့်လုပ်ငန်းလုပ်ကိုင်သူများ (ဘာသာပြန်/စကားပြန်ပြုလုပ်သူများ၊ ဘာသာစကားသင်ကြားသူများ၊ သတင်းမီဒီယာလုပ်ငန်းဆောင်ရွက်နေသူများ)လည်း လျှောက်ထားနိုင်သည်။

၄။ သင်တန်းဝင်ခွင့်လျှောက်လွှာကို ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်မှ ၁၃ ရက်အထိ တင်သွင်းကြရပါမည်။ သင်တန်းဝင်ခွင့် စာမေးပွဲဖြေဆိုရပါမည်။ သင်တန်းဝင်ခွင့်နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မော်ကွန်းထိန်းရုံးခန်း(စာမေးပွဲဌာန)တွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။ **(ဖုန်း-၅၁၄၃၇၁ လိုင်းခွဲ-၈၁၆)**



### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### ရန်ကုန်ပြည်သူ့ဆေးရုံကြီး
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး (ပင်မဆောင်+တိုးချဲ့ဝင်း)တွင် နေ့/ည လုံခြုံရေးလုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးတွင် ၁၉-၁၀-၂၀၁၅ရက်မှစ၍ လာရောက်ဝယ်ယူနိုင်ပြီး ၃၀-၁၀-၂၀၁၅ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက် နောက်ကျသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

# စိန်အမှောင် ကြောင်အလင်း နိုင်ငံရေးယဉ်ကျေးမှုရှာခင်း

*မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာ အခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာ ဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ်များကို ဖော်ပြအပ်ပါသည်။ (စာတည်း)*

à ကိုရင်ညြ

ယခုရက်သတ္တပတ်အတွင်း ကျွန်ုပ်၏ သတင်းဒိုင်ယာရီအတွင်းသို့ ဒိုးဒိုးဒေါက်ဒေါက် ဝင်ရောက်လာသော ပေမီဒေါက်မီ သတင်းများကို ရှုလတ်သော် ဟိမဝန္တာ တောင်တန်းရှိ တောင်ပေါ်နိုင်ငံငယ်လေးဖြစ်သော နီပေါနိုင်ငံ၏ သပွတ်အူလိုက်နေသည့် နိုင်ငံရေးအခင်းအကျင်းကို ထင်ထင်လင်းလင်း တွေ့မြင်ရလေ၏။

အိန္ဒိယနိုင်ငံ ဂင်္ဂါမြစ်ဝှမ်းလွင်ပြင်မှနေ၍ မတ်စောက်စွာ ဦးမော့သွားသော တောင်ပေါ်ဒေသ၏ ပေပေါင်း ၄၃၀၀ (မီတာ ၁၃၀၀) အမြင့်၌ 'ခတ္တမန္ဒူတောင်ကြား' ဒေသကို ဗဟိုပြုကာ နိုင်ငံတည်ထားသော နီပေါနိုင်ငံ၌ ပူပူနွေးနွေးအာဏာရရှိလာသူမှာ ကေပီရှားမားအိုလီဆိုသူတည်း။

အိန္ဒိယနှင့် တရုတ်နိုင်ငံအကြား ညှပ်ပူးညှပ်ပိတ် တည်ရှိနေသော ကုန်းတွင်းပိတ် နီပေါနိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် အောက်တိုဘာ ၁၁ ရက်တွင် ရွေးချယ်တင်မြှောက်ခံခဲ့ရသူ အိုလီမှာ စတာလင်ဝါဒီအဖြစ် လူထုကသိရှိကြပြီးလျှင် သူ၏နိုင်ငံရေးဖြတ်သန်းမှုဘဝမှာ လူထုလူတန်းစားတိုက်ပွဲများ ဖြစ်ခဲ့လေသည်။

### အရင်းမဲ့ အာဏာရှင်စနစ်

နီပေါနိုင်ငံ၌ ၁၉၇၀ ပြည့်လွန်နှစ်များက လက်ဝဲစွန်းရောက် လှုပ်ရှားမှုများအတွင်း ကြီးပြင်းလာခဲ့သူမှာ အိုလီဖြစ်၏။

ကမ္ဘာပေါ်၌ ဟိန္ဒူဘာသာကို နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်ထားသည့် တစ်နိုင်ငံတည်းသော နိုင်ငံဖြစ်သည့် နီပေါဘုရင့်နိုင်ငံတော်၌ 'အရင်းမဲ့ အာဏာရှင်စနစ်' (Dictatorship of the proletariat) ထူထောင်အံ့ဟူသော ရည်မှန်းချက်ဖြင့် 'ပြည်သူ့ရန်သူ' အဖြစ် သမုတ်ခံရသူများကို မာရေကျောရေရှိလှသည့် ကွန်မြူနစ်များက ချေမှုန်းသုတ်သင်နေသည့် ခေတ်ကာလအတွင်းဝယ် အိုလီကြီးပြင်းလာခဲ့သည်ဟု ကျွန်ုပ် လေ့လာတွေ့ရှိရလေသည်။

အိုလီအမည်ရှိ လုလင်ငယ်သွေးသည် မျက်နှာမွဲ ဆင်းရဲနွမ်းပါးသော (ဝါ) အရင်းမဲ့သော ပြဟ္မဏ(ဝါ) ပုဏ္ဏားမျိုးနွယ်မှ ဆင်းသက်လာခဲ့သူဖြစ်၏။

အနောက်ဘင်္ဂလားဒေသ ဆီလီဂုရီမြို့မှ မဝေးကွာသော နယ်စပ်ဒေသ တစ်ဖက်တစ်ချက်၌ ဂျာပါစီရင်စုတည်ရှိပြီးလျှင် ယင်းစီရင်စု၌ ကြွယ်ဝချမ်းသာသော မင်းမျိုးစိုးနွယ်တစ်ဦး၏ အိမ်တော်၌ အမှုတော်ထမ်းရွက်ခဲ့ရလေသည်။

ငယ်စဉ်ကတည်းကပင် မာ့ခ်လီနင်ဝါဒကို မြိန်ရေရှက်ရေ ယုံကြည်ခဲ့သူအိုလီသည် အသက် ၂၁ နှစ်အရွယ်မှာပင် နီပေါဘုရင်မင်းမြတ် မဟိန္ဒရာကို ဆန့်ကျင်ခဲ့သည်။ ကွန်မြူနစ်တို့၏ ထော်လော်ကန့်လန့်ပြု မြေအောက်လှုပ်ရှားမှုများတွင် တက်ကြွလှုပ်ရှားသူ အိုလီသည် ၁၄ နှစ်ကြာမျှ ထောင်နန်းစံခဲ့ရပြီး ထောင်မှ လွတ်မြောက်လာခဲ့ပြီးနောက် သူနှင့်အသွေးတူ အရောင်တူ ကွန်မြူနစ်ဝါဒီ ရှာကရာနှင့် စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်ခဲ့လေသည်။

### ထောင်ထောင်လွှားလွှား အတိုက်အခံသမား

စကားကို ပြတ်ပြတ်သားသား ဖြန်းဖြန်းထ ပြောတတ်သူ အိုလီသည် ကွန်မြူနစ်ပါတီတွင် မဖြစ်ညစ်ကျယ်လုပ်တတ်သူများကို အန်တုဗလပြုယှဉ်ပြိုင်ကာ ရေစုန်မလိုက်ဘဲ ရေကုန်လိုက်ခဲ့၏။ နိုင်ငံရေးရည်မှန်းချက် ခိုင်ကျည်ကာ နိုင်ငံရေးဝဲဩဃအတွင်း အစွမ်းကုန် လူးလွန့်လှုပ်ရှားလာခဲ့ရာ ပါတီ၏ ဒုတိယခေါင်းဆောင်နေရာသို့ အဆင့်ဆင့် တက်လှမ်းနိုင်ခဲ့၏။ သူသည် ၁၉၉၉ ခုနှစ်တွင် နီပေါပါလီမန်၏ ထင်ပေါ်ကျော်ကြားသော အတိုက်အခံနိုင်ငံရေးသမားအဖြစ် ထောင်ထောင်လွှားလွှားရပ်တည်လေသည်။

၁၉၉၀ ပြည့်လွန်နှစ်များသည်ကား နီပေါနိုင်ငံ၌ မော်ဝါဒီတို့ သူပုန်ထမှုအထွတ်အထိပ်ရောက်သည့် ကာလတည်း။ မော်ဝါဒီတို့သည် တော်လှန်ရေးတိုက်ပွဲများကို နှစ်ပေါင်းများစွာ အချိန်ယူ၍ ရေကုန်ရေခန်း ဆင်နွှဲခဲ့၏။

၂၀၀၆ ခုနှစ် အရောက်တွင်မူ မော်ဝါဒီတို့၏ တော်လှန်ရေးပြီးဆုံးလေပြီ။ တော်လှန်ရေးစစ်ပွဲအတွင်း ပြည်သူ ၁၂၀၀၀ ခန့် မရှုမလှ ဘဝနိဂုံးချုပ်ကြရ၏။ စစ်တလင်းဖြစ်ခဲ့ရသည့် နိုင်ငံမှာ ထောင်းလမောင်းကြေခဲ့ရ၏။ ဖွတ်ဖွတ်ကြေခဲ့ရ၏။

၂၀၀၇ ခုနှစ် ဒီဇင်ဘာအရောက်တွင်မူ နီပေါ ပါလီမန်က ဘုရင်စနစ်ကို ဖျက်သိမ်းရန် သဘောတူညီခဲ့သည်။ မော်ဝါဒီတို့နှင့် ရရှိသော ငြိမ်းချမ်းရေးသဘောတူညီချက်အရ သကျသာကီ မင်းမျိုးတို့ နန်းစွန့်ရလေပြီ။ သမ္မတနိုင်ငံစနစ် ရောင်နီပေါ်ထွန်းလေပြီ။

### သမိုင်းဝင် ရွေးကောက်ပွဲကြီးသို့ ခြေလှမ်းကျဲကျဲ ဝင်လာကြ

ရုပ်ဝါဒီသမား မော်ဝါဒီသူပုန်ဟောင်းများသည် ၂၀၀၈ ခုနှစ် ဧပြီလတွင် ကျင်းပသော သမိုင်းဝင် ရွေးကောက်ပွဲကြီးအတွင်းသို့ ခြေလှမ်းကျဲကျဲဖြင့် ဟန်ပါပါ ဝင်လာခဲ့ကြလေသည်။

တိုင်းပြုပြည်ပြု လွှတ်တော်သစ်ဖွဲ့စည်းရန် သမိုင်းဝင် သမိုင်းတွင်မည့် ရွေးကောက်ပွဲကြီး ကျင်းပရာတွင်ကား မော်ဝါဒီတို့ အမတ်နေရာ အများအပြား ရရှိကြလျက် ပါလီမန်၌ အကြီးဆုံးအင်အားစုတစ်ခုအဖြစ် ရပ်တည်ခွင့်ရ၏။ သို့ဖြစ်စေကာမူ အမတ်အများစု အနေအထားကိုမူ မရရှိပါလေ။

၂၀၀၈ ခုနှစ် မေလအရောက်တွင်ကား နီပေါနိုင်ငံသည် သမ္မတနိုင်ငံအဖြစ်သို့ ကူးပြောင်းရောက်ရှိလာသည်။ လူတို့သနင်း ပြည့်ရှင်မင်းမှာ နိုင်ငံ့ဦးသျှောင် မဟုတ်တော့ပြီ။ ပြောင်းလဲမှု နိယာမဟူသည်ကား လောကတံထွာ ဓမ္မတာတည်းဟု ကျွန်ုပ် အထွန့်တက် ဆိုလောက်ပေသည်။

သို့ဖြစ်စေကာမူ မော်ဝါဒီ ဝန်ကြီးများ နိုင်ငံရေး ယဉ်ကျေးမှု အခြေမခိုင်သေးရကား မည်သူ့အား နိုင်ငံတော်၏ ဦးသျှောင်အဓိပတိ ရွေးချယ်သင့်သည်ကို ဆွေးနွေးငြင်းခုံကြလျက် အကျယ်အကျယ် တင်းမာမှုများ ဖြစ်ပေါ်လာသည်ဖြစ်၍ တစ်လမျှအကြာမှာပင် သူတို့ ရာထူးမှ နုတ်ထွက်ခဲ့ကြလေသည်။

၂၀၀၈ ခုနှစ် ဇူလိုင်လတွင် ရမ်ဘရန်ယာဒဗ်အား နီပေါနိုင်ငံ၏ ပထမဆုံးသော သမ္မတကြီးအဖြစ် ရွေးချယ်ခဲ့ကြပြီးလျှင် မော်ဝါဒီခေါင်းဆောင် ပရာချန်ဒါက ညွန့်ပေါင်းအစိုးရဖွဲ့လေရာ နီပေါလိကွန်ဂရက်ပါတီမှာ အတိုက်အခံအဖြစ် ရပ်တည်လေတော့သည်။

ယင်းနောက်တွင်မူကား အကျယ်အကျယ် မငြိမ်းဖွယ်ကိစ္စများ နိုင်ငံရေးရေတံလျှောက်အတွင်း စီးမျောခြင်းကို တွေ့ရ၏။ ဝန်ကြီးချုပ် ပရာချန်ဒါသည် သမ္မတယာဒဗ်နှင့် ဝိဝါဒကွဲပြားပြီးလျှင် ရာထူးကို စွန့်၏။ နိုင်ငံတော်၏ အမျိုးသားတပ်မတော်အတွင်းသို့ သူပုန်တိုက်ခိုက်ရေးသမားများ(ဝါ) တော်လှန်ရေးသမားဟောင်းများ သွတ်သွင်းခြင်းကို အခြားပါတီများက မသတီဖြစ်လျက် အတိုက်အခံပြုကြကုန်၏။ အကျိုးဆက်ကား မော်ဝါဒီတို့ အစိုးရအဖွဲ့မှ စွန့်ခွာခြင်းပြုကြကုန်ရာ၏။

ဝါရင့်ကွန်မြူနစ်ခေါင်းဆောင် မာဒွေကူးမားကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခဲ့ကြကာ နိုင်ငံရေးခရီးပြင်းနှင်လာကြသည့်တိုင် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို မူကြမ်းရေးဆွဲရေးကိစ္စမှာ နှောင့်နှေးကြန့်ကြာခဲ့ရပြန်သည်။

ယင်းနောက်တွင်မူကား မော်ဝါဒီတို့၏ တွန်းတွန်းတိုက်တိုက် ဖိအားပေးမှုအရ ၂၀၁၀ ပြည့်နှစ် ဇွန်လတွင် ဝန်ကြီးချုပ်ရာထူးကို ကူးမားစွန့်လွှတ်ခဲ့လေသည်။

နောင်နှစ်များသည်ကား နိုင်ငံရေးလုပ်လီလုပ်လဲ့ ကာလဖြစ်ပြီးလျှင် အစိုးရအဖွဲ့ခေါင်းဆောင်အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်ခဲ့သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ရေးဆွဲရေးကိစ္စနှင့် မော်ဝါဒီ တိုက်ခိုက်ရေးသမားဟောင်းများအား လူရာသွင်းရေးကိစ္စတို့နှင့်ပတ်သက်၍ မတူကွဲပြားပါတီများအကြား ဖြန်းဖြန်းကွဲ သဘောလွဲကြရပြီး သူတလူငါတမင်းဖြစ်လျက် ဝိဝါဒယှဉ်ပြိုင်ပွဲကို နွှဲကြလေတော့သည်။

ပြည်တွင်းစစ်လွန်ကာလ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲရေးကိစ္စတွင် ပါတီများအကြား စီစီညံညံ ငြင်းခုံနေကြမှုကို ရင်ကြားစေ့နိုင်ရန် အစိုးရက ကြိုးပမ်းပြန်သော်လည်း အိမ်စောင့်အစိုးရ၊ ကြားဖြတ် အစိုးရ စသည်ဖြင့် ကာလသက်တမ်း မရှည်ကြာသည့် အစိုးရအဖွဲ့များကိုသာ ဖွဲ့စည်းနိုင်ကြပြီးလျှင် နိုင်ငံရေးအရ တအုံနွေးနွေးပူပန်ကြောင့်ကြရဆဲဖြစ်လေသည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် နီပေါနိုင်ငံ၏ အကြီးဆုံးနိုင်ငံရေးပါတီဖြစ်သော နီပေါလိကွန်ဂရက်ပါတီခေါင်းဆောင် စူရှီးလ်ကွိုင်ရာလာ ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် မော်ဝါဒီတို့က ဆယ်စုနှစ်နှင့်ချီ၍ ပုန်ကန်ခဲ့စဉ်အတွင်း ပေါ်ပေါက်လာခဲ့သည့် စစ်ရာဇဝတ်မှုများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရန် ကော်မရှင်နှစ်ရပ်ကို အစိုးရက ဖွဲ့စည်းပေးခဲ့ပြီး တစ်ချိန်တည်းမှာပင် အငြင်းပွားမှုများဖြင့် ဒေါင်ချာစိုင်းခဲ့ရသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် ပတ်သက်၍ ပါလီမန်က မဲခွဲဆုံးဖြတ်ရန် ရှိနေခဲ့သည်။

ဧပြီလသို့ ရောက်ရှိချိန်တွင် နိုင်ငံရေးပြဿနာများ ချည်ဝင်အူပေါက် ရှုပ်ထွေးနေသည့် နီပေါနိုင်ငံ၌ သဘာဝဘေးအန္တရာယ်ကပ်ဘေးဆိုက်ရောက်မှုက ဆိုင်းမဆင့်ဗုံမပါ ဝင်ရောက်လာပြန်သည်။ ယင်းမှာ လူပေါင်း ၈၉၀၀ အထိ သေဆုံးရပြီး လူပေါင်းသန်းနှင့်ချီ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသော မြေငလျင်ကြီး လှုပ်ခတ်ခြင်းဖြစ်လေသည်။

တစ်နိုင်ငံလုံး နိုးနိုးနန့်နန့် ထိတ်ထိတ်ပျာပျာဖြစ်ခဲ့ရသော မြေငလျင်ဘေးဆိုးကြီးအတွက် ရတတ်မဘေးလူးလွန့်နေကြရဆဲမှာပင် အစိုးရအဖွဲ့အတွက် ပြန်လည်ထူထောင်ရေးလုပ်ရသည်က တစ်ဖက်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို လက်မခံလိုသည့် တိုင်းရင်းသားမျိုးနွယ်စုများ၏ ကန့်ကွက်ဆန္ဒပြမှု အဓိကရုဏ်းများကို ကိုင်တွယ်ဆောင်ရွက်ရသည်က တစ်ဖက် ညှပ်ပူးညှပ်ပိတ် ဗျာများနေရလေသည်။

နီပေါနိုင်ငံတောင်ပိုင်း မြေနိမ့်ပိုင်းအရပ်ဒေသများ၌ နေထိုင်သော မာဒါစီ တိုင်းရင်းသားမျိုးနွယ်တို့မှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ပါ ပြဋ္ဌာန်းချက်အချို့အပေါ် ကျေနပ်မှုမရှိကြဘဲ ဆန္ဒပြမှုများကို အရှိန်မြှင့်တင်ခဲ့ကြပြီး ဆန္ဒပြမှုများအတွင်း လူပေါင်း ၄၅ ဦးခန့် သေဆုံးခဲ့ရသဖြင့် ပူပူနွေးနွေး ဝန်ကြီးချုပ်ဖြစ်သူ ရှားမားအိုလီမှာ လာလာချင်း ဆောက်နှင့်ထွင်းအဖြစ်မျိုးနှင့် တွေ့ကြုံရလသည်။

မာဒါစီတိုင်းရင်းသားမျိုးနွယ်တို့မှာ ၎င်းတို့၏ နယ်စပ်ဒေသနှင့် ထိစပ်နေသော အိန္ဒိယနိုင်ငံနှင့် ယဉ်ကျေးမှုအရ နီးစပ်ယှက်နွယ်မှုရှိကြပြီး အိမ်နီးချင်းအင်အားကြီးနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံက မာဒါစီတို့ဘက်မှ စာနာထောက်ထားမှုပြသခဲ့ရာ နိုင်ငံခြားဆက်ဆံရေးအထိ အကျိုးသက်ရောက်မှု ကြီးစွာဖြစ်ပေါ်လာရလေသည်။

မိမိတို့နှင့် ကနဦးရရှိခဲ့သော သဘောတူညီချက်များကို ဖျက်သိမ်းကာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲခဲ့ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်လည်း မိမိတို့နှင့်တိုင်ပင်နှီးနှောခဲ့ခြင်းမရှိဟု မာဒါစီတို့က စောဒကတက်ခဲ့ကြလေသည်။

မာဒါစီတို့၏ ဆန္ဒပြမှု ဂယက်နှင့်အတူ အိန္ဒိယနိုင်ငံမှ နီပေါနိုင်ငံသို့ ကုန်ပစ္စည်းများ ပေးပို့မှု ရပ်ဆိုင်းသွားခဲ့ရာ ကုန်းတွင်းပိတ်နီပေါနိုင်ငံအတွက် နိစ္စဓူဝ လူနေမှုဘဝထိခိုက်ရလေသည်။ နီပေါနိုင်ငံအပေါ် ကုန်သွယ်ရေးပိတ်ဆို့မှု မပြုလုပ်ပါဟု အိန္ဒိယက ပြောဆိုသော်လည်း နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းမှာ ကသောင်းကနင်းဆိုက်ရလေသည်။

သန်း ၃၀ ခန့်ရှိ နိုင်ငံလူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်မှာ မာဒါစီတို့ဖြစ်သည်။

နီပေါနိုင်ငံသည် စည်းမျဉ်းခံဘုရင်စနစ်မှသည် ဖက်ဒရယ်စနစ်သို့ ကူးပြောင်းရာတွင် သိမ်မွေ့ညင်သာစွာ ကူးပြောင်းနိုင်ခြင်းမရှိသည်ကို ကျွန်ုပ်စေ့ငုမိ၏။ တိုင်းရင်းသားလူမျိုးစုတို့ ကွဲပြားနေမှုကို ပြန်လည်ပေါင်းစည်းနိုင်ရန် ဖက်ဒရယ်စနစ်သို့ ဦးတည်ခဲ့သည့်တိုင်အောင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးတို့အရ ကိုယ်စားပြုပါဝင်နိုင်မှု မရှိ၊ သာတူညီမျှမှုမရှိဟု ဆိုကာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို မာဒါစီတို့က အတွင်တွင်ငြင်းဆန်နေလေသည်။

နိုင်ငံရေးဗဟိုချက်မအဖြစ် ခတ္တမန္ဒူမြို့ရပ်တည်နေပြီး တိုင်းရင်းသားလူမျိုးစုတို့၏ ဒေသများ၌ စီးပွားရေးနှင့် လူမှုရေးနိမ့်ကျနေမှု၊ အခြေခံအဆောက်အအုံ ချွတ်ခြုံကျနေမှု၊ နိုင်ငံရေးအတွေးအခေါ်နှင့် ယဉ်ကျေးမှု နိမ့်ကျနေမှုတို့ ဆက်လက်ဖြစ်ပေါ်နေလေသည်။

စိန်သည် အလင်းရောင်အားနည်းသော နေရာ၌ ပိုမိုတောက်ပပြီး ကြောင်ကျောက်သည် အလင်း၌ ပိုမိုတောက်ပလေသည်။ နိုင်ငံရေးယဉ်ကျေးမှုမှာမူ လူတိုင်းနိုင်ငံရေးအသိစိတ်ဓာတ်မြင့်မားမှုအပေါ် မှီတည်၍ ထွန်းလင်းတောက်ပလိမ့်မည်ဟု ကျွန်ုပ်တွေးဆမိပါသတည်း။ ။



ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို မာဒါစီတို့က ကန့်ကွက်ဆန္ဒပြလျက်ရှိကြသည်။

အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

သူကနေရာမှထပြီး-

"လာပါကွာ။ အေးအေးဆေးဆေးအပြင်ထွက် စကားပြောရအောင်" ဟု ခေါ်သည်။

သုံးဦးသားသည် အပြင်ထွက်လာပြီး မြက်ခင်းပြင်ပေါ်၌ ထိုင်ကြ၏။ ထွန်းငွေက စမေးသည်။

"မင်းတို့ ငါ့ကို ကွန်မြူနစ်တစ်ယောက်လို့ ထင်သလား"

"မင်း မဟုတ်ဘူးလား"

"မဟုတ်ဘူး။ ကွန်မြူနစ်တစ်ယောက်ဖြစ်လာအောင် ငါကြိုးစားခဲ့တာကြာပြီ။ ဒါပေမယ့် ပါတီဝင်အဆင့်ကို မရောက်ခဲ့ဘူး။ အခု ကြိုးစားရင်းက ငါ ကျဆုံးသွားပြီ"

"မင်း ဒီစကားပြောတာ နှစ်ခါရှိပြီ"

"ဟုတ်တယ်။ တတိယအကြိမ် ပြန်ပြောဦးမယ်။ ငါကျဆုံးသွားပြီ။ ဒီအတွက်ဝမ်းနည်းရမလား. . . ဝမ်းသာရမလားလည်း မသိဘူး။ အေးလေ. . ငါ့ရဲဘော်တွေကတော့ ငါ့ကို အပေါင်းအသင်းမလုပ်ကြတော့ဘူး။ တောထဲမှာဆိုရင် သေဒဏ်တောင် ထိမလားမပြောတတ်ဘူး"

အေးဝင်းက အံ့သြစွာနှင့်

"ဘယ်လို ဖြစ်တာတုံးကွာ"ဟု မေး၏။

"အကြီးဆုံးပြစ်မှုပေါ့ကွာ။ ပါတီကို ပြန်ဝေဖန်မိလို့"

"ဘယ်လို. . . ဘယ်လို. . . "

"မင်းတို့နဲ့ ဟိုတစ်ညက ခွဲသွားပြီးကတည်းက ငါအကြိမ်ကြိမ်စဉ်းစားမိခဲ့တယ်။ တို့ပါတီဟာ စာအုပ်ကြီးအတိုင်းလိုက်ပြီး အမျိုးသားရေးကို လျစ်လျူရှုလွန်းအားကြီးတယ်လို့ မြင်လာတယ်။ အင်းစိန်အရေးပေါ်တုန်း သပိတ်ကိုင်ခိုင်းတာဟာလည်း မှားတယ်လို့ထင်တယ်။ သပိတ်မအောင်တော့ ငါ့ထင်မြင်ချက်ဟာ မှန်တယ်လို့ ငါပိုယုံလာတယ်။ တို့လုပ်ချင်တာနဲ့ ပြည်သူ့ဆန္ဒဟာ တခြားစီဖြစ်နေတယ်ဆိုတာကို သဘောပေါက်လာတယ်။ ဒါကို ငါက ငါတို့ဝဲ(လ်)မှာ တင်ပြမိခဲ့တယ်"

သက်ခိုင်က ဝင်ပြီးပြော၏။

"ဒါလောက်များ အပြစ်ကြီးသလားကွာ။ မင်းတို့မှာ ပါတီတွင်း ဝေဖန်မှုရှိတယ် မဟုတ်လား"

မောင်ညိုမှိုင်းက ခေါင်းခါသည်။

"အဲဒါကလည်း စာအုပ်ကြီးပေါ်မှာပါကွာ။ ထားပါတော့လေ. . . ဒီ့ထက်ကြီးတဲ့အပြစ်ကို ငါက ထပ်ကျူးလွန်မိတယ်။ သူတို့က အခု တို့ပြည်တွင်းတော်လှန်ရေးက ဒုတိယ၊ အာရှတိုက်ကြီးတစ်ခုလုံးရဲ့ တော်လှန်ရေးက ပထမလို့ ဆိုနေပြန်တယ်။ အာရှတိုက်ကြီးဆိုတာကလည်း တိုင်းပြည်ကြီးတစ်ပြည်ကို ဆိုလိုတာပါ"

အေးဝင်းနှင့်သက်ခိုင်က နားလည်ကြောင်း ခေါင်းညိတ်ပြကြ၏။

"တချို့က ဘယ်ထိတောင် ဆိုလာသလဲဆိုတော့ တို့တပ်နီတွေဟာ အဲဒီတိုင်းပြည်ကြီးရဲ့အရန်တပ်ဖြစ်ရမယ်တဲ့။ မုတူ သည်နော့(သ်) မြောက်ဆီရွှေ့ခံရေးကိုတောင် ပြောနေကြတယ်"

"ဒီတော့. . . "

"ဒီတော့ ငါ ဝေဖန်မိတာပေါ့။ ကမ္ဘာ့ဆိုရှယ်လစ်နိုင်ငံချင်းချစ်ကြည်ရေးဟာ တစ်ကဏ္ဍ၊ အမျိုးသားအချုပ်အခြာအာဏာပိုင်မှုက တစ်ကဏ္ဍ၊ ကုန်ကုန်ပြောမယ် တစ်ပြည်မှတစ်ပြည် အလုပ်သမားဝင်ခွင့်ထွက်ခွင့်ကိုတောင် စာအုပ်ကြီးအတိုင်း လုပ်လို့ မသင့်ဘူး၊ စာအုပ်ကြီးအတိုင်းဆိုရင် ကမ္ဘာမှာ လူမျိုးဆိုတာမရှိဘူး။ အလုပ်သမားတွေသာရှိတယ်။ ပြည်သူ့ဒီမိုကရေစီနိုင်ငံအချင်းချင်း အလုပ်သမားတွေဟာ လွတ်လပ်စွာ ကူးသန်းထွက်ဝင်ခွင့်ပြုစတမ်းဆိုရင် နိုင်ငံငယ်တွေမှာ အမျိုးပျောက်မှာပဲ။ သန်းခြောက်ရာရှိတဲ့ တစ်ပြည်နဲ့ ဆယ့်ငါးသန်းရှိတဲ့ တစ်ပြည်ကို ဥပမာယူကြည့်လေ။ လွတ်လပ်စွာ ထွက်ဝင်ခွင့်ပေးလိုက်ရင် ရေစည်ပေါက်တာနဲ့ ဆည်ပေါက်တာလိုပဲ။ ဘယ်ရေက လွှမ်းသွားမယ်ဆိုတာ မြင်နိုင်တယ်။ ဥရောပက ဆိုရှယ်လစ်နိုင်ငံငယ်တွေဟာ ဒီကိစ္စကိုမြင်ပြီး ရှန်းကန်နေကြတယ်။ ငါက အဲဒါတွေကို ဖွင့်ဆွေးနွေးတယ်။ အဲဒီတော့. . . "

ထွန်းငွေသည် သူ့ဘာသာသူ သဘောကျစွာ ရယ်နေ၏။ ရယ်၍ အားရမှ ဆက်ပြော၏။

"ငါ့ကို ဘွဲ့တွေ ပေးလိုက်ကြတာမှ တစ်ထပ်ကြီးပဲ။ ဘရောက်ဒါဝါဒသမား၊ သိန်းဖေတပည့်၊ တီတိုးဂိုဏ်းသား၊ ကမ္ဘာ့ပစ္စည်းမဲ့ တော်လှန်ရေးရဲ့ အန္တရယ်ကောင်၊ လစ်ဘရယ်ဆိုရှယ်လစ် အချောင်သမား၊ ခရုရှင်ဘူစွာ အမြင်မစွန့်သူ. . . စုံသွားတာပဲကွာ။ တို့ရဲဘော်တွေက နာမည်ပေးတဲ့ နေရာမှာတော့ ပထမတန်းပဲ။ သိပ်တော်ကြတယ်"

အေးဝင်းက မေး၏။

"ဒါဖြင့် မင်းအခု ဘာလုပ်နေသလဲ မောင်ညိုမှိုင်း"

"ငါ့ကိုယ်ကို ငါ ဝေဖန်ရေး ထိုင်လုပ်နေတယ်။ ခုတင်က မင်းတို့ဖတ်ခဲ့ရတဲ့ စာဟာလည်း အဲဒီလုပ်ငန်းရဲ့ တစ်စိတ်တစ်ဒေသပဲ။ အဟင်း ဟင်း. . . ဟင်း. . . "

စကားသည် မမျှော်လင့်ဘဲ ပြတ်သွားရ၏။

အကြောင်းကား စတူဒီဗေကာ ငွေရောင်ကားဖြူသည် တကောင်းကျောင်းဆောင်ရှေ့၌ ထိုးဆိုက်လာသောကြောင့်ဖြစ်၏။

အေးဝင်းနှင့် ထွန်းငွေက သက်ခိုင်ကို ပြိုင်တူ စိုက်ကြည့်ကြသည်။

သက်ခိုင်က ကားဆီလှမ်းကြည့်သည်။ ကားပေါ်မှ မလေးနွယ်နှင့် ဦးချစ်တိုးတို့ ဆင်းလာပြီး အဆောင်ပေါ်သို့ တက်သွားသည်ကို မြင်ရ၏။

သက်ခိုင်သည် မတုန်မလှုပ်နှင့် ဆက်ထိုင်နေ၏။ အေးဝင်းက တောင်းပန်သည်။

"ဒါတော့ မကောင်းဘူး သက်ခိုင်ရာ သွားလိုက်ပါ။ ပြီးတော့မှ မင်းဆုံးဖြတ်ချင်တာ ဆုံးဖြတ်ပေါ့"

အေးဝင်းသည်လည်း ကိုလှဖေ၏နည်းတူ သက်ခိုင်တို့၏ ဇာတ်လမ်းကို သိပြီးဖြစ်၏။ ထို့ကြောင့် သူက အထက်ပါ စကားကို ပြောခြင်းဖြစ်၏။

သက်ခိုင်သည် နေရာမှ ထကာ ကားဆီသို့ သွား၏။ ထိုအချိန်မှာပင် မလေးနွယ်၊ ဦးချစ်တိုး၊ ကိုဘရီတို့သည် အဆောင်ပေါ်မှ ဆင်းလာကြ၏။

သက်ခိုင်ကို ကိုဘရီက အရင်လှမ်းမြင်သဖြင့် အော်၏။

"ဟေ့. . . သက်ခိုင် ဒီမှာမင်းကို လာရှာနေတယ်။ ကိုကြီးနဲ့ တွေ့တာနှစ်ခါရှိပြီကွ"

သက်ခိုင်က ကားဦးတွင် ရပ်နေသည်။ မလေးနွယ်က လှေကားမှ ပြေးဆင်းလာပြီး သက်ခိုင်ကို ကြည့်သည်။ ကြည့်စဉ် မျက်လုံးပြာများမှ မျက်ရည်ပေါက်ကြီးများ စီးကျလာ၏။

သက်ခိုင်က အပြစ်ရှိသော တရားခံကဲ့သို့ ငြိမ်ရပ်နေ၏။

မလေးနွယ်က ရုတ်တရက် ပြုံးလိုက်သည်။ ထို့နောက် အိတ်တွင်းမှ ငွေတစ်မတ်ကို ထုတ်ပြီး ဦးချစ်တိုးကို ပေးသည်။

"ရော့. . . ဦးလေးကိုချစ်တိုး မောင့်အတွက် ကားခ မောင်က နွယ်တို့ကားကို အလကားမစီးချင်ဘူး"

မလေးနွယ်သည် တစ်ဆက်တည်း ကား၏ နောက်ခန်းတံခါးကို ဖွင့်လိုက်၏။

"တက်လေ မောင်. . . မနွယ် ကားခပေးပြီးပါပြီ"

သက်ခိုင်သည် ကားပေါ်သို့ တက်လိုက်ရ၏။ ထိုအခါကျမှ သတိမထားမိသောကြောင့် မမြင်မိသူကို တွေ့ရသည်။

ကား၏ နောက်ခန်းတစ်ထောင့်တွင် ငြိမ်ငြိမ်ထိုင်နေသူကား အခြားသူမဟုတ် ဒေါ်ကြီး ခက်ခက်. . . ။

မမျှော်လင့်စွာ ဒေါ်ကြီးခက်ခက်သည် သက်ခိုင်ကို ပြုံးကြည့်နေ၏။

သက်ခိုင်က အံ့သြလွန်း၍ ပြန်၍ပင် ပြုံးမပြမိ။

မလေးနွယ်က ကားပေါ်တက်လိုက်ပြီး တံခါးကို ပိတ်လိုက်၏။

"ဦးလေးကိုချစ်တိုးရေ. . . မောင်းတော့"

ကျောင်းဆောင် လှေကားထိပ်၌ ကိုဘရီသည် ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်သည်။

ဝင်ဒါမီယာခြံအတွင်း ဒန်း၏ဘေးတွင် မလေးနွယ်က သက်ခိုင်ကို ဖက်ငိုသည်။ ငိုသူကို မည်သို့မည်ပုံ ချော့ရမှန်း မသိသော သက်ခိုင်က အံ့ကြိတ်၍သာ ငြိမ်ခံနေရ၏။

ငို၍အားရမှ မလေးနွယ်က သက်ခိုက်ကို ရန်တွေ့သည်။

"မောင်. . . သိပ်နေနိုင်တယ်။ ပြီးတော့ သိပ်ရက်စက်တယ်။ မောင့်အသည်းနှလုံးဟာ ဒီလောက်မာမှန်း မမနွယ် အစက မသိဘူး"

သက်ခိုင်က ဘာမျှပြမဖြေ။

"ကျောင်းပြန်ဖွင့်ပြီဆိုတော့ မောင် ပြန်လာမှာပဲဆို မမနွယ် မျှော်နေတယ်။ မောင်က ပေါ်မလာဘူး။ တကောင်းဟောက မောင့်သူငယ်ချင်းတွေကို သွားစုံစမ်းတယ်။ သူတို့အားလုံးက မောင် တပ်ထဲမှာ နေရစ်တယ်လို့ဖြေကြတယ်။ မမနွယ် မယုံဘူးမောင်။ ကိုဝင်းအောင်တို့. . . ကိုမောင်မောင်မှင်တို့. . . ကိုလှမောင်တို့လိုပဲ မောင်ဟာ စစ်မြေပြင်မှာ ကျန်ရစ်ပြီလို့ မမနွယ်ထင်ခဲ့ရတယ်။ ထင်လို့ ငိုသာ ငိုခဲ့ရတယ် မောင်တစ်ယောက် သေသွားပြီဆိုတာကို မမနွယ် အသည်းနှလုံးက လက်မခံနိုင်ဘူး။ သိလား. . . မောင်"

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**





## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V SPRING SKY V.52 သင်္ဘောသည် ၁၉-၁၀-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V FORTUNE EPOCH V.100 သင်္ဘောသည် ၂၁-၁၀-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ဝန်ထမ်းအလိုရှိသည်

မော်တာစက်ချုပ် မ(၁၅)ဦး
အဆောင်+ဆန်ပေးသည်။
ဖုန်း-၀၉-၃၁၂၇၅၆၄၇

## သွင်းကုန်ပါမစ်ပျောက်ဆုံးကြော်ငြာ

ကျွန်တော် ဦးနိုင်နိုင်အောင် ၁၂/ဒဂမ(နိုင်) ၀၁၇၁၇၃၊၏ သွင်းကုန်ပါမစ်အမှတ် ISP IDVY8 12-13 12933 (8-2-13)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉ ၄၂၁၁၄၀၈၅**

ဆရာရန်နိုင် DRAGON KING
ကွန်ဖူး - ဗန်ဒို - ထိုက်ကွမ်ဒို
ဗန်ဒို အထူးအမြန် ဖိုက်တင်ရက်တိုသင်တန်း
အမှတ်-၃၆ရ(၆-လွှာ)၊ မဟာဗန္ဓုလလမ်း၊ (၃၈-လမ်းနှင့် ဆိပ်ကမ်းသာလမ်းကြား)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ၀၉၅၀၁၆၆၂၃၊ ၀၉၂၅၃၂၄၂၈၁၄၊ ၀၉၄၉၉၂၉၆၀၄၅






ပြည်တွင်းရေးရာ

## မိုးညှင်းမြို့နယ်၌ ရွှေဘို–မြစ်ကြီးနားကားလမ်းဘေး ကျောက်စီရေမြောင်း တည်ဆောက်

**မိုးညှင်း အောက်တိုဘာ ၁၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်းရှိ ရွှေဘို-မြစ်ကြီးနား ကားလမ်းပိုင်းများ ကြံ့ခိုင်မှုရှိရန်နှင့် ရေစီးရေလာ ကောင်းမွန်နိုင်စေရန်အတွက် ကားလမ်းမကြီးဘေး ဝဲ၊ ယာများတွင် ကျောက်စီရေမြောင်းများကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ နံရံကပ်အင်္ဂတေ ကျောက်စီရေမြောင်းများကို အောက်တိုဘာ ၇ ရက်မှ စတင်ကာ နေ့စဉ်လုပ်သားအင်အား ၃၀ ဖြင့် မိုးညှင်းခရိုင်လမ်းဦးစီးဌာနက တာဝန်ယူ တည်ဆောက်လျက်ရှိသည်။

မိုးညှင်းမြို့နယ် အင်ကြင်းကုန်းကျေးရွာ အုပ်စု ကျွန်းကုန်းကျေးရွာနှင့် အလယ်တောကျေးရွာကြား ကားလမ်းမိုင်တိုင်အမှတ်(၁၉၇/၁)နှင့် (၁၉၇/၂) ကြား ရေစီးရေလာခက်ခဲသော တောင်ပတ်ကွေ့တွင် အရှည် ၉၆၀ ပေ၊ အကျယ် ရေသွားလမ်း ၂ ပေ၊ နောက်နံရံအမြင့် ၃ ပေ၊ ရှေ့ဘက်နံရံ ၂ ပေရှိသော အင်္ဂတေ ကျောက်စီရေမြောင်းအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း မိုးညှင်းခရိုင် လမ်းဦးစီးဌာနမှ လက်ထောက်တာဝန်ခံ ဦးကျော်ကျော်ထက် (JE) က ပြောသည်။

ယင်းအင်္ဂတေကျောက်စီ ရေနုတ်မြောင်းများ တည်ဆောက်ပေးနိုင်မှုကြောင့် ကားလမ်းမကြီး လမ်းဘေးဝဲ၊ ယာတွင် ရေစီးရေလာကောင်းမွန်ခြင်း၊ လမ်းငွေ့ကမ်းပါးယံများပြိုကျမှုနည်းပါးခြင်းတို့ကို ကာကွယ်ပြီး ကားလမ်းပိုင်းများ ရေရှည်တွင် ကြံ့ခိုင်မှု ပိုမိုကောင်းမွန်ကာ ကုန်တင်မော်တော်ယာဉ်များ စိတ်ချမ်းမြေ့စွာ သွားလာမောင်းနှင်နိုင်မည်ဖြစ်ကြောင်းရွှေဘို-မြစ်ကြီးနား ယာဉ်မောင်းတစ်ဦးက ပြောသည်။ **နီတိုး**



## ကလေးမြို့နယ်၌ ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေဖြင့် ယက်ကန်းရက်နည်း ပညာပေးသင်တန်းဖွင့်

**ကလေး အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေဖြင့်ပြုလုပ်သော ယက်ကန်းရက်နည်း ပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကိုအောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက ကလေးမြို့နယ် သမဝါယမဦးစီးဌာန၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၊ စည်ပင်သာယာရေး ဝန်ကြီး ဦးတင့်လှိုင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး သမဝါယမဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်က ရေကြီးနစ်မြုပ်သွားသော ကလေးဒေသပြည်သူများအတွက် ယက်ကန်းရက်နည်း ပညာသင်တန်း တက်ရောက်ခြင်းအားဖြင့် အသက်ဝမ်းကြောင်းပြုရာတွင် တစ်ဘက်တစ်လမ်းမှ အကျိုးပြုနိုင်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါသင်တန်း၌ တိုင်းဒေသကြီးမှ နည်းပြ နှစ်ဦး၊ ဒေသခံလက်ထောက်နည်းပြသုံးဦးတို့က သင်ကြားပြသပေးမည်ဖြစ်ပြီး အဆိုပါ ယက်ကန်းသင်တန်းမှာ သမဝါယမ အသင်းများ၏ အဆင့်မြင့် ယက်ကန်းသင်တန်းဖြစ်ရာ သင်တန်းသားသင်တန်းသူ၃၁ ဦးတက်ရောက်၍ သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။ **ဇိုဟေဆာ**

## မင်းကင်းမြို့သို့ 66/11 KV. 5 MVA ထရန်စဖော်မာရောက်ရှိ

**မင်းကင်း အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့အတွက် ရန်ကုန်(တောင်ပိုင်း) စက်မှုဝန်ကြီးဌာနရှိ အလုပ်ရုံမှ ပေးပို့သော 66/11 KV. 5 MVA ထရန်စဖော်မာအား ရွှေပြည်တော်ကုမ္ပဏီက ရန်ကုန်မြို့မှ မင်းကင်းမြို့သို့ အောက်တိုဘာ ၆ ရက်ကရောက်ရှိခဲ့သည်။

ယခင်က မင်းကင်းမြို့တွင် တစ်နေ့နှစ်နာရီကြာ မီးစက်ဖြင့် မြို့တွင်းမီးများ ဖြန့်ဝေပေးခဲ့ပြီး (303- D 005 AN စက်အမျိုးအစားဖြင့် တစ်နေ့ လေးနာရီဖြင့်ပိုမိုဖြန့်ဝေပေးလျက်ရှိသည်။

ယခုအခါ 66/11 5 MVAဓာတ်အားခွဲရုံ တည်ဆောက်ပြီး မြို့တွင်းသို့ 11 KV ဓာတ်အားပို့လွှတ်နိုင်ရေး 200KV ထရန်စဖော်မာ နှစ်လုံးတပ်ဆင်၍ 11KV ဓာတ်အားလိုင်းကြိုးများ တပ်ဆင်ပြီးစီးပြီဖြစ်ရာ ဓာတ်အားရရှိပါက မြို့အတွင်း နေ့ရောညပါ ၂၄ နာရီ လျှပ်စစ်မီးသုံးစွဲရတော့မည်ဖြစ်သည်။ **ချင်းတွင်းသား(iprd)**



## သစ်ရာကောက်ကျေးရွာတွင် စက်ရေတွင်းသစ်တူးဖော်ပြီးစီး

**မကွေး အောက်တိုဘာ ၁၇**

မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၁၈၉ သိန်းဖြင့် မကွေးမြို့နယ် သစ်ရာကောက်ကျေးရွာတွင် လေးလက်မစက်ရေတွင်းသစ် တူးဖော်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုစက်ရေတွင်းသစ် တူးဖော်ခြင်းလုပ်ငန်းအား ဩဂုတ် ၂၃ ရက် တွင်လုပ်ငန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၁၄ ရက်တွင်လုပ်ငန်းအားလုံး ပြီးစီးခဲ့ခြင်းဖြစ်သည်။

သစ်ရာကောက်ကျေးရွာတွင် လေးလက်မ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းတွင် ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တစ်ကန်၊ အလျား ၁၀ ပေ၊ အနံ(၈)ပေ၊အမြင့် ၈ ပေခန့်ရှိသော ရေစက်ရုံတစ်ခု၊ ၂၅ ကောင် အင်ဂျင်တစ်လုံး၊ ၂၀ ကီလိုဝပ်ဒိုင်နမိုတစ်လုံးနှင့် ၇ ဒသမ ၅ Sumbersible Pump တစ်လုံးတို့ပါဝင်သည်။

လက်ရှိ တွင်သစ်ရာကောက်ကျေးရွာတွင် အိမ်ခြေ ၅၈၅ အိမ် လူဦးရေ ၂၀၀၀ ကျော်နေထိုင်လျက်ရှိပြီး ထိုကျေးရွာတွင် ယခင် ၁၉၈၀ ပြည့်နှစ်ဝန်းကျင်က တူးဖော်ထားသော စက်ရေတွင်းတစ်တွင်းရှိခဲ့သော်လည်း နှစ်ကာလကြာမြင့်လာခဲ့သဖြင့် တွင်းပိုင်းဆိုင်ရာ ပျက်ဆီးသွားသည့်အတွက် သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသောကြောင့် ယခုလေးလက်မ စက်ရေတွင်းသစ် တူးဖော်ပေးခဲ့ခြင်းဖြစ်သည်။

ယခု စက်ရေတွင်းသစ်သည် အနက်ပေ ၆၈၀၊ ရေထိပ်ပေ ၄၃၀ နှင့် ရေထွက်နှုန်းတစ်နာရီလျှင် ဂါလန် ၁၈၀၀ ထွက်ရှိကာယခင်စက်ရေတွင်းဟောင်းတွင် ရေငန်သာ ထွက်ရှိခဲ့သည်။

ယခုစက်ရေတွင်းသစ်တွင် ရေငန်မဟုတ်ဘဲ ရေအရသာကောင်းမွန်စွာ ထွက်ရှိခဲ့ခြင်းကြောင့် ဒေသခံကျေးရွာနေပြည်သူများမှ ဝမ်းသာနေကြကြောင်း မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ကပြောသည်။

၎င်းက နွေရာသီရောက်တိုင်း အဆိုပါ ကျေးရွာတွင် သောက်ရေသုံးရေအတွက်အပူအပင်ကင်းသွားမည်ဖြစ်ကြောင်းပြောသည်။ **ကျော်ဇေယျ**








### မြေကွက်များဝယ်လိုပါသည်

ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်းမြို့နယ်များရှိ မြေကွက်များဝယ်လိုပါသည်။

ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

Ph:09-260664480,
09-260664490

လက်ရှိ ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော DOTA 2 Network Game စက် (၂၄) လုံးနှင့် ဆက်စပ်ပစ္စည်းအားလုံး ညှိနှိုင်းဈေးဖြင့် ရောင်းမည်။

ဖုန်း - ၀၉ - ၇၉၅ ၆၉၄ ၃၄၆၊
၀၉ - ၇၉၅ ၃၁၁ ၂၂၈

### စားသောက်ဆိုင်လိုင်စင်နှင့် ပစ္စည်းစုံရောင်းရန်ရှိသည်။

ဆက်သွယ်ရန်ဖုန်း-

၀၉-၅၀၃၃၉၀၇၊ ၀၉-၂၅၀၅၀၁၄၈၈



# ရွှေးကောက်ပွဲကာလ သထုံခရိုင် အတွင်း မီးဘေးလုံခြုံရေး စီမံချက်ဖြင့်ဆောင်ရွက်

**သထုံ အောက်တိုဘာ ၁၇**

ရွေးကောက်ပွဲကာလတွင် မီးဘေးအန္တရာယ်ကင်းဝေးပြီး ပြည်သူများအေးချမ်းစွာ ဆန္ဒမဲပေးနိုင်ရန်အတွက် မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ မြို့နယ်များတွင် မီးဘေးလုံခြုံရေးလုပ်ငန်းများကို စီမံချက်ချမှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများကို သထုံခရိုင်အတွင်းရှိ သထုံ၊ ကျိုက်ထို၊ ဘီးလင်း၊ ပေါင်မြို့နယ်များမှ သန္နေနှင့်အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဒေသခံများ ပူးပေါင်းကာ ရွေးကောက်ပွဲကာလလွန်အထိ အထူးဂရုပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"သထုံခရိုင်ထဲက မြို့နယ်တိုင်းမှာ ရွေးကောက်ပွဲ အကြိုကာလကစပြီး တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးကြပ်မတ်ပါတယ်။ စက်ရုံ အလုပ်ရုံတွေနဲ့ အခြားလုပ်ငန်းတွေမှာလည်း သတ်မှတ်ထားတဲ့ အရေးပေါ်မီးငြိမ်းသတ်ပစ္စည်းတွေ ရှိ၊ မရှိနဲ့ မီးလောင်မှုဖြစ်ပွားနိုင်တဲ့ အကြောင်းရင်းတွေကို သတိမူကြဖို့ ဆွေးနွေးအကြံပြုခဲ့ပါတယ်။

ယခင်က ပုံမှန်ဆောင်ရွက်နေကျ လုပ်ငန်းတွေဖြစ်ပေမယ့် မကြာခင်မှာကျင်းပတော့မယ့် ရွေးကောက်ပွဲကာလမှာ မီးဘေးကြောင့် မဲပေးတဲ့ပြည်သူတွေ စိုးရိမ်ပူပန်မှုကင်းဖို့အတွက် ကျွန်တော်တို့ပိုပြီး အားစိုက်ဆောင်ရွက်နေတာပါ" ဟု သထုံခရိုင် မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြင်ထွန်းက ပြောသည်။

**သက်ဦး(သထုံ)**

# ကလေးဒေသရှိတောင်သူများအား ဆောင်းသီးနှံ မျိုးစေ့များ အခမဲ့ဖြန့်ဝေ

**ကလေး အောက်တိုဘာ ၁၇**

လယ်ယာကဏ္ဍ ပြန်လည်ထူထောင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ဆောင်းသီးနှံမျိုးစေ့များအား တောင်သူလယ်သမားများလက်ဝယ်သို့ အခမဲ့ဖြန့်ဝေပေးလျက်ရှိရာ အောက်တိုဘာ ၁၄ ရက်က မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက် အကူပြုကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မျိုးဖြန့်ဖြူးရေးအဖွဲ့တို့သည် နန်းကျင်းဆောင်၊ မော်လိုက်ကလေး၊ အင်ဒိုင်းကြီး၊ စခန်းကြီးနှင့် ကံကြီးကျေးရွာအုပ်စုများသို့ သွားရောက်၍ ဆောင်းသီးနှံ မျိုးစေ့များဖြစ်သည့် နေကြာ၊ ပဲပုပ်၊ အစေ့ထုတ်ပြောင်း၊ မြေပဲစသည့် သီးနှံမျိုးစေ့များကို ရေဘေးသင့်ပြည်သူများလက်ဝယ်သို့ အခမဲ့ ပေးအပ်ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ကလေးဒေသတွင် ဆောင်းသီးနှံအစားထိုးစိုက်ပျိုးမည့် ဧကပေါင်း ၂၆၅၆၅ ဧကရှိပြီး ကျန်ရှိသော ရေဘေးသင့်ပြည်သူများထံသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ပြီး ကလေးဒေသတွင် လွန်ခဲ့သည့် ဇူလိုင်နှင့် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးမြေ ဧကပေါင်းမြောက်မြားစွာ ပျက်စီးခဲ့သည့်အပြင် လူနေအိမ်များ၊ လမ်းတံတားများ ပျက်စီးခဲ့ရာ ယခုအခါ ပြန်လည်ထူထောင်ရေးလုပ်ငန်း များကိုလည်း ဘက်ပေါင်းစုံမှ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**ချင်းတွင်းသား(ပြန်/ဆက်)**

# ဒီပဲယင်းမြို့၌ စပါးခင်းများ အတွင်း ငါးမျိုးများစိုက်ထည့်

**ဒီပဲယင်း အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှုးကျင်းပသောစပါးခင်းများအတွင်း ငါးမျိုး စိုက်ထည့်ခြင်းကို အောက်တိုဘာ ၁၅ ရက်နံနက် ၁၀ နာရီက ရွာသစ်ကျေးရွာ ဘက်စုံစိုက်ပျိုးရေးခြံတွင်ငါးမျိုးများ စိုက်ထည့် ပေးခဲ့သည်။


ငါးမျိုးစိုက်ထည့်ပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်မြင့်၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောက်ရောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ထွေးသီတာနှင့်အသင်းဝင်များကတောင်သူ ဦးစိန်တင်၏ လယ်ဧက၅၀ အတွင်း သို့ ငါးခုံးမကြီး ၁၅၀၀၀၊ တီလားပီးယား ၂၀၀၀၊ ရွှေဝါငါးကြင်း ၈၀၀၀ စုစုပေါင်း ငါးကောင်ရေ၂၅၀၀၀ စိုက်ထည့်ပေးခဲ့ကြောင်းသိရသည်။ **သိန်းထွန်း(ဒီပဲယင်း)**

# အောင်မြေကွန်ကရစ်တံတားသစ် ဆောက်လုပ်ပြီးစီး

**မိုးညှင်း အောက်တိုဘာ ၁၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၊ ရွှေဘို-မြစ်ကြီးနားကားလမ်းမကြီးပေါ်ရှိ တံတားအမှတ်(၁/၁၉၅)အရှည်ပေ ၄၀၊ အကျယ်ပေ ၃၀ ရှိသော အောင်မြေ Rcc တံတားကွန်ကရစ်တံတားကို မိုးညှင်းခရိုင် လမ်းဦးစီးဌာနက ၂၀၁၅ခုနှစ် ဇူလိုင် ၁၅ ရက်က စတင်တည်ဆောက်ခဲ့သည်။

တည်ဆောက်မှုမှာ စက်တင်ဘာ ၃၀ ရက်က ပြီးစီးခဲ့သဖြင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသ အသီးသီးသို့ ဆက်သွယ်သွားလာရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **(ဝ၅၈)**






## စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၅/၂၀၁၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-053(15-16) | Emulsion Treating Chemicals (Demulsifier) (5,000)Ltr | US$ |
| (၂) | IFB-054(15-16) | High Pressure Hose & Accessories (4)Items | US$ |
| (၃) | DMP/L-008(15-16) | Hydraulic Pressure Pipes & Water Pressure Pipes (1)Lot | Ks |
| (၄) | DMP/L-009(15-16) | Koomey Fluid (C-50F) (800) Liters | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၁-၁၁-၂၀၁၅ရက် (၁၆း၃၀)နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**

## အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာခွဲ၊ သန်လျင်မြို့ (၁၈)ကြိမ်မြောက် မဟာဘုံကထိန်ဖိတ်ကြားလွှာ

အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာခွဲ သန်လျင်မြို့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၈)ကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်ပွဲတော် အခမ်းအနားကြီးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုကုသိုလ်တော်ယူနိုင်ရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - (၁၃၇၇ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ရက်) ၁-၁၁-၂၀၁၅(တနင်္ဂနွေနေ့)
အချိန် - နံနက် ၈း၃၀နာရီမှ ၁၁း၃၀နာရီအထိ (နံနက်စာထမင်းဖြင့် ဧည့်ခံကျွေးမွေးပါမည်။)
နေရာ - အပြည်ပြည်ဆိုင်ရာဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာခွဲ၊ သန်လျင်မြို့။
သီရိခေမာမဓမ္မသာလဗိမာန်တော်ကြီး၏ အပေါ်ထပ်ခန်းမ
ဖုန်း-၀၉၈၆၁၁၃၃၈၊ ၀၉-၇၉၅၃၀၅၇၁၈၊ ၀၉-၇၃၂၅၀၄၈၀

ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့
ဖားအောက်တောရရိပ်သာခွဲ၊ သန်လျင်မြို့။



ကြော်ငြာ


www.seingayhar.com I Visit www.facebook.com/seingayhar for more updates.
Sein Gay Har
Sky Mart
Thadingyut Special
Bi Weekly Specials
BiG DEAL!
17 - 30 Oct 2015
Food & Nutrition
Danisa Butter Cookies 5,800 Ks 5,300 Ks
White Castle Butter Cookies 681g 6,600 Ks 6,000 Ks
Pastry Premium of Cookies 480g 5,700 Ks 5,200 Ks
Imperial Chocolate Chip, Milk Flavoured Cookies 340g, 360g 5,300 Ks 4,250 Ks
Imperial Assorted Biscuit & Wafer 700g 4,550 Ks 4,000 Ks
TRS Biscuits, Cookies 1000g 4,000 Ks 3,600 Ks
Hai Tai Ohyes Choco Cake 28g x12 pieces 3,200 Ks 2,950 Ks
Euro Cake 204g 2,200 Ks 1,950 Ks
Tesco Chocolate Wafer Sticks 650g 3,200 Ks 2,800 Ks
Chocky Cream Wafer 36g x 12+2 2,100 Ks 1,950 Ks
Best Food Margarine 454g 2,650 Ks 2,400 Ks
Lipton Yellow Label Tea 50 Tea Bags 4,500 Ks 4,100 Ks
Birdy 3 in 1 Super Creamy 30 sticks 3,350 Ks 2,950 Ks
Khao Shong 3in1 Coffee Mix Powder 20g x 25 sticks (Super Rich) 3,800 Ks 2,800 Ks
Lychee Syrup 950g 2,100 Ks 1,900 Ks
WOW!
Jacobs Original Cream Cracker 800g 8,100
Popcorn Crackers Biscuits 1.5kg 5,400
Family Assorted Biscuits 1.4kg 5,400
Hup Seng Cream Cracker Tin 700g 4,300
Old Town 5,500
"Hot picks for best price"
Up to 10% off
Up to 10% off
5% off +
Buy 30,000 Ks & above Get 1 Sin Min Longyi
10,600 Ks 10,300 Ks
Up to 10% off
5% off
5% off
Fashion & Outfits
Travel Bag 9,500
Attache Case (L) 14,000 Ks 12,000 Ks 11,000 Ks 9,600 Ks
Men's Aber Shirt 12,000 Ks 10,500 Ks
Men's T-Shirt 7,000 Ks 6,000 Ks
Men's Short Pants 10,500 Ks 8,500 Ks
Lady Blouse 4,800 Ks 3,200 Ks
Lady Short Skirt 6,500 Ks 4,500 Ks
Lady Slim Bag 13,000
5,700
Batik Up to 20% off 11,000 2,800
Ring Fat Massager 27,000
TL-2001B Weight Reducing Belt 35,500
KOO'S Men's T-Shirt (XS,L,M,S) 6,000 6,100 6,500
"Hot picks for best price"


Forever
Gems
by
ရွှေနန်းတော်
5 to 25% off
နှစ်သစ်အကြိုအထူးအစီအစဉ်
သိန်းပေါင်း (2000) ကျော် ချီးမြှင့်ပေးမည်
Lucky Draw Program
@Myanmar Plaza (ဆီဒိုးနားဟိုတယ်အနီး)
နေ့စဉ်ဖွင့်လှစ်ရောင်းချပေးနေပါပြီ

# ရုံးအသစ်ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

(၁၉.၁၀.၂၀၁၅) ရက်နေ့မှ စတင်၍ AIR KBZ ရုံးချုပ်အား

## အမှတ် ၁၄၇၊ (၅)ရပ်ကွက်၊ ၈မိုင်ခွဲ
## ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

သို့ ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဖြစ်ပြီး ယခင်အသုံးပြုနေသော ဖုန်းနံပါတ်များအစား ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။

AIR KBZ

No.147, (5) Quarter, 8(½) Miles, Pyay Road,
Mayangone Township,Yangon.

**Office : (01) 9670014 ~ 20**
**Reservation : (01) 9670001 ~ 13**
**Hot Line : (01) 9670007**

www.airkbz.com

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဦးအောင်ကြီး CDC-29699၏ သင်္ဘောသားမှတ်ပုံတင် လက်မှတ် S.I.Dကတ်သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ Ph: 09-5019597

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဝဏ္ဏခွန်အုံ(ခ)စိုင်းဝဏ္ဏ CDC-32454သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ Ph: 09-5505892

**ပျောက်ဆုံးကြောင်း**
ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် (၂) ရပ်ကွက်နေ မခင်မာဝင်း [KLW ၀၀၇၃၃၁]၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉၄၃၁၀၅၈၄၄၇

ယုံကြည်အားထား IKBZ အာမခံစွမ်းအား

IKBZ Insurance

# ကုန်စည်ပို့ဆောင်ရေးအာမခံ

IKBZ ၏ကုန်စည်ပို့ဆောင်ရေးအာမခံဖြင့် သင့်ကုန်စည်များအတွက်စိတ်ချနိုင်ပါပြီ။

**ရေကြောင်းကုန်စည်အာမခံ**

ပြည်တွင်းမြစ်ကြောင်းနှင့် ကမ်းရိုးတန်းများတွင် ရေယာဉ်များဖြင့် သယ်ယူပို့ဆောင်မည့် ကုန်စည်များအတွက် အာမခံထားရှိနိုင်ပါသည်။

**ကုန်းလမ်းကုန်စည်အာမခံ**

ပြည်တွင်းကုန်းလမ်းခရီးတွင် မော်တော်ယာဉ်များဖြင့် ကုန်စည်များသယ်ယူပို့ဆောင်မည့် ကုန်စည်များအတွက်အာမခံထားနိုင်ပါသည်။

**အာမခံအကျိုးခံစားခွင့်များ**

အောက်ပါတို့အတွက်ခံစားခွင့်ရှိပါသည်-

- ကုန်ပစ္စည်းများတင်ဆောင်သည့်ရေယာဉ်သည် သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ မတော်တဆ ထိခိုက်၍သော်လည်းကောင်း၊ မီးလောင်မှုကြောင့်သော်လည်းကောင်း၊ ရေယာဉ်နစ်မြုပ်/ ပျက်စီးသွား၍ ဆုံးရှုံးသည့် ကုန်ပစ္စည်းတန်ဘိုး(တန်ဆာခအပါအဝင်)
- ကုန်ပစ္စည်းတင်ဆောင်လာသော မော်တော်ယာဉ်တိမ်းမှောက်ပျက်စီးမှုကြောင့်လည်းကောင်း၊ မီးလောင်မှုကြောင့်လည်းကောင်း၊ ဆုံးရှုံးသည့်ကုန်ပစ္စည်းတန်ဘိုး(တန်ဆာခအပါအဝင်)
- သယ်ဆောင်သည့်ယာဉ် ထိခိုက်ပျက်စီးခြင်းကြောင့် ကုန်ပစ္စည်းဆုံးရှုံးမှုဒဏ်မှ ကာကွယ်စောင့်ရှောက်ရာတွင် ကုန်ကျသည့် စရိတ်များအလုပ်သမားခများ၊

Unit#102(A),Ground Fl,Strand Square,No.(53),Merchant Rd,(Corner of Merchant Rd & Bosonpat St),\Pabedan Township, Yangon.
Tel : 01-378842,2307000 E-mail : info@i-kbz.com Fax : 01-2307128 facebook : www.facebook.com/ikbzinc

ကုန်စည်ပို့ဆောင်ရေးအာမခံလုပ်ငန်းများကို ၁-၈-၂၀၁၅ မှ စတင်၍ လက်ခံဆောင်ရွက်ပေးနေပါသည်။





## အမြန်ဆုံး MPT 3G ကို 1MBလျှင် ၆ ကျပ်နှုန်းနှင့် ချိတ်ဆက်နိုင်ပါပြီ

ဆွေသဟာ ကိုရယူရန်
"SWE" ဟုရိုက်၍ 1332 သို့အခမဲ့ SMS ပေးပို့ပြီး ဝန်ဆောင်မှုရယူနိုင်ပါသည်။

SMS ဈေးနှုန်းသစ် ၁၀ ကျပ်

အင်တာနက် Package အသစ်ဖြင့် ဆွေသဟာကို အဆင့်မြှင့်လိုက်ပါ။

| မူလ ပမာဏ | လက်ဆောင် ပမာဏ | Package ဈေးနှုန်း | သက်တမ်း |
|---|---|---|---|
| 400 MB | 150 MB | 2,800 Ks | ၃၀ ရက် |
| 1 GB | 350 MB | 6,500 Ks | ၃၀ ရက် |
| 5 GB | 1.5 GB | 25,000 Ks | ၃၀ ရက် |

- MPT SIMကတ်ကိုSIM slot 1 တွင် ထည့်သွင်းအသုံးပြုပါက ပိုမိုကြည်လင်ပြတ်သားသောအသံနှင့် မြန်ဆန်သော 3G အင်တာနက်ဝန်ဆောင်မှုကို ရရှိနိုင်မှာဖြစ်ပါတယ်။
- ဆွေသဟာဝန်ဆောင်မှု ရယူထားသောသူများအတွက်သာ အကျုံးဝင်သည်။
- Package ဝယ်ယူစကျသင့်ငွေကို ဖုန်းလက်ကျန်ငွေမှ နုတ်ယူပါမည်။
- Data ဝန်ဆောင်မှုရယူရန် (400MB) သို့ (1GB) သို့ (5 GB) ဟုရိုက်ပြီး 1332 သို့ SMS ပေးပို့ပါ။

CALL CENTER 106
(၂၄)နာရီ အခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm
https://facebook.com/mptofficialpage
သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

MPT
ရွှေသို့လှမ်းချီ မြန်မာပြည်

**အာရှနဂါး**
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

**ရွှေနဂါး**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209077, 209388

**GOLDEN STAR**
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

ရောင်းမည်
စမ်းချောင်းမြောက်၊
စမ်းရေတွင်းလမ်း၊ လုံးချင်း၊
ဖုန်း-၀၉-၅၁၈၇၀၈၈၊
၀၉-၄၉၅၈၀၃၅၄၉

# ကျိုက်လတ်မြို့ မြန်မာ့ဂုဏ်ရောင်ကျောင်း ( ဇလမ်းအမက ) နှစ်(၇၀)ပြည့် အခမ်းအနား

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ အမက(၅)၊ မြန်မာ့ဂုဏ်ရောင်ကျောင်း (ယခင် ဇလမ်းကျောင်း၊ အမက)သည် စတင်တည်ထောင်ခဲ့သော ၁၉၄၅ခုနှစ်မှ ၂၀၁၅ခုနှစ်အထိ နှစ်ပေါင်း(၇၀)ပြည့်မြောက်ခဲ့ပြီဖြစ်ရာ တက်ရောက်ခဲ့သော ဆရာ၊ ဆရာမများ၊ ကျောင်းသား/သူများ၊ မိဘများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများစုံညီစွာဖြင့် နှစ်(၇၀)ပြည့် အခမ်းအနားကို ဇလမ်းကျောင်း၏ ပညာရေးအစဉ်အလာကောင်းအမွေ ဆက်ခံနိုင်ရေးအနုစ်သာရရှိစွာဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။ နှစ်(၇၀)ပြည့်အကြို မြန်မာ့ဂုဏ်ရောင်ကျောင်း နိုင်ငံတော်အလံတိုင်အသစ် ဖွင့်လှစ်ခြင်းနှင့်အလှူငွေပေးအပ်ပွဲကို(၂၄-၁၀-၂၀၁၅)နံနက်ပိုင်းတွင် အမက(၅) ဇလမ်းကျောင်းရှေ့တွင်ကျင်းပပြီး၊ နှစ်(၇၀)ပြည့် အခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့် မြို့မိမြို့ဖများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ ညှိနှိုင်းအစည်းအဝေးပြုလုပ်ပါမည်။

**မြန်မာ့ဂုဏ်ရောင်ကျောင်း ဇလမ်း အမက၊ နှစ်(၇၀)ပြည့်အခမ်းအနားအစီအစဉ်များ**

**၁၈-၁၂-၂၀၁၅ ညပိုင်း** ထူးချွန်ဆုများပေးအပ်ခြင်း၊ အမက(၅)ကျောင်းသူကျောင်းသားများ ပဒေသာကပွဲနှင့် နိုင်ငံတော်ရွှေတံဆိပ်ဆုရ ဖျာပုံနန်းတွင်းရာမာယဏဇာတ်တော်ကြီးကို ဇာတ်ပို့ဆိုင်း ရွှေတံဆိပ်ဆုများရှင် မြို့တော်စိန်တင်ရွှေ၊ ရွှာစားကြီးရဲနိုင်လင်း မင်္ဂလာဆိုင်းဖြင့် တင်ဆက်ခြင်း။

**၁၉-၁၂-၂၀၁၅ နံနက်** အရုဏ်တက်တွင် မြန်မာ့ဂုဏ်ရောင်ကျောင်းရှေ့၌ မြို့လုံးကျွတ်သံဃာတော်များအား အရုဏ်ဆွမ်းလောင်းလှူခြင်း၊ နံနက်၉နာရီတွင် နှစ်(၇၀)ပြည့် အခမ်းအနားမှစ်ဦးဖွင့်လှစ်ခြင်း၊အငြိမ်းစားဆရာကြီး၊ဆရာမကြီးများကို ဂါရဝပြုပူဇော်ခြင်းနှင့် အခမ်းအနားအစီအစဉ်များကျင်းပခြင်း၊ ဧည့်ခံကျွေးမွေးခြင်း။

**မြန်မာ့ဂုဏ်ရောင်ကျောင်း နှစ်(၇၀)ပြည့်အထိမ်းအမှတ်မဂ္ဂဇင်း** တွင် စာမူများနှင့် ကာတွန်း၊ ဓာတ်ပုံများ၊ ကြော်ငြာများထည့်သွင်းနိုင်ရန်လည်း ကြိုတင်နိုးဆော်ထားပြီး ဖြစ်ပါသည်။ အနယ်နယ်အရပ်ရပ်တွင် ရောက်ရှိနေကြသော ဇလမ်းကျောင်း၊ မြန်မာ့ဂုဏ်ရောင်ကျောင်း အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား/သူဟောင်းများနှင့် မိဘဆရာအသင်း အမှုဆောင်ဟောင်းများ၊ အာဟာရဒါနအလှူရှင်များအနေဖြင့် ဖိတ်စာမရရှိပါကလည်း တက်ရောက်ကြရန်ဖြစ်ကာ ရပ်ဝေးမှအခမ်းအနားသို့ လာရောက်မည့် ဧည့်သည်တော်များအတွက် နေထိုင်စားသောက်ရေးအဆင်ပြေချောမွေ့စေရန် ကြိုတင်စီမံထားရှိပြီးဖြစ်၍ အောက်ဖော်ပြပါ နှစ်(၇၀)ပြည့်အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ ဖုန်းနံပါတ်များသို့ ဆက်သွယ်ကြရန်ဖြစ်ပါသည်။

ဦးကျော်ဆန်း(ဥက္ကဋ္ဌ)(ဗမာပြည်သားစတိုး) ဖုန်း ၀၉ ၇၉၈၁၃၃၃၀၁၁၊ ၀၉ ၈၅၆၀၁၁၈၊ ဦးအောင်မျိုး(ဒု-ဥက္ကဋ္ဌ-၁) ဖုန်း ၀၉ ၈၅၉၁၄၃၉၊ ၀၉ ၇၉၆၁၃၉၀၅၁၊ ဦးဇော်မင်းဦး (ဒု-ဥက္ကဋ္ဌ-၂) ဖုန်း ၀၉ ၈၅၉၀၈၅၉၊ ဦးသန်းထွန်း(အတွင်းရေးမှူး/ကျောင်းအုပ်ကြီး) ဖုန်း ၀၉ ၄၉၇၂၆၇၄၃၊ ဒေါ်စန်းစန်းညွန့်(ဘဏ္ဍာရေးမှူး)ဖုန်း ၀၉ ၇၉၁၀၉၉၂၄၂၉၊ ဦးကျော်လင်းထွန်း (တွဲဖက်ဘဏ္ဍာရေးမှူး) ဖုန်း ၀၉ ၈၅၆၀၁၅၇၊ ဦးနေဇော်အောင်(ပြန်ကြားရေးမှူး)ဖုန်း ၀၉ ၇၉၂၅၈၈၅၁၁၊ ဦးဂျိမ်းစ်ပီတာ(အခမ်းအနားပြင်ဆင်ရေး) ဖုန်း ၀၉ ၄၃၀၆၈၈၂၈၊ ဦးလှမင်းထွန်း(ပီတီချို)(သတင်းမှတ်တမ်း)ဖုန်း ၀၉ ၇၉၀၁၈၁၈၆၀၊

**နှစ်(၇၀)ပြည့်အခမ်းအနားကျင်းပရေးဦးစီးကော်မတီ**

**CVT Myanmar အသက်မွေးပညာ ဆရာဖြစ်သင်တန်းဖွင့်လှစ်ခြင်း**

**CVT Certified Instructor ဆရာဖြစ်သင်တန်းလျှောက်လွှာခေါ်ယူခြင်း**

CVT Myanmar သင်တန်းကျောင်းတွင် အသက်မွေးမှုအတတ်ပညာအမျိုးမျိုးကို ဒီပလိုမာ အဆင့်ထိ စာတွေ့လက်တွေ့သင်ကြားပို့ချနေပြီး ဒီပလိုမာနှင့် ဘွဲ့ရလူငယ်များကို သက်ဆိုင်ရာ နယ်ပယ်အလိုက် ပညာရပ်ပို့ချသူများအဖြစ် ရပ်တည်နိုင်ရန် ဖော်ပြပါ ဆရာဖြစ်သင်တန်းများအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

၁။ Wood Processing (ပရိဘောဂအတတ်ပညာသင်တန်း)
၂။ Electrician Low Voltage Wiring and Motor Controller(လျှပ်စစ်ကျွမ်းကျင်မှု အထောက်အကူပြုသင်တန်း)

**သင်တန်းဝင်ခွင့်အရည်အချင်းများမှာ-**
- CVT မှ ဒီပလိုမာဘွဲ့ရ(သို့)အခြားတူညီသော ဒီပလိုမာ/ဘွဲ့ရများ
- သက်ဆိုင်ရာ သင်တန်းအချိန်အတိုင်း တက်ရောက်နိုင်သူများ

**သင်တန်းကာလ**
- ၂၀၁၅ ဒီဇင်ဘာလမှ ၂၀၁၆ ဖေဖော်ဝါရီလအထိ-၃လသင်တန်း (တစ်ပတ် ၃ရက်)

**သင်တန်းကြေး**
- Semi-Pilot Wood Processing (၅၀၀၀၀)ကျပ်
- Semi-Pilot(2) Electrician Low Voltage Wiring and Motor Controller (၅၀၀၀၀)ကျပ်

စိတ်ပါဝင်စားသူများသည် သင်တန်းတည်နေရာ၌လည်းကောင်း၊ အီးမေးလ်ဖြင့်လည်းကောင်း လျှောက်လွှာများကို အခမဲ့ထုတ်ယူပြီး ၆-၁၁-၂၀၁၅ရက် မွန်းလွဲ ၂း၀၀ နာရီနောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

လူဦးရေကန့်သတ်ထားပါသဖြင့် အတန်းတက်ရောက်ခွင့်ရသူများသည် ၂၇-၁၁-၂၀၁၅ ရက်တွင် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**သင်တန်းအချက်အလက်များသိရှိလိုပါက-**
CVT Myanmar, အမှတ်(၄၂)၊ ကမ်းနားလမ်း၊ ကြက်ခြေနီရုံး၊ တတိယထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ E-mail:cvtcimyanmar@gmail.com, Tel:09-971579306, 09-73166206

ရန်ကုန်မြို့မှာရှိတဲ့ ကျော်ကြားသော စားသောက်ဆိုင် တစ်ဆိုင် ဖြစ်သည့် **"SINGAPORE'S KITCHEN"** မှ ရင်းနှီးမြှုပ်နှံသူများ (သို့မဟုတ်) စီးပွားရေးစပ်တူလုပ်ကိုင်သူများအား ရှာဖွေလျက်ရှိပါသည်။

**အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်မှာ-၀၉-၂၅၀၁၂၀၇၂၂**






Hot Line No-0930500100

# ဧရာဝတီမြစ် ရေကြီးရေလျှံမှုမှ ကာကွယ်ရေးနှင့်ပတ်သက်သည့် လေ့လာဆန်းစစ်ချက်ကို လာရောက်တင်ပြ

**နေပြည်တော် အောက်တိုဘာ ၁၇**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ မြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေး ကျွမ်းကျင်သူအဖွဲ့၊ ရေလွှမ်းမှုထိန်းချုပ်ရေးရုံးနှင့် မိုးခေါင်ရေရှားပါးမှု လျှော့နည်းရေးရုံးချုပ်မှ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ရှုချင်းဖန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းအား ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်အစည်းအဝေးခန်းမ၌ ဧရာဝတီမြစ် ရေကြီးရေလျှံမှုမှ ကာကွယ်ရေးနှင့်ပတ်သက်သည့် လေ့လာဆန်းစစ်ချက်ကို လာရောက်တင်ပြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



ဒုတိယသမ္မတ ဦးညဏ်ထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေးကျွမ်းကျင်သူအဖွဲ့က ဧရာဝတီမြစ် ရေကြီးရေလျှံမှုမှ ကာကွယ်ရေးနှင့်ပတ်သက်သည့် လေ့လာဆန်းစစ်ချက်ကို လာရောက်တင်ပြစဉ်။ (သတင်းစဉ်)

# လေယာဉ်လောင်စာဆီ ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းတွင် ထိုင်းအခြေစိုက်ကုမ္ပဏီတစ်ခုက ကန်ဒေါ်လာ ၂၅ သန်း ရင်းနှီးမြှုပ်နှံမည်

( ဝ ရ ဇိန် )

ပူးမားစွမ်းအင်အုပ်စု(Puma Energy Group) ကုမ္ပဏီနှင့် စွမ်းအင်ဝန်ကြီးဌာနတို့သည် မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာလေဆိပ် အတွက် လေယာဉ်လောင်စာဆီများ ရောင်းချရေးနှင့် ဖြန့်ဖြူးရေး လုပ်ငန်းတွင် ကန်ဒေါ်လာ ၅၀ သန်း ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း Dealstreetasia.com ဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ဖက်စပ်လုပ်ငန်းတွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းက ၅၁ ရာခိုင်နှုန်းနှင့် ထိုင်းအခြေစိုက်ပူးမားစွမ်းအင်အုပ်စုကုမ္ပဏီက ၄၉ ရာခိုင်နှုန်း အသီးသီးပါဝင် ရင်းနှီးမြှုပ်နှံကြမည်ဖြစ်သည်။ ပူးမားစွမ်းအင်အုပ်စုကုမ္ပဏီအနေဖြင့် လေယာဉ်လောင်စာဆီဖြန့်ဖြူးရေး လမ်းကြောင်းများတိုးချဲ့ရန် ကားများဝယ်ယူရေးအပါအဝင် ကန်ဒေါ်လာ ၂၅ သန်းရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်းကမူ ကျန်ရင်းနှီးမြှုပ်နှံမှုပမာဏကို ထည့်ဝင်မည်ဖြစ်ပြီး ၎င်း၏ရင်းနှီးမြှုပ်နှံမှုထဲတွင် ကုန်ကြမ်းပစ္စည်းနှင့် ဝန်ထမ်းတို့ ပါဝင်သည်။

မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာလေဆိပ်အတွက် လေယာဉ်လောင်စာဆီ လိုအပ်မှုမှာ လက်ရှိအနေအထားအရ တစ်ရက်လျှင် ဂါလန် ၅၃၀၀၀ ရှိကြောင်း မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးမြင့်ဇော်က ပြောကြားသည်။ ယင်းဖက်စပ်လုပ်ငန်းမှ တာဝန်ရှိသူများသည် ဓာတ်ငွေ့ပိုက်လိုင်း အဆင့်မြှင့်တင်ရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေး၊ ရေနံသန့်စင်စက်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေနံထွက်ပစ္စည်း ဖြန့်ဖြူးရောင်းချရေးအပါအဝင် ၎င်းတို့၏အစီအမံများကို ဒီဇင်ဘာလတွင်ကျင်းပမည့် အစည်းအဝေး၌ ဆွေးနွေးကြမည်ဖြစ်သည်။ ထို့အပြင် ယင်းအစည်းအဝေး၌ ဂဟေဆော်ခြင်းနှင့် လျှပ်စစ်မီးတပ်ဆင်ပြုပြင်ခြင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျောင်းတစ်ကျောင်းကိုလည်း ရန်ကုန်မြို့တွင် တည်ထောင်ရန် ဆွေးနွေးကြမည်ဟု သိရသည်။

**ယနေ့ မာတိကာ**


လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့နက်သည့် အနည်းဆုံးအခကြေးငွေပြဿနာ — စာမျက်နှာ - ၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဆန္ဒမဲလက်မှတ်များ ထပ်မံရိုက်နှိပ်ပေးရန် အပ်နှံမှုအပေါ် အချိန်မီပုံနှိပ်သွားမည် — စာမျက်နှာ - ၈

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာလလယ်တွင် ထပ်မံကျင်းပမည် — စာမျက်နှာ - ၉




# ရတနာပုံ၏အရှုံးကြောင့် ရန်ကုန်အသင်းချန်ပီယံဖြစ်

**ရန်ကုန် အောက်တိုဘာ ၁၇**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၂၀ ပထမနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ပြန်လည်ကျင်းပသည်။

**(မုံရွာကွင်း)**

ဧယျာရွှေမြေ - တစ်ဂိုး
ရန်ကုန် - တစ်ဂိုး

ဒုတိယနေရာမှ ရတနာပုံအသင်း၏ ရှုံးပွဲကြောင့် ထိပ်ဆုံးမှ ရန်ကုန်အသင်းမှာ လက်ကျန်နှစ်ပွဲအလိုတွင် ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။ ဒုတိယနေရာမှ ရတနာပုံအသင်းမှာ သုံးပွဲကစားရန်ကျန်သေးသော်လည်း ရန်ကုန်အသင်းမှာ ၁၁ မှတ် အသာရထားသောကြောင့် ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းမှာ MNL အမှတ်ပေး ချန်ပီယံဆုကို လေးကြိမ်မြောက်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်အသင်းမှာ ဒဏ်ရာရနေသည့် အသင်းခေါင်းဆောင် ခင်မောင်လွင်မှလွဲ၍ လူစုံပါဝင်ခဲ့ပြီး ဧယျာရွှေမြေအသင်းမှာ နိုင်ငံခြားသားကစားသမား လေးဦးကို အမာခံထားကာ ပြည်တွင်းကစားသမားအချို့ကို အပြောင်းအလဲပြုလုပ်ခဲ့သည်။ ယခုပွဲအနိုင်ရလျှင် ချန်ပီယံဖြစ်မည့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

**သတင်းနှင့် ဓာတ်ပုံ » ရှိုင်းထက်ဇော်**


နတ်ဆေးအလားစွမ်းပကား ရွှေပြည်နန်းနံ့သာဖြူသနပ်ခါး အိမ်တိုင်းထား

ကျွန်မမိတ်ကပ်အမျိုးမျိုးကို ပြောင်းလိမ်းတဲ့အကျင့်ရှိပါတယ်၊ အဲဒီလိုပြောင်းလိမ်းပါများလာတော့ ဓာတ်မတည့်တာတွေကြောင့်လားမသိဘူး. . .၊ ကျွန်မမျက်နှာဟာ မကြာမကြာယားယံလာလို့ မျက်နှာကို စိတ်တိုင်းကျကုတ်မိရာမှ မျက်နှာမှာအသားများပတ်ကာ အရေလန်သလိုမျိုး အဖတ်ဖတ်တွေဖြစ်ပြီး အမည်းကွက်တွေထလာပါတယ်၊ ကျွန်မမျက်နှာကြောင့် အရမ်းအားငယ်မိပါတယ်၊ သိပ်မကြာခင်မှာဘဲ သူငယ်ချင်းတစ်ယောက် ဝယ်လာတဲ့ 'ရွှေပြည်နန်းသနပ်ခါး'ဘူး အစုံကို တွေ့တာနဲ့ ဘာအတွက်ကောင်းတာလဲလို့ မေးကြည့်တဲ့အခါ ရွှေပြည်နန်းသံပရာသနပ်ခါးက သူ့မျက်နှာပေါ်က နေလောင်ထားတဲ့ အမည်းကွက်တွေကို ပျောက်ကင်းစေတဲ့အပြင် လည်ပင်း၊ လက်မောင်း စတဲ့နေရာတွေကိုပါ လိမ်းထားလိုက်တာ သူ့ရဲ့အသားအရေက ဝင်းဝါစိုပြေနေတာပဲလို့ပြောပါတယ်၊ ရွှေပြည်နန်းသနပ်ခါးဟာ အသားအရေမှာဖြစ်တတ်တဲ့ရောဂါမှန်သမျှ ကုစားပေးနိုင်ကြောင်းလည်းပြောရာ ကျွန်မ 'ရွှေပြည်နန်းသနပ်ခါးဘူးတွေထဲက နံ့သာဖြူသနပ်ခါး'လေးကို တစ်ပတ်လောက် မနက်/ည ပုံမှန်စမ်းလိမ်းလိုက်တဲ့အခါ ကျွန်မမျက်နှာပေါ်မှ ယားယံမှုတွေ အနည်းငယ်သက်သာလာပါတယ်၊ အားမလျှော့ဘဲ မနက်/ည ပုံမှန်ဆက်တိုက် လိမ်းလာလိုက်တာ ယားယံမှုတွေ ပျောက်ကင်းသွားတဲ့အပြင် အမည်းစက်တွေပါပျောက်ကင်းလာပြီး ကျွန်မမျက်နှာလေးဖြူစင်ဝင်းပလာတာပါပဲ၊ ကျွန်မအရမ်းကို ဝမ်းသာပျော်ရွှင်ခဲ့ရပါတယ်. . .

ဒေါ်စာစာနွယ်(အလယ်တန်းပြ) အ.လ.က(ခွဲ) ကျေးအင်းထုံးဘို၊ တောင်ငူမြို့၊

အပ်ဆင့်ထောက်ခံသူ ။ ။ ဒေါ်ယဉ်ယဉ်အေး(ကျောင်းအုပ်ဆရာမကြီး) အ.လ.က(ခွဲ) ကျေးအင်းထုံးဘို၊ တောင်ငူမြို့၊



ဒေါ်စာစာနွယ် (အလယ်တန်းပြ)

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈(H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။)


themirror.npt@gmail.com www.facebook.com/themirrordaily